# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဋ္ဌာတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၃ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၄)


# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ပြည်ပကုန်သည်ကြီးများအသင်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အမေရိကန်ကုန်သည်ကြီးများအသင်း၊ သြစတြေးလျကုန်သည်ကြီးများအသင်း၊ ဗြိတိသျှကုန်သည်ကြီးများအသင်း၊ ဥရောပကုန်သည်ကြီးများအသင်းတို့၏ ဖိတ်ကြားချက်အရ အဆိုပါအသင်းများမှ ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**




**တံခါးဖွင့် ထားပြီးဖြစ်**

ယင်းသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် စီမံခန့်ခွဲမှုအသစ်အောက်တွင် ပွင့်လင်းမြင်သာမှုရှိပြီး ဦးဆောင်တက်ကြွသည့်ချဉ်းကပ်မှု (proactive approach) ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ "တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု" များကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သိသာထင်ရှားသော ပြောင်းလဲမှုများ တိုးတက်ဆောင်ရွက်ထားသည်နှင့်အညီ စီးပွားရေးလုပ်ငန်းများအတွက် တံခါးဖွင့်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပိုမိုအရည်အချင်းပြည့်ဝစွာ ဆောင်ရွက်သွားမည့်အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရန်

*စာမျက်နှာ ၈ ကော်လံ ၁* ❖

# YBS-Airport Shuttle Bus အမည်ဖြင့် လေဆိပ်-ဆူးလေ ယာဉ်လိုင်းသစ်ပြေးဆွဲ

ရန်ကုန် ဇွန် ၂၂

**ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် YBS-Airport Shuttle Bus အမည်ဖြင့် လေဆိပ်-ဆူးလေ ယာဉ်လိုင်းအသစ်ကို ယနေ့(ဇွန် -၂၂ရက်) တွင် ယာဉ်အစီးရေ ၁၀ ဖြင့် စတင်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း Omni Focus ကုမ္ပဏီမှ သိရသည်။**




အဆိုပါ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းတောက်ဝင်းက " ဒီနေ့မှာ စတင် ပြေးဆွဲတာပါ၊ ပထမဆုံးရက်ဖြစ်တဲ့အတွက် ယာဉ်စီးခ အခမဲ့ပြေးဆွဲပေးတာပါ၊ လေဆိပ်-ဆူးလေ လွန်းပြန်ယာဉ်အနေနဲ့ ပြေးဆွဲမှာဖြစ်တဲ့အတွက် ယာဉ်လမ်းကြောင်းမှာရှိတဲ့ မှတ်တိုင်အားလုံးရပ်မှာ မဟုတ်ပါဘူး၊ သတ်မှတ်ထားတဲ့မှတ်တိုင်တွေမှာပဲ ရပ်မှာဖြစ်ပါတယ်၊ စုစုပေါင်း ရပ်မယ့်မှတ်တိုင် ၁၈ ခုပဲ ရှိပါတယ်၊ ယာဉ်စီးခကတော့ ပုံသေကျပ် ၅၀၀ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "လေဆိပ်အနီးမှာနေထိုင်တဲ့သူတွေ၊ လေဆိပ်ဝန်ထမ်းတွေနဲ့ ပြည်တွင်း ပြည်ပခရီးသည်တွေအတွက် လိုအပ်ချက်အပေါ် မူတည်ပြီး အဆင်ပြေအောင် ပြေးဆွဲပေးတာဖြစ်ပါတယ်၊ မှတ်တိုင်တိုင်းကို မရပ်တဲ့အတွက် ခရီးသွားလာမှုအတွက် အချိန်ကုန်သက်သာစေမှာ ဖြစ်ပါတယ်၊ လက်ရှိအခြေအနေပေါ် မူတည်ပြီး အဆင်ပြေအောင်၊ အကောင်းဆုံးပုံစံဖြစ်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏


**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း** စာ-၉

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း** စာ-၁၀

**ကိုရီးယားစစ်ပွဲကာလ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်ကြွင်းများကို မိခင်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းရေး ဆွေးနွေး** စာ-၁၄





MOSAWAY
MOSQUITO REPELLENT PATCH

မော့(စ်)အဝေး ခြင် -မလာစတေကာပြား

ခြင်ကိုက်ခြင်းကြောင့် ဖြစ်သော သွေးလွန်တုပ်ကွေးရောဂါ နှင့် ငှက်ဖျားရောဂါကို မော့(စ်)အဝေး ဖြင့် ကာကွယ်ပါ။

- မော့(စ်)အဝေးသည် သစ်ပင်များမှ သဘာဝထွက်အဆီတစ်မျိုးဖြစ်သော Citronella Oil ဖြင့် ပြုလုပ်ထားပြီး လူခန္ဓာအား ဘေးဥပါဒ် ဖြစ်စေမည့် ဓာတုပစ္စည်းများ(လုံးဝ)ကင်းစင်ပါသည်။
- မော့(စ်)အဝေးအား ကိုယ်ခန္ဓာတွင်မဟုတ်ဘဲ သင်၏ ခုတင် စားပွဲ၊ အိတ် (သို့) ဘောင်းဘီ အဝတ်အစားများပေါ်တွင်ကပ်ထားခြင်းဖြင့် ဘေးဥပါဒ် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ပါသည်။
- နောက်ဆုံးပေါ် ခေတ်မီနည်းပညာအသုံးပြုထားသောကြောင့် မော့(စ်)အဝေး ခြင်မလာစတေကာပြားတစ်ပြားသည် (၁၂)နာရီကြာသည် အထိ ကြာရှည်အစွမ်းထက်ပါသည်။
- ခရီးထွက်သောအခါ၌လည်းကောင်း၊ အလည်အပတ် အပျော်သွားရာ၌လည်းကောင်း၊ ဤခြင်မလာစတေကာပြားအား ကပ်ထားခြင်းဖြင့် ခြင်နှင့် အခြားအင်းဆက်ပိုးမွှားကောင်များရန်မှ ကင်းဝေးစေပါသည်။

A A Medical Products Ltd.

မြန်မာ့အလင်း

# စာချုပ်ကတိကဝတ်နှင့် လေးစားလိုက်နာရမည့် တာဝန်ဝတ္တရား

နှစ်ဦးနှစ်ဖက်ကြား သဘောတူစာချုပ် ချုပ်ဆိုပြီးစီးပါက အဆိုပါစာချုပ်၏ သတ်မှတ်ပြဋ္ဌာန်းချက်တို့ကို လေးစားလိုက်နာ အကောင်အထည်ဖော်ရေးသည် နှစ်ဦးနှစ်ဖက်စလုံး၏ တာဝန်ဝတ္တရားဖြစ်ပါသည်။ တစ်ဖက်ဖက်မှ သတ်မှတ်ပြဋ္ဌာန်းချက်အတိုင်း လေးစားလိုက်နာရန် ပျက်ကွက်ပါက ဤသည်မှာ သဘောတူစာချုပ်ကို ချိုးဖောက်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ချိုးဖောက်ခြင်းသည် တရားမျှတသော နိုင်ငံတကာဆက်ဆံရေးစနစ်၏ အခြေခံထောက်တိုင်တစ်တိုင်ကို ရိုက်ချိုးလိုက်ခြင်းသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား နယ်နိမိတ်မျဉ်းအနီး အဆောက်အအုံများ ဆောက်လုပ်ခွင့်မရှိသည့် ဇုန်တစ်ခုထားရှိရန် နှစ်နိုင်ငံစလုံးက သဘောတူပြီးဖြစ်ပါသည်။ သို့သော် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နောက်ပိုင်း ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ နေရပ်စွန့်ခွာလာသူတို့သည် အဆိုပါအဆောက်အအုံများ ဆောက်လုပ်ခွင့်မရှိသည့် တာမြစ်ဇုန်၌ အဆောက်အအုံများ ဆောက်လျက်နေထိုင်လာကြပါသည်။ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ဤတာမြစ်ဇုန်၌ နေရပ်စွန့်ခွာသူများ အခြေချနေထိုင်ခြင်းကို ဟန့်တားရေးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တာဝန်သာ ဖြစ်ပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်အစိုးရသည် လူသားချင်းစာနာထောက်ထားသောအားဖြင့် အဆိုပါနေရပ်စွန့်ခွာ လာကြသူများကို တခြားသော သင့်တော်သည့်နေရာများ၌ ယာယီအခြေချ နေထိုင်ခွင့်ပြုရမည်ဖြစ်ပါသည်။ ဤနေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းသဘောတူညီချက်ရယူပြီး ဖြစ်ပါသည်။

နှစ်နိုင်ငံသဘောတူညီချက်အရ ဤတာမြစ်ဇုန်၌ အခြေချနေထိုင်လျက်ရှိသည့် နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သော သတင်းအချက်အလက်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံသို့ ပေးပို့ရမည်ဖြစ်ပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်နိုင်ငံသဘောတူညီချက်ကို လေးစားလိုက်နာခဲ့ခြင်းမရှိပါ။ လုံခြုံရေးရှုထောင့်အရ အလေးအနက်ထားသုံးသပ်ပါက ဤတာမြစ်ဇုန်အတွင်းရှိ နေရပ်စွန့်ခွာကြသူများအကြား ARSA အကြမ်းဖက်အဖွဲ့ဝင်များ စိမ့်ဝင်ရောနှောနေထိုင်နိုင်သည့် အန္တရာယ်မလွဲမသွေတည်ရှိနေပါသည်။ ဤအချက်သည် ကမ္ဘာတစ်လွှား အစွန်းရောက် အကြမ်းဖက်သမားများအား နှိမ်နင်းရာ၌ အားပျော့ချက်တစ်ရပ်ဖြစ်နေပါသည်။

အထက်၌ တင်ပြထားသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တို့က တာမြစ်ဇုန်အတွင်း တဲအသစ်များ တိုးချဲ့ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းပေးရန် ဆွေးနွေးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဤနေရပ်စွန့်ခွာသူများအတွက် ရိက္ခာများလာရောက်ပေးပို့ရာ၌ လုံခြုံရေးအရ လိုက်ပါဆောင်ရွက်ပေးမှုတို့ကို ကန့်ကွက်ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တို့က ၎င်းတို့အနေဖြင့် ဤသို့ရိက္ခာများပေးပို့ခဲ့ခြင်းမရှိ၊ ရိက္ခာများ ပေးပို့ခဲ့သူများမှာ ကမ္ဘာ့အဖွဲ့အစည်းများသာဖြစ်သည်ဟု ပြောဆိုခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ရပ်တည်ချက်သည် နေရပ်စွန့်ခွာသွားသူများအတွက် ရိက္ခာပေးပို့ထောက်ပံ့ခြင်းကို တစ်စုံတစ်ရာ တားမြစ်ဟန့်တားရန်မဟုတ်၊ ကမ္ဘာ့အဖွဲ့အစည်းများ အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့် ဤတာမြစ်ဇုန်ပြင်ပ၌သာ နေရပ်စွန့်ခွာသူများကို လက်ခံ၍ ရိက္ခာအပါအဝင် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ပြုလုပ်ပေးရန်သာ တောင်းဆိုခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးအား အမှန်တကယ် ပံ့ပိုးကူညီဖြေရှင်းရန် လိုလားသည့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စာချုပ်ပါ ကတိကဝတ်အတိုင်း လေးစားလိုက်နာမှုမရှိခြင်းကို ဝေဖန်ထောက်ပြရန် တာဝန်ရှိပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေး




**ယင်းမာပင် ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးစီစဉ်ကျင်းပသော ပထမဆုံးအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီက ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာအုပ်စု ရင်ပေါင်တိုင်ကျေးရွာ ဆုတောင်းပြည့် ရွှေတန်းဆာ မြတ်စွာဘုရားဝင်းအတွင်း ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းရီတို့က အမှာစကားများ ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်ကိုယ်စား ဒုတိယဦးစီးမှူး ဦးကုဋ္ဌေစည်သူနှင့် ခရိုင်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်စိုးတို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းနိုင်၊ မြို့နယ် တိ/ကု ဒုတိယဦးစီးမှူး ဒေါက်တာအေးမို့မို့ထွေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မာချိုတို့က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေးတို့နှင့် ပတ်သက်၍ ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ရင်ပေါင်တိုင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းနှင့် ရင်ပေါင်တိုင်၊ အေးကုန်း၊ နုံးတန်း၊ ပြာအိုး၊ ညောင်တန်း စသည့် ကျေးရွာငါးရွာရှိ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးလင်းရေး၊ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင် ကောင်းမွန်ချောမွေ့စေရေး၊ ရွာတွင်းလမ်းများ ကောင်းမွန်စေရေး စသည့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ရေဝတီမြစ်ကမ်း ထိန်းသိမ်းကာကွယ်ရေးစီမံကိန်းဆောင်ရွက်ရန် ဆွေးနွေး

**ညောင်တုန်း ဇွန် ၂၂**

မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Develop 2 Build Programme အရ ညောင်တုန်းမြို့နယ်ရှိ ရေဝတီမြစ်ကမ်း ထိန်းသိမ်းကာကွယ်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်သာလန်နိုင်ငံသား Mr. Robbert Correlis Steijn ပါဝင်သော အဖွဲ့အစည်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ညောင်တုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်နီနီမိုးနှင့် ဦးကျော်ဆန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အုန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် နယ်သာလန်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ညောင်တုန်းမြို့နယ်အတွင်း ရေတိုက်စားခြင်းနှင့် မြစ်ကမ်းပါးပြိုခြင်းများ ကာကွယ်ရန်၊ မြစ်ချောင်းများ ကာကွယ်ရေးနှင့် ပတ်သက်၍ စီမံကိန်း၏ရည်ရွယ်ချက်များ၊ ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကမ်းပြို/ကမ်းစားအန္တရာယ်များအား ဖြေရှင်းရမည့် နည်းလမ်းများ၊ မြစ်ကြောင်းနှင့်ပတ်သက်ပြီး အင်ဂျင်နီယာဆိုင်ရာလေ့လာရမည့် အစီအမံများကို ရှင်းလင်းခဲ့ပြီး သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေး၌ ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် ပြပွဲဖွင့်

**မန္တလေး ဇွန် ၂၂**

ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် မူးယစ်ဆိုင်ရာ ပန်းချီပြခန်း စာအုပ်စာစောင်ပြပွဲကို ယမန်နေ့က မန္တလေးခရိုင် Community Center ၌ ကျင်းပသည်။

အခမ်းအနားကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတိုင်းဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ ပြည်ကြီးတံခွန်မြို့နယ်ပညာရေးမှူး ဒေါ်ချို့နွယ်ဦးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ပန်းချီပြိုင်ပွဲတွင် ခေါင်းစဉ်ငါးခုဖြင့် ယှဉ်ပြိုင်၍ ပထမ၊ ဒုတိယ၊တတိယဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန် ဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

ဒေသအလိုက်အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသောသီးနှံများအတွက် မျိုးသန့်မျိုးစေ့များလုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်ကို ကျယ်ပြန့်စွာ လိုက်နာကျင့်သုံးလာစေရန်နှင့် စိုက်ပျိုးရေးသွင်းအားစုများ အတုအပကင်းစင်ရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်ဝစေရေးအတွက် ဥပဒေနည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေးပညာပေး စိစစ်ကြပ်မတ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်အားထုတ်ကြိုးပမ်းကြရန် လိုအပ်ကြောင်း ယမန်နေ့က နေပြည်တော်ရုံးအမှတ် ၄၃ တွင် ကျင်းပသည့် စိုက်ပျိုးနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဆွေးနွေး ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ်ကို နည်းပညာဖွံ့ဖြိုးရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ပုံမှန်ဆောင်ရွက်လျက်ရှိသည့် တောင်သူပညာပေးလုပ်ငန်းများသာမက ခေတ်မီနည်းပညာအသစ်များကို ထိရောက်စွာ အသုံးချလုပ်ကိုင်နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သော နည်းပညာပေးလုပ်ငန်းများဖွံ့ဖြိုးလာရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်အကျိုးရှိစွာအသုံးချဆောင်ရွက်ရေး၊ ပညာရှင်ဆန်ပြီး နည်းပညာအပြည့်အဝပေးနိုင်သော တောင်သူများ လက်တွေ့လိုက်နာဆောင်ရွက်နိုင်မည့် စံပြနည်းပညာပေးစိုက်ကွင်းများပေါ်ထွက်လာရေး၊ စိုက်ပျိုးရေးရှေ့တန်းစခန်းများကို ပိုမိုအသက်ဝင်သည့် နည်းပညာပြန့်ပွားရေးစင်တာများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးစသည့် စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ညွှန်ကြားရေးမှူးချုပ်က အသေးစိတ်မှာကြားဆွေးနွေးသည်။



ညှိနှိုင်းဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးချုပ်ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဦးစီးမှူးများ တက်ရောက်ဆွေးနွေးကြသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ကမ္ဘာ့ပို့ဆောင်ရေးညီလာခံ(WTC - 2018) သို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်အဝေးပြေး ပို့ဆောင်ရေးအသင်းကြီး၏ ဖိတ်ကြားချက်အရ ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ တရုတ်အမျိုးသား ကွန်ဗင်းရှင်းစင်တာ (CNCC) ၌ ကျင်းပသည့် World Transport Convention 2018 (WTC - 2018) သို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ကမ္ဘာ့ပို့ဆောင်ရေးညီလာခံ (WTC-2018) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ညီလာခံနှင့်တစ်ဆက်တည်းကျင်းပသည့် Belt and Road International Transport Symposia (BRITS) သို့ တက်ရောက်၍ Belt and road Initiative and Myanmar ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

အဆိုပါ ကမ္ဘာ့ပို့ဆောင်ရေးညီလာခံ ၂၀၁၈ (WTC -2018) သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် သက်ဆိုင်သည့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး ညီလာခံနှင့်တစ်ဆက်တည်း သက်ဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ခေါင်းစဉ်ငယ် ၁၃ ခု ခွဲ၍ သီးခြားစီ ကျင်းပခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈ / ၂၀၁၈)ကြိမ်မြောက်အစည်းအဝေးမှ လုပ်ငန်း(၄)ခု ခွင့်ပြုရန်ဆုံးဖြတ်

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(၈/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် ရှစ်ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ( ၄ ) ခုနှင့် အတည်ပြုမိန့် (၄)ခု ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၂၂**

မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **မိုး/ဇလ**

## ရမ်းဗြဲ၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ဆုချီးမြှင့်

**စစ်တွေ ဇွန် ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်းရှိ စာစစ်ဌာနများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီတွင် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်း အောင်ချက်တိုးတက်လာမှုအခြေအနေ၊ မသမာမှုကင်းရှင်းပြီး ထူးချွန်စွာထက်မြက်သည့် ကျောင်းသားလူငယ်များ ပေါ်ပေါက်လာစေရန်အတွက် ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပူးပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများကလည်း



ဆုရ ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ် အောင်မြင်မှုကို ဂုဏ်ယူပြီး မြို့နယ်၏ အောင်ချက်မြင့်မားလာရေးအတွက် ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ရခိုင်ပြည်နယ်၏ ပညာရေးတိုးတက်မြင့်မားလာရေးအတွက် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ပညာရေးမှူးက မြို့နယ်၏ပညာရေးအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာတွဲတွင် အဆင့် ခုနစ်ရရှိပြီး ရခိုင်ပြည်နယ်တွင် ဝိဇ္ဇာတွဲပထမဆုရရှိသော မောင်ထွန်းထွန်းဝေ အား ရွှေစင်တစ်ကျပ်သားအား သီးခြားဂုဏ်ပြုချီးမြှင့်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးတင်ရွှေက အောင်ချက်အကောင်းဆုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကျောင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ကြသည်။ ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်ရှိ စာစစ်ဌာနများမှ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၇ ဦး ထွက်ရှိပေါ်ပေါက်ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ဇွန် ၂၀ ရက် ညနေပိုင်းကလည်း ကျောက်ဖြူမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး စိုင်ခြုံကျေးရွာလမ်း၊ သိုင်းချောင်း၊ ဆင်ပုတ်လမ်း၊ ဇင်းချောင်း၊ ကင်းကျေးရွာသွားလမ်းတို့အား ရေကြီးရေလျှံဖြစ်ပွားကာ လမ်းများ၊ တံတားများပျက်စီးမှုတို့ကို ပြန်လည်ပြုပြင်နိုင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**❏ ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ကြီးကြပ်မှုဖြင့် Omni Focus ကုမ္ပဏီက တာဝန်ယူပြေးဆွဲပေးခြင်း ဖြစ်သည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်လုပ်ကိုင်သူ ရန်ကင်းမြို့နယ်နေ ဦးဇော်သိန်းက "ကျွန်တော့်အနေနဲ့ကတော့ လေဆိပ်ကနေ မြန်မာပလာဇာအထိ စီးလို့ရတယ်၊ အဲဒီကနေ နောက်ထပ်တစ်ဆင့် ပြောင်းပြီးစီးရမှာပါ၊ အရင်တုန်းကတော့ လေဆိပ်ကနေ ဆယ်မိုင်ကုန်းအထိ ဟိုက်ဂျက်ကားလေးတွေကို နှစ်ရာပေးပြီး စီးရတယ်၊ အဲဒီကနေ YBS ကိုနှစ်ဆင့်လောက် ထပ်စီးရတာပါ၊ အခုတော့ အဆင်ပြေသွားပါပြီ၊ ဒါပေမယ့် နောက်ရက်တွေကျရင်တော့ ယာဉ်စီးခက ပုံသေ ငါးရာဆိုတော့ နောက်တစ်ဆင့် ကားပြောင်းစီးရမယ့်သူတွေအတွက်ကတော့ နည်းနည်းများတယ်လို့ မြင်ပါတယ်၊ ကျွန်တော်တို့လို အမြဲတမ်းစီးမယ့် လေဆိပ်ဝန်ထမ်းတွေအတွက် ဈေးနှုန်းတစ်ခု သတ်မှတ်ပြီး ကတ်စနစ်နဲ့ လုပ်ပေးရင် ပိုကောင်းမှာပါ"ဟု ပြောသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ ကြံခင်းစုရပ်ကွက်နေ ဦးကျော်မြင့်က "အရင်တုန်းကဆိုရင် လေဆိပ်ကနေ ဆယ်မိုင်ကုန်း၊ ဆယ်မိုင်ကုန်းကနေတစ်ဆင့် မြို့ထဲကို အဆင်ပြေတဲ့ကားစီးပြီး သွားရတာပါ၊ နှစ်ဆင့်၊ သုံးဆင့်လောက်စီးမှမြို့ထဲကို ရောက်ပါတယ်၊ အခုလို ပြေးဆွဲပေးတော့ တော်တော်အဆင်ပြေသွားပါတယ်၊ ယာဉ်စီးခ ပုံသေ ငါးရာဆိုတာကတော့ ကျွန်တော်တို့လို လေဆိပ်နားမှာနေတဲ့သူတွေအတွက် အဆင်ပြေပါတယ်၊ လမ်းတက် လမ်းဆင်းတွေအတွက်ကတော့ အနည်းငယ်များမယ်လို့ မြင်ပါတယ်" ဟု ပြောသည်။

စတင်ပြေးဆွဲရာတွင် ယာဉ်အစီးရေ ၃၀ ဖြင့် စမ်းသပ်ပြေးဆွဲပေးလျက်ရှိပြီး နောက်ပိုင်းတွင် ခရီးသည်စီးနင်းမှုအရ လိုအပ်ချက်များရှိပါက ယာဉ်အစီးရေ ၅၀ အထိ တိုးချဲ့ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း သိရသည်။

ခရီးသည်များအတွက် ဝန်ဆောင်မှု အပိုင်းကို အဆိုပါကုမ္ပဏီက တာဝန်ယူ ပြေးဆွဲပေးလျက်ရှိသော YBS-20၊ 83၊ 56 ယာဉ်လိုင်းများကဲ့သို့ ခရီးသည်များ စိတ်ကျေနပ်မှုရှိစေရန် ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း ဦးထွန်းတောက်ဝင်းက ဆိုသည်။

အဆိုပါယာဉ်လိုင်း၌ ပြေးဆွဲမည့်ယာဉ်များတွင် YBS တံဆိပ်ပါရှိမည်ဖြစ်သော်လည်း ယာဉ်လိုင်းနံပါတ် မပါရှိဘဲ Airport Shuttle Bus အမည်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ယင်းသို့ပြေးဆွဲရာတွင် ခရီးသည်များ၏ ခရီးဆောင်အိတ်များနှင့် လက်ဆွဲအိတ်များအတွက် အခကြေးငွေပေးဆောင်ရန်မလိုသော်လည်း အနံ့အသက်ပြင်းသည့် အထုပ်အပိုးများနှင့် ကုန်စိမ်းကဲ့သို့ အိတ်များ၊ ခြင်းတောင်းများကို လုံးဝတင်ဆောင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ယနေ့ပြေးဆွဲရာတွင် သိရှိသူနည်းပါးသေးသည့်အတွက် ခရီးသည်လိုက်ပါစီးနင်းမှုမှာလည်း နည်းပါးလျက်ရှိကြောင်း၊ စီးနင်းလိုက်ပါသူ အများစုမှာ လေဆိပ်မှတ်တိုင်မှဖြစ်ပြီး ကြားမှတ်တိုင်များမှ စီးနင်းသူ နည်းပါးနေသေးကြောင်း Airport Shuttle Bus ယာဉ်မောင်း ဦးကျော်ကျော်ဝင်းက ဆိုသည်။

အဆိုပါယာဉ်လိုင်း၏ အသွားမှတ်တိုင်များအဖြစ် လေဆိပ်၊ (၈)မိုင်၊ နဝဒေး၊ ကမ္ဘာအေးဘုရား၊ လမ်းနီ၊ ဟာမစ်တစ်၊ ရွှေဂုံတိုင်၊ ဗဟန်း(၃)လမ်း၊ ကျောက်တိုင်မှတ်တိုင်၊ ယောက်လမ်း၊ ဆူးလေတို့ဖြစ်ပြီး အပြန်မှတ်တိုင်များအဖြစ် ဆူးလေ၊ ဘုတာကြီး၊ တိရစ္ဆာန်ဥယျာဉ်၊ ဗဟန်း(၃)လမ်း၊ ရွှေဂုံတိုင်၊ လမ်းနီ၊ ကမ္ဘာအေးဘုရား၊ နဝဒေး၊ (၈)မိုင်၊ လေဆိပ်တို့ဖြစ်သည်။

အလားတူ ဖြတ်သန်းသွားလာမည့် လမ်းများမှာ လေဆိပ်အဝင်လမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်လမ်း၊ အလံပြဘုရားလမ်းနှင့် ဆူးလေဘုရားလမ်းတို့ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ပြေးဆွဲနေသည့် YBS ယာဉ်လိုင်း ၉၆ လိုင်းအထိရှိပြီး ထပ်မံ၍လည်း ရန်ကုန်မြို့ရှိ ပညာရေးတက္ကသိုလ်များကို အခြေပြု၍ ယာဉ်လိုင်းအသစ်များ တိုးချဲ့ပြေးဆွဲသွားရန်စီစဉ်ထားကြောင်း YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်ထံမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၂၂

**စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တက်ရောက်ဆွေးနွေးသည်။** (ယာပုံ)

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အဓိကသီးနှံများ၏ စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၁၈-၂၀၁၉ စိုက်ပျိုးထုတ်လုပ်မှု လျာထားချက်များ၊ ဌာနမျိုးသန့်ခြံများမှ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ဆောင်ရွက်နေမှုများနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူများအား မျိုးစေ့ထုတ်သမဝါယမအသင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လူသားအရင်းအမြစ်များ မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုလုပ်ငန်းများ၊ ရေကြီးနစ်မြုပ်မှုနှင့် သဘာဝဘေးဆိုင်ရာများအတွက် အရန်မျိုးစုဆောင်းထားရှိခြင်းနှင့် ဌာနမှပံ့ပိုးပေးရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အစားအစာလုံခြုံစိတ်ချရန်အတွက် ပိုးသတ်ဆေးခါတ်ကြွင်းအာနိသင်များ ကင်းစင်ရေး၊ မိမိတို့ထုတ်လုပ်သည့် လယ်ယာထွက်ကုန်များသည် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် တောင်သူများ၊ ဆက်နွှယ်နေသောရောင်းဝယ်ဖောက်ကားသူများသိရှိနားလည် လိုက်နာကျင့်သုံးလာအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)စံနှုန်းကို စနစ်တကျ လိုက်နာဆောင်ရွက်ရေးအတွက် နည်းပညာပြန့်ပွားရေးဆောင်ရွက်ရာတွင် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တွဲဖက်လုပ်ဆောင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံပိုင်ခြံများစိုက်ကွင်းများအနေဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မိမိတို့စီမံခန့်ခွဲခွင့်ရှိသော စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယခုနှစ်နွေစပါးရာသီတွင် နိုင်ငံတစ်ဝန်း၌ နွေစပါးဧက ၂ ဒသမ ၇ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဧက နှစ်သိန်းကျော် ရိတ်သိမ်းပြီးစီးမှုအပေါ်တွင် တစ်ဧကအထွက်နှုန်း ၉၂ ဒသမ ၉၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

မိုးစပါးရာသီတွင် စပါးမျိုးစေ့ထုတ်လုပ်သူများအသင်း ၁၀၃ သင်းမှ ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပြီး



မျိုးစေ့ထုတ်အသင်းများ (Seed Grower Association) များကို မျိုးစေ့ထုတ်သမဝါယမအသင်းများ(Seed Grower Cooperation)အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခု၊ မြို့နယ် ၉၃ ခုတွင် အသင်းသားပေါင်း ၂၂၅၀ ဖြင့် အသင်းပေါင်း ၁၀၈ သင်း ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

၂၀၁၇-၂၀၁၈ ခုနှစ် ဆောင်းရာသီတွင် မျိုးစေ့ထုတ်လုပ်ငန်းအနေဖြင့် ဆီထွက်သီးနှံဧက ၁၃၀၀နှင့် ပဲမျိုးစုံသီးနှံ ၃၄၇၇ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကာ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီတွင် စပါးသီးနှံ ၇၆၁၂၀ ဧက၊ ဆီထွက်သီးနှံ ၁၁၂၂ ဧကနှင့် ပဲမျိုးစုံသီးနှံ ၃၇၈၅ ဧက မျိုးစေ့ထုတ်ရန် လျာထားဆောင်ရွက်မည်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု တိုးတက်ရေးနှင့် သုံးစွဲမှုမြင့်တက်လာရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပုဂံမြို့၌ မြန်မာ့ရိုးရာ အစားအစာပြပွဲ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ဦးဆောင်မှု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့ရိုးရာအစားအစာပြပွဲကို ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ပုဂံမြို့ရှိ လောကနန္ဒာဘုရားပရိဝုဏ်၌ကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဌာနမှတာဝန်ရှိသူများ၊ ညောင်ဦးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)နှင့် (မန္တလေးဇုန်)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ (ဝဲပုံ)




**မြန်မာအစားအစာများ ပြသ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာအစားအစာပြပွဲကို Green Season ကာလအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုတစ်ရပ်အနေဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာအစားအစာများကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသို့ မြှင့်တင်ကြော်ငြာနိုင်ရန်အတွက် လည်းကောင်း ကျင်းပခြင်းဖြစ်ပြီး ပါဝင်ပြသမည့် မြန်မာ့ရိုးရာ အစားအစာများအား သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ပြသကြစေလိုပါကြောင်း၊ မြန်မာ့ရိုးရာအစားအစာပြပွဲ စည်စည်ကားကား ကျင်းပနိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေ လိုပါကြောင်းနှင့် မြန်မာ့ရိုးရာအစားအစာပြပွဲကို ပုဂံမြို့တွင် နှစ်စဉ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းတို့က မြန်မာ့ရိုးရာအစားအစာပြပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပုဂံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထွဋ်ဦးက ပြပွဲဆိုင်ရာစီစဉ်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

**အစားအစာပြပွဲကျင်းပနိုင်ရေး ဆောင်ရွက်**

ဆက်လက်၍ ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား ခရီးသွားမြှင့်တင်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇေယျာမျိုးအောင်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အစားအစာပြပွဲ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစားအစာပြပွဲတွင် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ကယားနှင့် ရှမ်းအစရှိသည့် ဟိုတယ်ဇုန်ငါးခုမှ ရိုးရာအစားအစာများအား ပြခန်း ၂၀ တွင် ပြင်ဆင်ချက်ပြုတ်ခင်းကျင်းပြသရန် လျာထားဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ပါဝင်ပြသလိုသူများအား ဆက်သွယ်ဆောင်ရွက်နိုင်ရေး မြှင့်တင်ကြော်ငြာသွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာအစားအစာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်ဖြူ၌ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၂၀၃၉၄ သိန်း ထုတ်ချေးပြီးဖြစ်

**ပွင့်ဖြူ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို တောင်သူများအား မေ ၁၇ ရက်မှစတင်ကာ ထုတ်ချေးပေးလျက်ရှိရာ ဇွန် ၂၂ ရက်အထိ ကျပ်သိန်းပေါင်း ၂၀၃၉၄ သိန်း ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာ ဦးစန်းလွင်ထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ထုတ်ချေးပေးရမည့် ကျေးရွာပေါင်း ၅၀ ရှိပြီး တောင်သူဦးရေပေါင်း ၁၁၉၉၈ ဦးရှိပါတယ်၊ ဒီနှစ်ချေးငွေ ထုတ်ချေးမှုစနစ်က တောင်သူတစ်ဦးချင်းအလိုက် လယ်ယာမြေပုံစံ(၇) မူရင်းတင်ပြနိုင်သူအား မိမိချေးငွေ မိမိတာဝန်ယူတဲ့ အာမခံစနစ်နဲ့ ထုတ်ချေးဆောင်ရွက်ပေးတာ ဖြစ်ပါတယ်၊ ထုတ်ချေးတဲ့ ချေးငွေနှုန်းထားကတော့ စပါးသီးနှံအတွက် တစ်ဧက ငွေကျပ်တစ်သိန်းခွဲဖြစ်ပြီး အခြားသီးနှံစိုက်ပျိုးမှုအတွက် တစ်ဧက ငွေကျပ်ငါးသောင်းဖြစ်ပါတယ်၊ ယခုဆိုရင် ကျေးရွာပေါင်း ၂၀ မှ တောင်သူဦးရေပေါင်း ၃၀၃၁ ဦးကို နှမ်းစိုက်ဧက ၁၃၅၆ ဧက၊ စပါးစိုက်ဧက ၁၃၁၄၄ ဧက၊ စုစုပေါင်းသီးနှံစိုက်ဧက ၁၄၅၀၀ အတွက် စုစုပေါင်း ချေးငွေသိန်းပေါင်း ၂၀၃၉၄ သိန်း ထုတ်ချေးပြီးစီးသွားပါပြီ၊ ကျန်ရှိတဲ့ကျေးရွာမှ တောင်သူတွေကိုလည်း ရုံးဖွင့်ရက်တိုင်း ဆက်လက်ထုတ်ချေးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ဘဏ်မန်နေဂျာ ဦးစန်းလွင်၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ငပလီမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**သံတွဲ ဇွန် ၂၂**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ငပလီမြို့ အထက(ငပလီ)ကျောင်းရှေ့ရှိ မြေနေရာတွင် ဇွန် ၁၉ ရက် နံနက်က ခရိုင် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ သံတွဲတပ်နယ်၊ ခေတ္တတပ်နယ်မှူး ဗိုလ်မှူး ထွန်းမင်းအေး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်ဝန်ထမ်းများ စုပေါင်း၍ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မိုင်စံခြား၊ စိန်ပန်း၊ ပျဉ်းမအစရှိသည့်ပျိုးပင်ပေါင်း ၇၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာများသို့ လက်တွေ့ကွင်းဆင်း

**နွားထိုးကြီး ဇွန် ၂၂**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် နွားထိုးကြီးမြို့နယ်အတွင်း ကွင်းဆင်းလေ့လာရန် ယနေ့ မွန်းလွဲပိုင်းက နွားထိုးကြီးမြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါအဖွဲ့ကို ပါမောက္ခဒေါက်တာ အောင်အောင် ဦးစီးပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပဉ္စမနှစ် ကျောင်းသား ကျောင်းသူ ၂၆၄ ဦး၊ ကြီးကြပ်သူ ဆရာ၊ ဆရာမ ၂၄ ဦးတို့ဖြင့်စုဖွဲ့၍ လာရောက်ခြင်းဖြစ်ကြောင်း၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ညောင်ပင်၊ခက်လန်း၊ ဇီးတော၊ လက်ပန်၊ ခံစပ်ကုန်း၊ ဒေါင့်ဘိုး၊ ဖလံကုန်း၊ အောင်ပန်းကုန်း၊ ဝက်လူး၊ ပဲချက်၊ တောဇောက်၊ မြဝတီကျေးရွာ ၁၂ ရွာတွင် အဖွဲ့ ၁၂ ဖွဲ့ခွဲကာ ယနေ့မှစ၍ ဇွန် ၂၆ ရက်ထိ ငါးရက်ကြာ ကွင်းဆင်းလေ့လာကြမည်ဖြစ်ကြောင်း ၎င်းအဖွဲ့မှ ဆေးခန်းဆိုင်ရာ ပညာရပ်များအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ နှင်းရည်စိုးက ပြောသည်။



ကွင်းဆင်းလေ့လာမည့် ကျောင်းသားများအတွက် ပါမောက္ခဒေါက်တာ နှင်းရည်စိုးက အသင်းအလံနှင့် လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများအပြင် ပညာပေးဟောပြောခြင်းနှင့် လူမှုစီးပွားအချက်အလက် ကောက်ယူခြင်းများလည်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် နှစ်အလိုက် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

ပညာရေးဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် နှစ်အလိုက် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ကဏ္ဍ ၉ ရပ် သတ်မှတ်ဖော်ထုတ်ပြီး ဦးစားပေးလုပ်ငန်း ၁၂ ရပ် ချမှတ်ကာ ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ NESP အရ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးအဆင့်တိုင်းတွင် မည်သည့်ခွဲခြားမှုမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး၊ ကျောင်းထွက်သူမရှိစေရေး၊ ကျား၊ မ တန်းတူညီမျှမှုရှိရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း အရည်အသွေးရှိသော ပညာရေးပြုပြင်ပြောင်းလဲမှု ပိုမိုအားကောင်းစေရေးအတွက် ကျောင်းသားကျောင်းသူများအား လူသားကောင်းများဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်စေရန်၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်စေရန်၊ တီထွင်ဆန်းသစ် ဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်လာစေရန် ပြုစုပျိုးထောင် သင်ကြားသင်ယူလေ့ကျင့်ပေးခြင်းလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာရေးသာမက နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းများ၊ အဆင့်မြင့်ပညာရေးလုပ်ငန်းများနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရေးကို ဦးတည်ပြီးအရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ရာတွင် ယခင် စီမံကိန်းများရေးဆွဲခဲ့ခြင်းနှင့် မတူဘဲ NESP တွင် နှစ်အလိုက် ရည်မှန်းလျာထားချက်များထားရှိပြီး ဦးစီးဌာနများ၏ နှစ်စဉ်အကောင်အထည်ဖော်ပြီးစီးမှု လုပ်ငန်းစွမ်းဆောင်ရည်ကို လေ့လာသုံးသပ်မှုများ ပြုလုပ်ပြီး အစီရင်ခံခြင်းဖြစ်ပါကြောင်း၊ နှစ်အလိုက် ပြန်လည်သုံးသပ်ခြင်းဖြင့် ရလဒ်များ သိရှိရုံသာမက စွမ်းဆောင်မှုအရင်းအမြစ်နှင့် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကို သိရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲသည် NESP ၏ ဒုတိယနှစ် နှစ်အလိုက် စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲမှရရှိမည့် အကြံပြုချက်များကို (၈)ကြိမ်မြောက် ပညာရေးနှင့် နည်းပညာနှင့်သက်မွေးပညာကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးတွင် တင်ပြ၍ အကြံပြုချက်များ ဆက်လက်ရယူကာ NESP ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန)၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဒေါက်တာ စိုင်းကျော်နိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် အဓိကမျှော်မှန်းရလဒ်များကိုတင်ပြပြီး အခြေခံပညာကဏ္ဍလုပ်ငန်းအဖွဲ့၊ သင်ရိုးညွှန်းတမ်းနှင့် ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းကဏ္ဍလုပ်ငန်းအဖွဲ့၊ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုကဏ္ဍလုပ်ငန်းအဖွဲ့၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍလုပ်ငန်းအဖွဲ့၊ အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းအဖွဲ့၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကဏ္ဍလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့်အရည်အသွေးအာမခံမှုကဏ္ဍလုပ်ငန်းအဖွဲ့တို့မှ ကဏ္ဍအလိုက် တက်ရောက်သူများက အုပ်စုဖွဲ့ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီတို့မှ ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး အဆိုပါဆွေးနွေးပွဲကို ဇွန် ၂၀ ရက်မှ ယနေ့အထိ ၃ ရက်တာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီး ဒေါ်စန်းစန်းယုမိသားစုနှင့် ပညာရေးဝန်ကြီးဌာန မိသားစုများက အလှူငွေကျပ် ၂၂၀၉၅၀၀ ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးစိုးအောင်က လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဇွန် ၂၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀ ဒသမ ၃၉သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၆ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၆ ဒသမ ၉၄ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၆ ဒသမ ၇၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၈၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆၃ ဒသမ ၆၆ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀၂၀ ဒသမ ၆၀ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၀၆ ဒသမ ၇၂ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၄၆ ဒသမ ၆၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၉၀ ဒသမ ၂၇သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈၃၆ ဒသမ ၉၁ သန်းတင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၇၂ ဒသမ ၆၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၀၁ ဒသမ ၂၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၆၇၃ ဒသမ ၈၉ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၅၁၀ ဒသမ ၈၀ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၈၃၆ ဒသမ ၉၈ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# Mytel မှ စာသင်ကျောင်း ၅၀၀၀ ကျော်အား အင်တာနက်အခမဲ့ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးမည်

**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အော်ပရေတာ တစ်ခုဖြစ်သည့် Telecom International Myanmar Company Limited (Mytel)မှ တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးတာဝါတိုင် ၅၀၀၀ ကျော် တပ်ဆင်တည်ဆောက်ထားပြီး Mytel သုံးစွဲသူ တစ်သန်းကျော်ရှိသွားပြီဖြစ်ကာ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း Mytel မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ပြောသည်။



ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပသည့် Mytel က နိုင်ငံတော်သို့ အခွန်ပေးဆောင်နေမှု၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သုံးစွဲသူ Customer များအား ဝန်ဆောင်မှုပေးနေခြင်းတို့နှင့်စပ်လျဉ်းပြီး စာနယ်ဇင်းရှင်းလင်းပွဲတွင် Mytel မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ထပ်မံ၍ ပြင်ပတွင် Mytel နှင့် ပတ်သက်ပြီးထွက်ပေါ်နေသည့် သတင်းများနှင့်စပ်လျဉ်းပြီး ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက "Mytel က အခွန်မပေးဘဲ ဈေးလျှော့ရောင်းနေတယ်ဆိုပြီးပြောကြတယ်၊ တခြားရင်းနှီးမြှုပ်နှံမှုလုပ်နေတဲ့ ကုမ္ပဏီတွေအတိုင်းပဲ အခွန်ပေးရပါတယ်၊ ဈေးလျှော့ရောင်းတယ် ဆိုတာကလည်း ဈေးကွက်ကို အခုမှစဝင်လာတဲ့အတွက် အော်ပရေတာအသစ်ဝင်လာရင် ဈေးလျှော့ရောင်းချခွင့်ပေးထားတဲ့အတွက် ဈေးလျှော့ရောင်းတာပါ၊ ဈေးကွက်ကို မထိခိုက်နိုင်တဲ့ ဈေးပဲရောင်းတာပါ"ဟု Mytel မှ ပြင်ပဆက်ဆံရေး အရာရှိချုပ် ဦးဇော်မင်းဦး က ပြောသည်။

Mytel အနေဖြင့် ၀၉၆၉ နှင့် စသည့် ဖုန်းနံပါတ်ဂဏန်းများကိုလည်း ကိုယ်တိုင်ရွေးချယ်ထားခြင်းမရှိဘဲ နောက်ဆုံးဝင်ရောက်လာသည့် အော်ပရေတာတစ်ခု ဖြစ်သည့်အတွက် ကျန်ရှိနေသည့် နံပါတ်များကိုသာ ရယူခြင်းဖြစ်ကြောင်း Mytel မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ပြောသည်။

Mytel မှ လူမှုအကျိုးပြုလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ အပါအဝင် ပညာရေးနှင့်နီးနွယ်သည့် စာသင်ကျောင်း ၅၀၀၀ ကျော်အား အင်တာနက် အခမဲ့အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန်အထိ စာသင်ကျောင်း ၁၃ ကျောင်းအား အင်တာနက်အသုံးပြုနိုင်ရန် တပ်ဆင်ပေးပြီးဖြစ်ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

"Mytel အနေနဲ့ CSR ကဏ္ဍမှာ ပညာရေးကို အထူးအာရုံစိုက်ထားတယ်၊ အဓိက ဘတ်ဂျက်မတတ်နိုင်တဲ့ ကျောင်းတွေ အင်တာနက်အခမဲ့ လုပ်ပေးမယ်၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကျောင်းတွေကိုလည်း အင်တာနက် အခမဲ့တပ်ဆင်ပေးသွားမယ်" ဟု ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ပြောသည်။

Mytelသည် 2G နှင့် 4G စနစ်ကို အထောက်အပံ့ပေးထားပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် 4G ကွန်ရက်ကိုပံ့ပိုးပေးနိုင်သည့် တစ်ခုတည်းသော အော်ပရေတာဖြစ်ကာ တစ်နိုင်ငံလုံး ဖိုက်ဘာကေဘယ်လ် ကီလိုမီတာ ၃၀၀၀၀ တပ်ဆင်နိုင်ခဲ့၍ မြန်မာတစ်နိုင်ငံလုံးရှိ Fiber Optic အခြေခံအဆောက်အအုံ တပ်ဆင်မှုအားလုံး၏ ၅၀ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း Mytel မှ သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**

# သံယောဇဉ်ဖြတ်ကြပါစို့

မောင်ခိုင်မာ(အထက်မင်းလှ)

ယနေ့ကမ္ဘာကြီးဝယ် ဆေးရွက်ကြီးကို သောက်ရှူစားစသဖြင့် နည်းမျိုးစုံသုံးစွဲခြင်းကြောင့် ကျန်းမာရေးပြဿနာ ဖြစ်ပွားရသည့်အပြင် မူးယစ်ဆေးဝါးအထိ အဆင့်တက်သွားနိုင်သည့် အခြေအနေများကို ကာကွယ်တားဆီးရန်နှင့် ဆေးရွက်ကြီး အလွဲသုံးခြင်း၏ အန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့်သတိမူလာစေရန်မှာ နိုင်ငံတိုင်းအတွက် အရေးတကြီး ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်လာခဲ့ပြီ ဖြစ်သည်။

လူသားတို့ဆေးလိပ်သောက်ခဲ့ကြသည်မှာ နှစ်ထောင်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ကမ္ဘာတစ်ခွင်တွင် ဆေးလိပ်သောက်သည့် အလေ့အထကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၅၀၀၀ ကာလလောက်ကတည်းကတွေ့ရသည်ဆို၏။ အမှန်စင်စစ်အားဖြင့် "မူးယစ်ဆေးအစဆေးလိပ်က" ဟူသည့်အတိုင်း ဆေးလိပ်သောက်ခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အခြေခံအကျဆုံးသော ရိုးရှင်းသည့် ပုံစံဖြစ်သည်။ ဆေးရွက်ကြီးကို အတောင့်အလိပ်ပုံစံဖြင့် ဆေးလိပ်သောက်၍ သောက်(ရှူ)ခြင်းက လူကြိုက်အများဆုံးဖြစ်ပြီး ကမ္ဘာတစ်ခွင်ဝယ် သုံးစွဲမှုအများဆုံးပုံစံဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များက စီးကရက်နှင့် ဆေးရွက်ကြီး အရောင်းမြှင့်တင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတစ်ခုတည်းမှာပင် ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံ သုံးစွဲသည်ဟုဆိုသည်။

**ဆေးလိပ်၏ သမိုင်းကြောင်း**

ဆေးရွက်ကြီးကို အမေရိကတိုက်တွင် BC 6000 ခန့်ကလည်းကောင်း၊ ဆေးရွက်ကြီး သုံးစွဲမှုကို BC 1 ခန့်ကလည်းကောင်း တွေ့ရှိရသည်ဟု ပညာရှင်တို့ကဆိုသည်။ နယ်မြေသစ်ရှာဖွေသူကိုလံဘတ် (Christopher Columbus)က ၁၄၉၂ခုနှစ်တွင် အမေရိကတိုက်ရှိ ဗဟားမားကျွန်းသို့ရောက်ရှိစဉ် ကျွန်းသားများက သစ်ရွက်တစ်မျိုး(ဆေးရွက်ကြီး)ကို မီးရှို့ပြီး ရှူရှိုက်နေသည်ကို မြင်တွေ့ရာမှစတင်ကြောင်း၊ ၎င်းကိုယ်တိုင်က နှစ်သက်သည်ဖြစ်၍ မျိုးစေ့များကို ဥရောပတိုက်သို့ သယ်လာကြောင်း၊ စပိန်ဆရာဝန် "ဖရန်စစ္စကို ဟာနန်ဒက်"သည်မက္ကဆီကိုနိုင်ငံသို့ သံတမန်အဖြစ်သွားရောက်ခဲ့ရာမှ ဆေးရွက်ကြီးပင်ကို ဥရောတိုက်သို့ သယ်လာကြောင်း၊ ပြင်သစ်လူမျိုး ပေါ်တူကီသံအမတ် "ဇန်းနီကော" (Jean Nocot de Villeman)က ပြင်သစ်ဘုရင်မ၏ မယ်တော် ခေါင်းတစ်ခြမ်းကိုက်ဝေဒနာအတွက် ဆက်သခဲ့ကြောင်း၊ ဆေးရွက်ကြီးတွင်ပါဝင်သော အာနိသင်( နီကိုတင်းဓာတ်)သည် အဆိုပါ သံအမတ်ကြီး၏အမည်ကို အစွဲပြု၍ မှည့်ခေါ် ခြင်းဖြစ်ကြောင်း သိရသည်။ ဆေးရွက်ကြီးသည် တစ်ရာသီခံ အရွက်ကြီးမျိုးဖြစ်သည်။ အရိုင်းမျိုးဖြစ်သော Nocotiana rustica နှင့် Nocotiana Tabacum (အယဉ်မျိုး) ဟူ၍ နှစ်မျိုးရှိသည်။ အယဉ်မျိုးသည် အပင် အရပ်ပိုရှည်သည်။ ဆေးရွက်ကြီးစိုက်ပျိုးသည့် နိုင်ငံ ၁၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံသည် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

၁၆၆၄ ခုနှစ်မှ ၁၆၆၆ ခုနှစ်များအတွင်း အင်္ဂလန်နိုင်ငံ၌ ပလိပ်ရောဂါမှ ကာကွယ်ရန် ဆေးတံရှူရှိုက်စေခဲ့ကြောင်း၊ ၁၀ ရာစုခန့်တွင် ပေါ်တူဂီနှင့် အင်္ဂလန်နိုင်ငံတို့တွင် စက္ကူဖြင့် ဆေးလိပ်သောက်သည့် ဓလေ့ထွန်းကားခဲ့ကြောင်း၊ "စီးကရက်" ဟူသော ဝေါဟာရကို ပြင်သစ်နိုင်ငံမှ စတင်ခဲ့ကြောင်း၊ ၁၈၅၃ တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ပထမဦးဆုံးသော စီးကရက်စက်ရုံ ပေါ်ထွန်းခဲ့ကြောင်း၊ ၁၉၁၃ တွင် R.J Reynolds ကုမ္ပဏီမှ Camels အမှတ်တံဆိပ် စီးကရက်သည် ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ထုတ်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ သည့်နောက်ပိုင်းတွင် ကမ္ဘာတစ်ဝန်း ပျံ့နှံ့လာကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာသက္ကရာဇ် ၉၉၁ သာလွန်မင်းတရားကြီးလက်ထက်တွင် ဆေးလိပ်သောက်ဆေး စတင်ရောက်ရှိခဲ့ကြောင်း၊ မြန်မာ သက္ကရာဇ် ၁၁၂၈ တွင် ဆင်ဖြူရှင်မင်းတရားကြီးသည် ဒွါရာဝတီကို အောင်နိုင်ပြီးနောက် ယိုးဒယားလူမျိုးတို့ ငှက်ပျောဖက်ဆေးလိပ်သောက်သည်ကို အတုယူကာ မြန်မာစစ်သည်တို့က ဖက်ဆေးလိပ်များ ပြုလုပ်သုံးစွဲခဲ့ကြောင်း၊ ပထမကမ္ဘာစစ်ပြီးစလောက်တွင် မြန်မာနိုင်ငံသို့ စီးကရက်များ စတင်ရောက်ရှိလာပြီး ဒုတိယကမ္ဘာစစ်အပြီးတွင် သုံးစွဲမှုကျယ်ပြန့်လာကြောင်း၊ ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဗားဂျီးနီးယားဆေးစီးကရက် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

**ဆေးလိပ်သောက်သုံးမှု**

အမေရိကန်၊ ဗြိတိန်နှင့် ဂျပန်သုတေသီများ ပါဝင်သော သုတေသနအဖွဲ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသော ကျန်းမာရေး အဖွဲ့အစည်းများ၏ အစီရင်ခံစာ ၂၈၀၀ ကျော် အပေါ်အခြေခံလျက် စစ်တမ်းထုတ်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် နိုင်ငံ ၁၉၅ နိုင်ငံနှင့် အခြားသောနယ်မြေဒေသရှိ လူပေါင်း ၉၃၃ သန်းခန့်သည် နေ့စဉ်နှင့်အမျှ ဆေးလိပ်သောက်သုံးလျက်ရှိကြောင်းကို (၅-၄-၂၀၁၇)ရက်နေ့ထုတ် The Lancet ဆေးပညာပေးဂျာနယ်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။ ၂၀၁၀ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်အရ လူပေါင်း ၁ ဒသမ ၂ ဘီလီယံသည် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ တိုးတက်သုံးစွဲမှုအရ ၅၀ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၁ ဒသမ ၆ ဘီလီယံအထိ သောက်သုံးလာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လေ့လာချက်များအရ ဆေးလိပ်သောက်သုံးမှု ၂၆ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရပြီး အမျိုးသား ၄၄ ရာခိုင်နှုန်း၊ အမျိုးသမီး ၈ ရာခိုင်နှုန်းသည် လက်ရှိသောက်သုံးနေသူများဖြစ်သကဲ့သို့ Smokeless Tobacco ဟုခေါ်သော ဆေးရွက်ကြီးပါသည့် ကွမ်းသုံးစွဲမှုသည် ၄၃ ရာခိုင်နှုန်းခန့်ရှိပြီး အမျိုးသား ၆၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၂၄ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထို့အတူ စီးကရက်နှင့် ဆေးလိပ်ဝယ်ယူသောက်သုံးသူ ၆၃ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်အောက်လူငယ်များဖြစ်ပြီး ကျောင်းသားသုံးဦးတွင် တစ်ဦးက အိမ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးကြောင်း၊ ကျောင်းသား ၁၀ ဦးတွင် သုံးဦးက တားမြစ်နေရာမှာပင် ဆေးလိပ်သောက်သုံးနေကြကြောင်း ၂၀၁၆ ခုနှစ်က

**"စီးကရက်နှင့် ဆေးလိပ်ဝယ်ယူသောက်သုံးသူ ၆၃ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်အောက်လူငယ်များဖြစ်ပြီး ကျောင်းသားသုံးဦးတွင် တစ်ဦးက အိမ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးကြောင်း၊ ကျောင်းသား ၁၀ ဦးတွင် သုံးဦးက တားမြစ်နေရာမှာပင် ဆေးလိပ် သောက်သုံးနေကြကြောင်း"**

ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် WHO တို့ ပူးပေါင်းလေ့လာဆန်းစစ်မှုအရ ကျောင်းသား ကျောင်းသူ (အသက် ၁၃ နှစ်မှ ၁၅ နှစ်အောက်)များ ဆေးလိပ်သောက်သုံးမှု ၁၄ ရာခိုင်နှုန်း(ဆေးလိပ် ၈ ဒသမ ၃ ရာခိုင်နှုန်း+ ဆေးရွက်ကြီးထွက်ပစ္စည်း ၅ ဒသမ ၇ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

**ဆေးလိပ်၏ ဆိုးကျိုး**

စီးကရက်မှ ထွက်သော ဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်း အမယ်ပေါင်း ၄၀၀၀ ကျော်နှင့် မသတ်မှတ်နိုင်သေးသော အမျိုးအစားများလည်းပါဝင်ပြီး ၆၀ သည် ကင်ဆာရောဂါဖြစ်စေသည်ဟု ၁၉၈၆ တွင် စတင်သိရှိပြီး ၁၉၉၂ ခုနှစ်တွင် ဆေးလိပ်ကို ကင်ဆာဖြစ်စေသည့် အဓိကဓာတုပစ္စည်းအဖြစ် သတ်မှတ်ခဲ့သည်။ ဆေးလိပ်တစ်လိပ်ကို မီးရှို့လျှင် အပူချိန် ၈၅ ဒသမ ၉၅ ဒီဂရီစင်တီဂရိတ်ဖြင့် လောင်ကျွမ်းကြောင်း၊ ဆေးလိပ်မီးခိုးတွင် ပါဝင်သော အမှုန်ကလေးများ MMAD အချင်း ၀ ဒသမ ၂ မှ ၀ ဒသမ ၃ မိုက်ခရိုမီတာရှိကြောင်း၊ ယင်းတို့သည် ရာနှုန်းပြည့်စိုထိုင်းဆရှိသော အသက်ရှူလမ်းကြောင်းထဲသို့ ရောက်သောအခါ ၁ မိုက်ခရိုမီတာခန့်ရှိသော အမှုန်ငယ်များအဖြစ် ပေါင်းစပ်ဖြစ်ပေါ်လာကြောင်း၊ ဆေးလိပ်သောက်ရှူသွင်းလိုက်သော မီးခိုးငွေ့တွင် ပါဝင်သည့် ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသော အမှုန်ခဲကလေးများသည် အသက်ရှူလမ်းကြောင်းအတွင်း ကပ်ငြိကျန်ရစ်နေကြောင်း၊ စီးကရက်တစ်လိပ် မီးလောင်ခြင်းမှ ၃ (သို့မဟုတ်) ၄ မီလီဂရမ်ရှိ ညိုဝါရောင် ကတ္တရာခေါ် ဆေးဂျီး(ချေး)နှင့် ၁ မီလီဂရမ်ရှိ နီကိုတင်းတို့ကို ထုတ်လုပ်ပေးကြောင်း သိရသည်။

ဆေးလိပ်တွင် အဓိကကျသော အဆိပ်သုံးမျိုးမှာ (၁)နီကိုတင်း (Nicotine) (ယင်းဓာတ်သည် သွေးထဲသို့ ချက်ချင်းရောက်ရှိသွားပြီး သောက်သုံးသူအား စွဲလမ်းစေကြောင်း၊ စီးကရက်တစ်လိပ်တွင် နီကိုတင်း 1 mg ပါဝင်ကြောင်း၊ ထိုပမာဏသည် သွေးကြောထဲတွင် တစ်ကြိမ်ထိုးသွင်းပါက ချက်ချင်း သေစေနိုင်ကြောင်း သိရသည်။) (၂) ကာဗွန်မိုနောက်ဆိုဒ် (Carbon-monoxide)(စီးကရက်ကို ဖွာရှိုက်လိုက်ပါက အဆုတ်မှတစ်ဆင့် သွေးကြောထဲသို့ ယင်းဓာတ်ရောက်ရှိသွားပြီး အောက်ဆီဂျင်အစား အစားထိုးနေရာယူသဖြင့် နှလုံးနှင့် သွေးကြောများတွင် ရောဂါဖြစ်စေကြောင်း သိရသည်) (၃) ကတ္တရာ (သို့မဟုတ်)ဆေးဂျီး(ချေး) Tar (၎င်းဓာတ်သည် အဆုတ်ကို ထိခိုက်စေကြောင်း၊ ဖော်မယ်လ်ဒီဟိုက် (Formaldehyde)၊ အမိုးနီးယား (Ammonia)နှင့် ဘင်ဇင်း (Benzene) ဓာတ်တို့သည်လည်း အဆိပ်ဓာတ်များ ဖြစ်ကြောင်း သိရသည်။

ဆေးလိပ်သောက်သုံးခြင်းဖြင့် အဆုတ်ကင်ဆာအဖြစ်များကြောင်း၊ အဓိကရသော ရောဂါများမှာ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါတို့ဖြစ်သည်။ ဆေးလိပ်သောက်သုံးသူများတွင် လက်နှင့် ခြေထောက်များဆီသို့ သွား



သောသွေးကြောများမှာ ဆေးလိပ်သောက်ရှူမှု သက်တမ်းများလာသည်နှင့်အမျှ ကျဉ်းမြောင်းလာကာ နောက်ဆုံးတွင် Buerger (ဘားဂါး) ခေါ် သွေးကြောပိတ်ရောဂါ ခံစားရပြီး ခြေချောင်း၊ လက်ချောင်းများကို ဖြတ်ရသည်အထိ ဖြစ်နိုင်ပါသည်။ ဆေးလိပ်သောက်သူ အမျိုးသားများအဖို့ သွေးကြောကျဉ်းပြီး လိင်အင်္ဂါသို့ သွေးလျှောက်မှုကို အဟန့်အတားဖြစ်စေသဖြင့် အိမ်ထောင်ရေးသုခအပြည့်အဝ မခံစားရခြင်း၊ သားသမီးမရနိုင်ခြင်းများလည်း ဖြစ်တတ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအဖို့ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း (သို့မဟုတ်) တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်းကြောင့် ကိုယ်ဝန်ပျက်ကျခြင်း၊ သားအိမ်ပြင်ပ၌ သန္ဓေတွယ်ခြင်း၊ ကလေးအသေမွေးခြင်း၊ ကလေးပေါင်ချိန် မပြည့်ဘဲမွေးခြင်း၊ ကိုယ်လက်အင်္ဂါမစုံလင်ဘဲ မွေးခြင်း၊ လမစေ့ဘဲ မွေးခြင်း စသည်တို့ ဖြစ်ပွားတတ်ပါသည်။

ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲ ပတ်ဝန်းကျင်ရှိ ဆေးလိပ်သောက်သူက ရှူထုတ် (Exhale)လိုက်သော ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသူ (Passive Smoker သို့မဟုတ် Second hand Smoker သို့မဟုတ် Involuntary Smoker) များသည်လည်း ကိုယ်တိုင်သောက်သုံးသူ အသုံးပြုသော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံအစရှိသည်တို့မှ ထွက်ပေါ်လာသည့် ပင်မဆေးလိပ်ငွေ့(Mainstream Smoke)မှ တစ်ဆင့်ဘေးသို့ ပျံ့နှံ့သွားသော ဆေးလိပ်ငွေ့(Sidestream Smoke) ကို ရှူရှိုက်မိသဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ အလယ် နားစည်ရောဂါများနှင့် ကိုယ်ဝန်ဆောင်မိခင်က ရှူရှိုက်မိသဖြင့် မွေးလာသည့် ကလေး ဒုက္ခရောက်ခြင်းများ၊ ဆေးလိပ်ငွေ့ရှူရှိုက် နေရသော ကလေးငယ်များသည် သွားပိုးစားခြင်း၊ သွားပေါက်ဖြစ်ခြင်း (Tooth Cavity)များ ဖြစ်တတ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၄ ခုနှစ် ခန့်မှန်းချက်များအရ နှစ်စဉ်လူဦးရေခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုများကြောင့် ဖြစ်ပွားသည့်ရောဂါများဖြင့် သေဆုံးလျက်ရှိပြီး ၎င်းတို့အထဲမှ ခြောက်သိန်းကျော်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ သက္ကရာဇ် ၂၀၃၀ တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် လူရှစ်သန်းကျော် သေဆုံးမည်ဟု ခန့်မှန်းရပြီး ၎င်းအနက်မှ ၈၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ကပေးသော ဆိုးကျိုးကြောင့် ၂၀ ရာစုတွင် လူသန်းပေါင်း ၁၀၀ သေဆုံးခဲ့ရပြီး ၂၁ ရာစုတွင် လူသန်းပေါင်း ၁၀၀၀ အသက်ဆုံးရှုံး မည်ဖြစ်ကြောင်း ဆို၏။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း "မကူးစက်တတ်သော ရောဂါများဟာ ကူးစက်တတ်သော ရောဂါများနဲ့အပြိုင် ကမ္ဘာသူ ကမ္ဘာသားများ အထူးသဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံအများစုမှာ နေထိုင်ကြသူများအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေတဲ့ ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပါတယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အစီရင်ခံစာများအရ ကျွန်မတို့ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်အတွင်း သေဆုံးသူအားလုံးရဲ့၅၉ ရာခိုင်နှုန်းဟာ အဲဒီ မကူးစက်တတ်သော ရောဂါများကြောင့် ဖြစ်တယ်လို့ ဖော်ပြထားပါတယ်၊ ကူးစက်တတ်သော ရောဂါတွေနဲ့ ပတ်သက်ပြီး မဖြစ်ပွားအောင် ကာကွယ်ရေးလုပ်ငန်းများ၊ ဖြစ်ပွားလာရင် ထိရောက်သော ကုသမှုများ ဆောင်ရွက်ပေးနေသကဲ့သို့ မကူးစက်တတ်သော ရောဂါများကိုလည်း ကာကွယ်ထိန်းချုပ်သွားဖို့ လိုအပ်ပါတယ်၊ ယနေ့ မြန်မာနိုင်ငံမှာ လူငယ်လူရွယ်များ၊ အမျိုးသမီးများ၊ အမျိုးသားများ အပါအဝင် ပြည်သူပြည်သားများအကြား ဆေးလိပ်သောက်ခြင်းနဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းမျိုးစုံ ပါဝင်တဲ့ ကွမ်းယာကို နေ့စဉ်အဆက်မပြတ် သုံးစွဲခြင်းတို့ တိုးတက်များပြားလာနေတာကို သတိပြုမိကြမှာဖြစ်ပါတယ်" ဟု ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတစ်ဆင့် လူထုလှုံ့ဆော်ပွဲ စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနား ၁၁-၉-၂၀၁၇ သို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

**အီး-စီးကရက်**

ဆေးလိပ်ဖြတ်လိုသူများအတွက်ဟုဆိုကာ ၂၃-၄-၂၀၁၄ တွင် ချီကာဂို၌ စမ်းသပ်ထုတ်ဖော်ခဲ့သော အီး-စီးကရက် ခေါ် လျှပ်စစ် စီးကရက်(Electronic Cigarettes) သည် လူသိနည်းသော ရုတ်တရက်ပေါက်ကွဲစေတတ်သည့် အန္တရာယ်ရှိပြီး Toxicant ခေါ် အဆိပ်အတောက်ဖြစ်စေသော အငွေ့များ ပါဝင်နိုင်သဖြင့် WHO ကစစ်ဆေးရန် ညွှန်ကြားထားကြောင်း သိရသည်။

**မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်**

မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၃-၁၀-၂၀၀၃ တွင် သဘောတူလက်မှတ်ရေးထိုးပြီး ၂၀-၄-၂၀၀၄ တွင် အတည်ပြုခဲ့သည်။ ၄-၅-၂၀၀၆ တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့သည်။ ၁၅-၃-၂၀၁၂ တွင် အမိန့်ကြော်ငြာစာ အမှတ် (၁၁၆/၂၀၁၂)ဖြင့် ကုန်သွယ်လုပ်ငန်းခွန်တိုးမြှင့်ကောက်ခံခဲ့သည်။ ထို့အပြင် ၂၀၁၇ ခုနှစ် ပြည်ထောင်စု အကောက်ခွန် ဥပဒေအရ ဆေးလိပ်တစ်ဘူးရောင်းဈေး ငွေကျပ် ၄၀၀ အထိ ဖြစ်လျှင် တစ်လိပ်ချင်းအပေါ်မှ လေးကျပ်ကောက်ခံရန် တိုးမြှင့်ခဲ့သည်။ ကျောင်းများတွင် ပညာပေးဆွေးနွေးသည်။ ဆေးလိပ်ထုပ်တိုင်း၏ မျက်နှာပြင်တွင် ဆေးလိပ်အန္တရာယ်ဖော်ပြသော ရုပ်ပုံနှင့် သတိပေးစာသားများဖော်ပြရန် ညွှန်ကြားခဲ့သည်။

**သံယောဇဉ်ဖြတ်ကြပါစို့**

ကုလသမဂ္ဂ၏ ပြည်ထောင်စုနှစ်သစ်အတွက် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးပန်းတိုင် (Sustainable Development Goals-SDGs) ၁၇ ရပ်အနက် ပန်းတိုင် ၃ တွင် "လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး" (Goal 3-Ensure healthy Lives and Prmote Well-being for all at all Ages.) ဖော်ပြထားရာ လူတိုင်း၏ ကျန်းမာရေးအတွက် ကျွန်ုပ်တို့အားလုံးက ဆေးလိပ်ငွေ့ကင်းစင်သော ကမ္ဘာမြေ တည်ဆောက်ဖို့ လိုပါမည်။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့အားလုံးသည် ဤကမ္ဘာတွင် ဆေးလိပ်သောက်သုံးခြင်းကို လုံးဝသည်းမခံဘဲ သံယောဇဉ်ဖြတ်ကြဖို့ရန် အချိန်တန်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပါ သက်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား နားလည်မှုစာချွန်လွှာပါ သက်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက UEHRD ပြည်ထောင်စုစီမံကိန်းပေါ်ပေါက်လာခဲ့ပြီး ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရသစ်တာဝန်ယူစကပင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လုံခြုံရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံသား ဖြစ်ရေးလုပ်ငန်းကော်မတီ၊ နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ စသည့်ကော်မတီလေးခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် အင်တိုက်အားတိုက်ဖြင့် အာရုံစိုက်ပုံဖော်ဆောင်ရွက်လျက်ရှိသော်လည်း အခက်အခဲများစွာရှိပါကြောင်း၊ UEHRD မှတစ်ဆင့် မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်း၊ ပြည်ပ အသင်းအဖွဲ့များ၏ အကူအညီကိုရရှိခဲ့ပြီး ယင်းတို့ထဲကတစ်ခုအနေဖြင့် အိန္ဒိယက တစ်နှစ်ကို အမေရိကန် ဒေါ်လာငါးသန်းဖြင့် ငါးနှစ်အတွက် စုစုပေါင်း ငွေကျပ် ၂၅ သန်း ထောက်ပံ့မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်နယ်အစိုးရကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများက အကျေအလည် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နားလည်မှုစာချွန်လွှာပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာန အသီးသီးမှ အဆိုပြုတင်ပြထားသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့အေးက ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေး ပြောကြားသည်။ တင်ပြလာမှုများအပေါ် ဒုတိယဝန်ကြီး ဦးစိုးအောင်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ အမ်း-ပဒဲကြော-မအီ လမ်းတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်း၊ တံတားများ ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဒဲကြောရွာအဝင် ကွန်ကရစ်တံတား၏ ကြံ့ခိုင်မှုနှင့် တံတားရေလမ်းကြောင်းအခြေအနေများ၊ မိုင်တိုင်အမှတ် ၂၀/၇ ပဒဲကြောရွာအနီးတွင် ရေတိုက်စား၍ Box Culvert ပျက်စီးသွားသဖြင့် ဆက်သွယ်မှု မပြတ်တောက်စေရန် ပေ ၉၀ အရှည် ယာယီဘေလီတံတား တည်ဆောက်နေမှု အခြေအနေများ၊ တောင်ကုတ်-မအီလမ်း မိုင်တိုင် ၃၀/၅ တွင် လမ်းရေကျော်၍ လမ်းသားပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားအဝင်အထွက်များတွင် ကမ်းကပ်ခုံနှင့် လမ်းတာပေါင်များ ရေထိုးစားနေပါက ရေကာတန်းများ စနစ်တကျရိုက်၍ ရေလမ်းကြောင်းပြောင်းပေးရန်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် မြစ်ချောင်းများအတွင်း မြေစာများပို့ချ၍ ချောင်းမျက်နှာပြင်နှင့် မြစ်ကြမ်းပြင်များ မြင့်တက်လာသဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများကြောင့် လမ်းတံတားများ ပျက်စီးလာနိုင်မှုအခြေအနေတို့ကို ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားသည်။ ဆက်လက်၍ တောင်ကုတ်-သံတွဲ-ငပလီ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးသွားသော လမ်း၊ တံတားများအား ပြည်သူများ သွားလာနိုင်ရေးအတွက် အမြန်ပြုပြင်သွားကြရန်မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဇွန် ၂၁ ရက်တွင် သံတွဲ-ဂွ-ငါးသိုင်းချောင်း လမ်းတွင် ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှု အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ ၃ ကီလိုမီတာနှင့် ၁၃ ကီလိုမီတာတွင် နိုင်မင်းကုမ္ပဏီမှ မြေထိန်းနံရံ ဆောင်ရွက်နေမှု၊ ၁၈ ကီလိုမီတာတွင် Box Culvert တည်ဆောက်နေမှု၊ ၉၉ ကီလိုမီတာနှင့် ၁၀၀ ကီလိုမီတာကြားတွင် Royal Golden Power Company မှ မြေထိန်းနံရံတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကမ္ဘာ့ဘဏ် အစီအစဉ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများအတွက် နည်းပညာများ မျှဝေပေးစေရန်၊ ကွန်ကရစ်ဘိုးပိုင်လုပ်ငန်းများ သတ်မှတ်အနက်ရရှိသည်အထိ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် စေတနာထားဆောင်ရွက်ကြရန် မှာကြားခဲ့ကာ လမ်းကြောင်းတစ်လျှောက် လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်သူရ၊ ဟန်လင်းနိုင်**

✪ *ကျောဖုံးမှ*

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ တတိယနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းစ၍ မဏိရတနာကျောက်စိမ်းခန်းမအပေါ်ထပ်၌ ခင်ကျင်းပြသထားသည့် အခြေခံဈေး ယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် ကျောက်မျက်အတွဲများကို ၎င်းတို့စိတ်ကြိုက်လွတ်လပ်စွာ လှည့်လည်ကြည့်ရှုစစ်ဆေး ရွေးချယ်မှတ်သားကြပြီး ကျောက်မျက်အတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့အတူ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပေါ်ထပ်နှင့် သတ်မှတ်ဇရိယာအလိုက် ခင်ကျင်းပြသထားသည့် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အရိုင်းထည် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အချောထည် ကျောက်စိမ်းအတွဲများကို ၎င်းတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုစစ်ဆေး ရွေးချယ်မှတ်သားကြရာ တာဝန်ရှိသူများက လိုက်လံကြီးကြပ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်**

အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် အထက် တန်ဖိုးသတ်မှတ်သည့် အရိုင်းထည် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အချောထည် ကျောက်စိမ်းအတွဲများကို ဇွန် ၂၄ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁၁၅၀ အထိ၊ ဇွန် ၂၅ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁၁၅၁ မှ ၂၃၀၀ အထိ၊ ဇွန် ၂၆ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ၊ ဇွန် ၂၇ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၃၄၅၁ မှ ၄၆၀၀ အထိ၊ ဇွန် ၂၈ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၄၆၀၁ မှ ၅၇၅၀ အထိ၊ ဇွန် ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၅၇၅၁ မှ ၆၇၉၅ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် မြန်မာနိုင်ငံအတွင်း တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ရတနာပြပွဲ ၁၁ ပွဲ၊ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ရတနာပြပွဲ ၁၄ ပွဲ၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရတနာပြပွဲ ၂၁ ပွဲ၊ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ရတနာပြပွဲ ၃၅ ပွဲ၊ ၂၀၁၁ ခုနှစ်မှစတင်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ရတနာပြပွဲ ၁၁ ပွဲ စုစုပေါင်း ရတနာပြပွဲ ၉၂ ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၁၉၆၄ ခုနှစ် ပထမအကြိမ်မှ ၁၉၉၃ ခုနှစ် အကြိမ်(၃၀)မြောက် ရတနာပြပွဲအထိ ရတနာပြပွဲ ၃၁ ပွဲကို ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် လည်းကောင်း၊ ၁၉၉၃ ခုနှစ် နှစ်လယ်ရတနာပြပွဲမှစ၍ ၂၀၀၆ ခုနှစ် (၄၃)ကြိမ်မြောက် ရတနာပြပွဲအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် လည်းကောင်း၊ ၂၀၀၆ ခုနှစ် အထူးရောင်းချပွဲမှ ၂၀၁၀ ပြည့်နှစ် အထူးရောင်းချပွဲအထိ ရတနာပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် စတင် ပြောင်းရွှေ့ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအထိ နိုင်ငံခြားငွေဖြင့် ရောင်းချသော ရတနာပြပွဲ ၁၃ ပွဲနှင့် ပြည်တွင်းသုံးကျပ်ငွေဖြင့် ရောင်းချပွဲခြောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်းနှင့် ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲသည် ၉၃ ပွဲမြောက်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲကို တရုတ်၊ ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ရတနာကုန်သည်များ လာရောက်ကြရာ တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး ပြည်တွင်းရတနာကုန်သည် ၁၂၀၀ ကျော်နှင့် ပြည်ပ ရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်လျက်ရှိသည်။

**မော်စီ(သတင်းစဉ်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခြင်းနှင့် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**မြေပြင်လှည့်ကင်းဆောင်ရွက်**

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက်တွင် နယ်ခြားမှတ်တိုင် ၄၄ မှ ၄၅ အထိနှင့် နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် နယ်ခြားမှတ်တိုင် ၄၅ မှ ၄၆ အထိလည်းကောင်း၊ ဇွန် ၁၈ ရက်တွင် နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိ လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် နယ်ခြားမှတ်တိုင် ၄၆ မှ ၄၇ အထိနှင့် နယ်ခြားမှတ်တိုင် ၃၈ မှ ၃၉ အထိလည်းကောင်း၊ ဇွန် ၂၁ ရက်တွင် နယ်ခြားမှတ်တိုင် ၄၇ မှ ၄၈ အထိလည်းကောင်း မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရေကြောင်းကင်းလှည့်ခြင်းဆောင်ရွက်**

ထို့ပြင် နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၄ ကြိမ်၊ မတ်လတွင် ခုနစ်ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၁၀ ကြိမ် စုစုပေါင်း ၄၇ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်းငါးကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး "ယခုအချိန်သည် မြန်မာ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန်" ဟု ပြောကြားခဲ့သည်။

ကုန်သည်ကြီးများအသင်းများမှ ကိုယ်စားလှယ်များကလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် သုံးသပ်ရှုမြင်မှုများ၊ တည်ရှိနေသည့် စိန်ခေါ်မှုများနှင့် အစိုးရအနေဖြင့် ဖြေရှင်းပေးသင့်သည့်အချက်များကို ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြခဲ့သည့်အပြင် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်လိုပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မိတ်ဖက်အကျိုးတူစီးပွားတည်ဆောက်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ဒေသခံပြည်သူတစ်ဦးအနေနဲ့ ကျေနပ်ပျော်ရွှင်မှုကို ခံစားရမိပါတယ် " ဟု ပြောသည်။

ရန်ကုန်နှင့် ဒလ ဘက်ကမ်းခရီးစဉ်တွင် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၃၀၀ ကျသင့်မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀ ကျသင့်မည်ဖြစ်ကြောင်းလည်း သိရသည်။ အဆိုပါသင်္ဘော၌ ခရီးစဉ်တစ်ခေါက်လျှင် ခရီးသည် စုစုပေါင်း ၁၀၃ ဦးခန့် လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

ရန်ကုန်ရေကြောင်းဘတ်စ်မြစ်တွင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းသည် ပြည်သူများလုံခြုံချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် သမတဆိပ်ကမ်းမှ ဗိုလ်တထောင်ဆိပ်ကမ်း၊ အုံ့ကြီးဆိပ်ကမ်းမှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ နံနက်ပိုင်း ခရီးစဉ်တွင် နံနက် ၆ နာရီ မိနစ် ၂၀ မှ စတင်ပြီး နံနက် ၉နာရီခွဲအထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ညနေပိုင်းခရီးစဉ်အဖြစ် ဗိုလ်တထောင်ဆိပ်ကမ်းမှ သမတဆိပ်ကမ်း၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ အုံ့ကြီးဆိပ်ကမ်းတို့သို့ ညနေ ၄ နာရီ မှ ည ၇ နာရီ ၁၀ မိနစ်အထိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**





အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်

"ဦးစွာနားထောင်ပါ"


# ပြည်ပသို့ ငါးကြင်းနှင့် ငါးမြစ်ချင်းတင်ပို့မှု ရပ်နားထားပြီး ပြည်တွင်းဈေးကွက်သို့ ငါးဈေးကြီးနှစ်ဈေးမှ ဖြန့်ချိလျက်ရှိ

ရန်ကုန် ဇွန် ၂၂

**မြန်မာပြည်တစ်ဝန်းနှင့် တောင်ပေါ်၊ နယ်စပ်ဒေသများပါမကျန် ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင်ငါးဈေးနှင့် ရွှေပိတောက်ငါးဈေးတို့မှ ရေချို၊ ရေငန်ငါးတို့ကို တင်ပို့ရောင်းချလျက်ရှိရာ ပြည်ပသို့တင်ပို့သော ငါးမြစ်ချင်းနှင့် ငါးကြင်းများရပ်နားထားပြီး ယခုလို မိုးရာသီတွင် ပင်လယ်ငါးဝင်ရောက်မှုနည်းသော်လည်း ပြည်တွင်းစားသုံးမှုနှင့် နယ်စပ်တင်ပို့မှုအတွက် ဖူလုံစွာ ဖြန့်ချိစားသုံးနိုင်လျက်ရှိကြောင်း သိရသည်။**

ငါးကြင်းနှင့် ငါးမြစ်ချင်းကို ဆော်ဒီနှင့် ဒူဘိုင်းသို့ မြန်မာပြည်မှ တင်ပို့လျက်ရှိရာ ပြီးခဲ့သည့် နှစ်လက တင်ပို့သော ငါးအရည်အသွေး ကျဆင်းသည့်အတွက် အဆိုပါနိုင်ငံတို့မှ ငါးမှာယူမှုကို ရပ်ဆိုင်းခဲ့သောကြောင့် ရေချိုငါးမွေးမြူသူများက ကုမ္ပဏီဆိုက်ဟုခေါ်သော ပြည်ပသို့တင်ပို့သော ငါးမွေးမြူခြင်းကို ရပ်ဆိုင်းလိုက်ပြီး ပြည်တွင်းနှင့် တောင်ပေါ်၊ နယ်စပ်ဒေသများသို့ ဖြန့်ဖြူးသောအရွယ်အစားငါးများကိုသာ မွေးမြူရောင်းချသည့်အတွက် ပင်လယ်ငါးရှားပါးသော ယခုလို မိုးရာသီတွင် ငါးမြစ်ချင်း၊ ငါးကြင်းနှင့် ရေချိုငါးများ ဖူလုံစွာ စားသုံးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးရာသီအစမှာ ငါးအဝင်နည်းပေမယ့် ပြည်ပကို ပို့တဲ့ငါးတွေ ရပ်ထားတဲ့အတွက် ပြည်တွင်းစားသုံးဖို့ မွေးမြူပြီး တင်ပို့တာကြောင့် ဖူဖူလုံလုံ စားသုံးနိုင်ကြပါတယ်၊ ဆော်ဒီနဲ့ ဒူဘိုင်းကို ငါးမြစ်ချင်းနဲ့ ငါးကြင်းပို့တာ ရပ်လိုက်တာက ဟိုက ငါးမယူတော့လို့ ရပ်လိုက်တာပါ၊ အရည်အသွေးမမီလို့ သိရပါတယ်၊ ဒါကြောင့် ပြည်ပအတွက် မွေးမြူတဲ့ ငါးတွေရပ်လိုက်ပြီးတော့ ပြည်တွင်းစားသုံးတဲ့အရွယ် ငါးတွေတင်ပို့တာများတာကြောင့် မြန်မာပြည်တစ်ဝန်းနဲ့ တောင်ပေါ်၊ နယ်စပ်အထိ ငါးမြစ်ချင်းနဲ့ ငါးကြင်းက ခြေဆန့်နိုင်တာပါ၊ စံပြငါးဈေးထက် ရွှေပိတောက်ငါးဈေးက ဆိုင်ခန်းပိုများပြီး ရေ၊ မီးစုံတယ်၊ ဧရိယာပိုကျယ်တယ်၊ ငါးအဝင်များတာက စံပြငါးဈေးက ပိုများတယ်၊ နိုင်ငံခြားဝင်ငွေရဖို့ ပြည်တွင်းမှာ မွေးမြူတဲ့ငါးတွေ အရည်အသွေးပြည့်မီပြီး သန့်ရှင်းဖို့တော့ လိုပါတယ်၊ ငါးဈေးတွေမှာ ပိုပြီးသန့်ရှင်းဖို့လိုမယ်၊ ရေချိုနဲ့ ပင်လယ်ငါးကို ဒီမှာရှိတဲ့ ငါးဈေးကြီးနှစ်ခုက မြန်မာတစ်ပြည်လုံးကို ဖြန့်ချိပေးနေတာပါ" ဟု ရွှေပိတောက်ငါးဈေးမှ ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကြင်စောက ပြောသည်။

ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ငါးထောင်ခန့်၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် သုံးထောင်ခန့်၊ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် နှစ်ထောင်ကျော်နှင့် ပုစွန်ဖော့ချိတ်မှာ ငွေကျပ် ရှစ်ထောင်၊ ပုစွန်တုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ငါးသောင်းခန့်၊ ထိုင်းနိုင်ငံမှ ဝင်ရောက်သော ပုစွန်သေးတစ်ပိဿာလျှင် ငွေကျပ် လေးထောင်ဖြင့် စံပြငါးဈေးမှ ဒိုင်ဖွင့်ဈေးရှိကြောင်း စံပြငါးဈေးမှ သိရသည်။

ရန်ကုန်မြို့ရှိ စံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးတို့မှ မြန်မာပြည်တစ်ဝန်းသာမက နယ်စပ်ဒေသများအထိ ပို့ဆောင်လျက်ရှိရာ တမူး၊ မြစ်ကြီးနား၊ မူဆယ်နှင့် မြဝတီသို့ ငါးမြစ်ချင်းနှင့် ငါးကြင်းကို တင်ပို့ရာ၌ ငါးဈေးသို့ပို့ရန်ကန်မှ ငါးကိုဖော်ရာတွင် အစာကိုဖြတ်၍ ဖမ်းဆီးပြီး ဈေးသို့တင်ပို့သော ငါးမှာ အစာကိုမဖြတ်ဘဲ ဖမ်းဆီးကာ တင်ပို့သောငါးထက် အထားခံသောကြောင့် မွေးမြူသူ၊ တင်ပို့သူ၊ ရောင်းချသူတို့ ရေရှည်အဆင်ပြေစေရန် ငါးကန်များမှ တင်ပို့သော ငါးအရည်အသွေးမှာလည်း အထူးပင်အရေးကြီးကြောင်း သိရသည်။

"ရောဝတီတိုင်းက ရေချိုငါးက အိန္ဒိယနဲ့ တရုတ်၊ ထိုင်းနိုင်ငံအထိ ခြေဆန့်တာပါ၊ နယ်စပ်ဒေသတွေကို ရောက်တဲ့အခါမှာ ငါးအရည်အသွေး ကောင်းနေမယ်ဆိုရင် ရေချိုငါးဈေးကွက် ကောင်းနေမယ်၊ ငါးမြစ်ချင်းဆိုရင် ဖမ်းခါနီးမှာ အစာကိုမဖြတ်တဲ့အတွက် ငါးချေးမည်းပြီးတော့ နယ်စပ်ရောက်ရင် ငါးဝမ်းဗိုက်ရိပြီး အရှုံးပေါ်တော့တာပဲ၊ ငါးရဲ့အရည်အသွေးက မွေးမြူသူတွေပေါ်မှာ အဓိကကျတယ်၊ ငါးမြစ်ချင်းဈေးက ငွေကျပ် ၁၈၀၀ ကနေ ၃၀၀၀ အထိရှိတယ်၊ တပို့တွဲ၊ တပေါင်းကတော့ ငါးအပေါဆုံး ပဲ" ဟု ရွှေပိတောက်ငါးဈေး ငွေစာပုလဲဒိုင်မှ ကိုသိန်းစိုးက ပြောသည်။

ရေချိုငါးများကို ရောဝတီတိုင်းနှင့် ခရမ်း၊ သုံးခွမှ အဓိကဝင်ရောက်လျက်ရှိပြီး ကလေး၊ တမူး၊ မြစ်ကြီးနား၊ မူဆယ်၊ ချောက်၊ တောင်ကြီး၊ အောင်ပန်း၊ လွိုင်ကော်၊ မြဝတီမြို့များသို့ နေ့စဉ် ငါးဈေးကြီးနှစ်ခုမှ တင်ပို့ဖြန့်ချိလျက်ရှိကာ ယခုနှစ်မိုးရာသီတွင် ရန်ကုန်မြို့နေပြည်သူများအနေဖြင့် ရေချိုငါးကို ဖူလုံစွာ စားသုံးနိုင်လျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**



# ဖားကန့်မြို့နှင့် အနီးဝန်းကျင်ဒေသများအား ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ဖားကန့်မြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ကချင်ပြည်နယ် မိုးကောင်းမြို့နှင့် ဖားကန့်မြို့သို့ ၆၆ ကေဗွီ မိုးကောင်း- ဖားကန့်ဓာတ်အားလိုင်း ၅၅ ဒသမ ၀၃ မိုင် တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဖားကန့်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပြီးစီးပါက ဖားကန့်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများကို နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် တည်ဆောက်ရေး ကုမ္ပဏီနှစ်ခုအား လုပ်ငန်းအပ်နှံခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်အားလိုင်းများ တည်ဆောက်ရာတွင် ဖားကန့်မြို့နယ်၌ မြေပြန့်လွင်ပြင်နည်းပါးပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ခန့်မြင့်သည့် တောင်ကုန်း တောင်တန်းများ၊ ချောက်လျှိုများကို ဖြတ်သန်းတည်ဆောက်ရခြင်းကြောင့် ကွန်ကရစ်တိုင်၊ သံပေါင်၊ ကြိုးဘီးလုံး၊ ကြွေသီးနှင့် ကြိုးဆွဲပစ္စည်းများ သယ်ပို့ရာတွင် လမ်းပန်းဆက်သွယ်မှု အခက်အခဲများ၊ ရာသီဥတု အခက်အခဲများနှင့် လုံခြုံရေးအခက်အခဲများကို တည်ဆောက်ရေးကုမ္ပဏီများနှင့် ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ၆၆ ကေဗွီ မိုးကောင်း- ဖားကန့် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဖားကန့်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဓာတ်အားလိုင်းကို လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းရှင်းစွာ ပို့လွှတ်နိုင်ရန် နယ်မြေဒေသလုံခြုံရေး ရရှိချိန်များအတွင်း ဓာတ်အားလိုင်း တစ်လျှောက်ရှိ Fair Way အတွင်း သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားလိုင်းတည်ဆောက်ရေး ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**



၆၆ ကေဗွီ မိုးကောင်း-ဖားကန့် ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

# ပဲခူးမြို့နယ်၌ ဆင်မုဆိုးတစ်ဦးအား ဖမ်းမိ

**နေပြည်တော် ဇွန် ၂၂**

သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲမှူး နေလင်းထွန်း၊ ထန်းတောကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် နံနက် ၈ နာရီက ဆင်သတ်မုဆိုးအဖွဲ့တွင် ပါဝင်သော ပဲခူးမြို့နယ် အုတ်ဖိုကျေးရွာနေ ကိုမျိုး(ခ)ငမျိုး(၄၈ နှစ်)အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ၎င်းသည် ၂၀၁၆ ခုနှစ် နိုဝင်လဘာလက ပဲခူးမြို့နယ် ဒေသအခေါ် ကြက်မြောင်၌ တောဆင်ရိုင်းအမတစ်ကောင်အား တူမီးသေနတ်ဖြင့် ပစ်၍ အရေခွံများခွာယူခဲ့ကြောင်း သိရှိရပြီး ဆင်သေဆုံးသည့်နေရာအား လိုက်လံပြသပေးသဖြင့် ဆင်ဦးခေါင်းအရိုးနှင့် မေးရိုးများ တွေ့ရှိသိမ်းဆည်းခဲ့ပြီး ကိုမျိုး(ခ)ငမျိုးအား တိုက်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။ ထပ်မံစစ်ဆေးချက်အရ ၎င်းနှင့်အတူ အဆိပ်တောင်ကျေးရွာနေ ဝင်းကြူ(စိစစ်ဆဲ)ပါ အမျိုးသားလေးဦးမှာလည်း တောဆင်ရိုင်းသတ်ရာတွင် ပါဝင်ခဲ့ကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ဘိုကလေး မိန်းမလှကျွန်းဘေးမဲ့တော၌ အမျိုးသမီးတစ်ဦး မိကျောင်းအဆွဲခံရ

**ဘိုကလေး ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း၌ ဇွန် ၂၂ ရက် ညနေ ၄ နာရီခန့်က ဘိုကလေးမြို့နယ် အောင်ချမ်းသာကျေးရွာနေ အသက် ၂၈ နှစ်ရှိ မအေးသင်းဆိုသူသည် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်းရှိ အမဲချောင်းဘေး၌ ထင်းခုတ်နေစဉ် မိကျောင်းဆွဲခံရပြီး ဇွန် ၂၂ ရက် ညနေ ၆ နာရီအထိ ပြန်လည်ရှာတွေ့ခြင်းမရှိကြောင်း ကနဦးသတင်းရရှိသည်။

ဘိုကလေးမြို့နယ်အတွင်းမှ မိန်းမလှကျွန်းသည် ရာမ်ဆာ ကေသုံးသောင်းကျော်ရှိ အာဆီယံအမွေအနှစ်စာရင်းဝင် ကျွန်းတစ်ကျွန်းဖြစ်ပြီး ပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် အဆိုပါတောအတွင်း သက်ဆိုင်ရာက ပုဒ်မ ၁၄၄ ထုတ်ပြန်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။)**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ဒဏ်ကြေးငွေအနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ဒဏ်ကြေးငွေအနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ (က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ ၏ခြေဆင်းတွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "အနည်းဆုံးခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ပါရှိသော "ငှားရမ်းခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "ရောင်းချခြင်း" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ (က) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ၏ခြေဆင်းတွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် ပါရှိသော "ငှားရမ်းခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "ရောင်းချခြင်း" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃- က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃-က။ ဤဥပဒေပုဒ်မ ၃၂ နှင့် ၃၃ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ယင်းပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းနှင့် တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၆။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၅ တွင် ပါရှိသော "ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ တွင် ပါရှိသော "ထောင်ဒဏ် ၆ လ အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့်စကားရပ်ကို "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၆ ၏ နောက်တွင် ပုဒ်မ ၃၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆-က။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်း မပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးနှင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းကို အရေးယူခြင်း မပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှ ဇွန်လ ၁၉ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၅ | အသက်တမျှ | သစ်ပင် | ၂၀၀၀ | ယဉ်မျိုး |
| ၂၆ | ကျွန်တော့်အတွေး၊ ကျွန်တော့်အမြင် | သန့်စင်အောင် | ၂၅၀၀ | Smart စာပေ |
| ၂၇ | မေ့လို့မရတဲ့လူနာများ | ဒေါက်တာမြတ်ထွဋ်ညွန့် | ၃၀၀၀ | မြန်မာ့ခေတ် |
| ၂၈ | ဒီမိုကရေစီလျှောက်လှမ်းပေါ်မှ သမ္မတများ | နေစိုးထက် | ១၅၀၀ | မျိုးမြန်မာ |
| ၂၉ | နံ့သာပင်ရိပ်မှာ ချွေးသိပ်ဖြေတော့ကွယ် | ငြိမ်းကျော် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃၀ | မော်လက်စွပ် (သူရဲကောင်းနှင့်ခရီးဖော်များ) | ကောင်းမြတ်လွန်းသော် | ၅၀၀၀ | Phoneix Kingdom |
| ၃၁ | အချစ်နေဝင်ချိန် | မြသန်းတင့် | ၂၀၀၀ | တိုးမြစ် |
| ၃၂ | အရိပ်မဲ့ရုပ်ပုံလွှာ | တင်မောင်မြင့် | ၄၀၀၀ | Global Piece Group |
| ၃၃ | ငါးပိကြော်ရန့် သရော်စာများ | ဗြိတိသျှ ကိုကိုမောင် | ၃၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၄ | ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလ အတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ နုတ်ထွက်ခြင်းဆိုင်ရာလေ့လာတွေ့ရှိချက် | | ၃၀၀၀ | Myanmar Heritaye |
| ၃၅ | ဝရမ်းပြေးရုပ်ပုံလွှာ | ညီတင့် | ၂၅၀၀ | ချိုးချိုး |
| ၃၆ | မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါး | ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ | ၂၀၀၀ | အောင်ဇဗ္ဗူစာပေ |
| ၃၇ | ဂွမ်းပုံ | ခူဝံ | ၄၀၀၀ | စိတ်ကူးချိုချို |
| ၃၈ | သမိုင်းတင်သည့် ဂန္ထဝင်အချစ်များ | ရွှေဘုန်း | ၃၀၀၀ | မျိုးဆက်သစ် |
| ၃၉ | အင်းလျားအက်ဆေး | ကလောင်စုံ | ၄၀၀၀ | ကျော်မွှေး |
| ၄၀ | ကြက်ငှက်ကာ | သော်တာဆွေ | ၂၇၀၀ | စိတ်ကူးချိုချို |
| ၄၁ | ကျွန်မချစ်သောလူနာများ | လမင်းမေ | ၂၅၀၀ | မိုးကျော်သူ |
| ၄၂ | တစ်ကိုယ်တော် အာဇာနည်များ | သခင်ဘသောင်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄၃ | သုံးပန်လှ | တြိစက္က | ၃၀၀၀ | အောင်မြင် |
| ၄၄ | ခားစာခံ | ကျော်စွာ (ဆေး - ၂) | ၆၀၀၀ | ငါတို့စာပေ |
| ၄၅ | အရာအားလုံးကို ပြောင်းလဲစေသောအားပေးမှု | ကလောင်စုံ | ၃၀၀၀ | မျိုးဆက်သစ် |
| ၄၆ | Arduino ကကြီးခခွေး | ပြည့်ဖြိုးအောင် | ၇၅၀၀ | လင်းသစ်ရောင်စဉ် |

## ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်မှုကြောင့် မြေပြိုရာမှ လူခြောက်ဦးထက်မနည်း သေဆုံး

**ဖားကန့် ဇွန် ၂၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ယနေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မော်ဝမ်းရပ်ကွက်အတွင်းရှိ ပန်းတင်တံတားအနီးတွင် လည်းကောင်း၊ အမှတ်(၁) လမ်းမကြီးဘေး တောင်ကမ်းပါးယံမှ အောက်ဘက်ရှိ လူနေအိမ်များသို့ လည်းကောင်း၊ မြို့ပတ်လမ်းရှိ ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင် လည်းကောင်း၊ မြို့ဦးစေတီအတက်လမ်းတွင် လည်းကောင်း၊ စည်ပင်ဝန်ထမ်းအိမ်ရာ နောက်ဘက်ခြမ်းတွင် လည်းကောင်း၊ ဆိပ်မူအုပ်စုအတွင်းရှိ မော်ဂလုံကျေးရွာ၊ စွတ်အောင်ကျေးရွာနှင့် ဖားပြင်ကျေးရွာများတွင်လည်းကောင်း မြေပြိုကျမှုများ ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



မြေပြိုမှုဖြစ်စဉ်များမှ မော်ဝမ်းရပ်ကွက် သစ်တောရုံးအနီး တောင်ကမ်းပါးယံမှ အောက်ဘက်ရှိ လူနေအိမ်များသို့ ပြိုကျသည့်ဖြစ်စဉ်တွင် လူနှစ်ဦး၊ စွတ်အောင်ကျေးရွာ မြေပြိုမှုတွင် လူသုံးဦး၊ ဖားပြင်ကျေးရွာ မြေပြိုမှုတွင် လူတစ်ဦး စုစုပေါင်း ခြောက်ဦးသေဆုံးကြောင်း ကနဦးသိရှိရပြီး လူမှုကူညီရေး ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများထံမှ သိရသည်။

မိုးသည်းထန်မှုကြောင့် မြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းများဖြစ်သည့် မြို့မရပ်ကွက် ကျောက်ဝိုင်းအတွင်းသို့ လည်းကောင်း၊ ငှက်ပျောတောရပ်ကွက် ကမ်းနားလမ်းဘက်ခြမ်းတွင် လည်းကောင်း၊ မရှိကထောင်ရပ်ကွက် အ.လ.က ကျောင်းဘက်တွင် လည်းကောင်း၊ မော်ဝမ်းရပ်ကွက် ဝန်ထမ်းအိမ်ရာဘက်ခြမ်းတွင် လည်းကောင်း ဥရုချောင်းရေများ ဝင်ရောက်လျက်ရှိသည်။

ထို့အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစီးကြမ်းပြီး ဖားကန့်-လုံးခင်း ကားလမ်းပေါ်ရှိ မော်စီစာကျေးရွာနှင့် နမ္မဖြစ်ကျေးရွာတို့ကို ဆက်သွယ်ထားသော ကွန်ကရစ်တံတားတစ်စင်းမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ကျိုးပျက်ခဲ့သည်။

အဆိုပါ တံတားသည် အရှည် ပေ ၂၀ ခန့်နှင့် အကျယ် ၁၀ ပေခန့်ရှိပြီး တံတားကျိုးကျမှုကြောင့် ကားလမ်းများ ခေတ္တပိတ်ဆို့ခဲ့ရာ မဟာကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ ဘက်ဟိုးယာဉ်တစ်စီးဖြင့် ယာယီရှောင်ကွင်းလမ်း ပြုလုပ်ပေးထားမှုကြောင့် ယခုအခါ ကား၊ ဆိုင်ကယ် များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သစ်တောများပြန်လည်ထူထောင်ရေး ဆက်စပ်လုပ်ငန်းများ ဘာသာရပ်အလိုက် သင်ကြားပို့ချ

**ရေတာရှည် ဇွန် ၂၂**

မြန်မာနိုင်ငံအတွင်းရှိ သစ်တောများပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဘာသာရပ်အလိုက် သင်ကြားပို့ချသည့် (သစ်အုပ်)အဆင့်မွမ်းမံသင်တန်းတွင် ဆင်ကလေးများ မှိန်းသင်ကြားခြင်း၊ ဆင်အစာကျွေးခြင်းနှင့်ဆင်များ၌ ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများ၊ ဆင်ခရီးသွားလုပ်ငန်းဘာသာရပ်များ ပါဝင်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း စီမံကိန်းနှင့်စာရင်းအင်းဌာန လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ် ၁ ကျွန်းရွှေဝါခန်းမ၌ ယနေ့နံနက်က သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ငူဒေသသစ်ထုတ်ရေးမှ မန်နေဂျာ ဦးကျော်ဇင်ဟန်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် ၁ နန်ချွန်သည် ၁၉၈၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းအကြိမ်ရေပေါင်း ၃၁၇ ကြိမ်၊ သင်တန်းသားဦးရေ ၅၀၁၁ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သင်တန်းများဖွင့်လှစ်ပေးရသည့်ရည်ရွယ်ချက်သည် တစ်ဦးချင်းစီ၏ အရည်အသွေး၊ အတွေးအခေါ်၊ လက်တွေ့ပိုင်းတွင် အမိန့်နာခံတတ်မှုမှသည် စည်းကမ်းလိုက်နာမှုအပိုင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများ အထက်မြက်ဆုံးဖြစ်စေရန် ဆောင်ရွက်စေလိုသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းများခေါ်ယူပို့ချခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်ခြင်းနည်းစနစ်လုပ်ငန်းများအပြင် ဆင်များသက်တမ်းစေ့နေနိုင်ရေး၊ မွေးဖွားနှုန်းကောင်းမွန်ရေးနှင့်သေဆုံးမှုနည်းပါးရေးတို့ကို ဂရုပြုလေ့လာသင်ကြားနိုင်ခဲ့ပြီဖြစ်၍ ဆင်ထိန်းသိမ်းရေးအခြေပြုခရီးသွားလုပ်ငန်းများကို အထောက်အကူရရှိနိုင်မည်ဖြစ်သည်။ ယခုဖွင့်လှစ်သည့်သင်တန်းသို့ တောင်ကြီး၊ ပြင်ဦးလွင်၊ ချင်းပြည်နယ်၊ မော်လိုက်၊ ဟုမ္မလင်း၊ မန္တလေး(ဖောင်ဖွဲ့ရေး)၊ မြစ်ကြီးနား၊ ဂန့်ဂေါ၊ သရက်၊ မင်းဘူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီ၊ မြိတ်၊ ပဲခူး၊ နေပြည်တော်(တောင်ပိုင်း)၊ ဇန်းမော်၊ လှိုင်လင်သစ်ထုတ်လုပ်ရေးဒေသများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၀ ။)**

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"အမည်၊ စတင်အာဏာတည်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာနှင့် အဓိပ္ပာယ် ဖော်ပြချက်"**

၂။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂။ မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် သို့မဟုတ် နေထိုင်ခွင့်ရရှိထားသည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင် ဖြစ်စေ ထိုသူကို ဤဥပဒေအရ အရေးယူ စီရင်ပိုင်ခွင့် ရှိစေရမည်။"

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အဂတိလိုက်စားမှု** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန် အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(၂) မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူ ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင် ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း။"

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) **ကျော်စောသတင်း** ဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသော သတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ရာဖြစ်ခြင်း အတွက် ခိုင်လုံသည့်အထောက်အထားရှိနိုင်သည်ဟု ကော်မရှင်က ယုံကြည်ရန်အကြောင်းပေါ်ပေါက်သော သတင်းကို ဆိုသည်။"

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ တွင် မူလပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့ကို ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ)၊ (ဏ)၊ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ) တို့အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဇ) နှင့် (ဖ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ ဒုတိယဝန်ကြီး သို့မဟုတ် ယင်းနှင့် အလားတူ အဆင့်ရှိသူနှင့်အထက် နိုင်ငံရေး ရာထူးလက်ရှိဖြစ်သူကို ဆိုသည်။

(ဖ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ကော်မရှင်၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူကို ဆိုသည်။"

(ခ) မူလပုဒ်မခွဲ (ဖ) ကို ပယ်ဖျက်ရမည်။

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌက မိမိရွေးချယ်ပေးခွင့်ရှိသူများသည် အရည်အချင်းပြည့်ဝ၍ တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်းခံရသူ။"

၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် ကိစ္စနှင့် စပ်လျဉ်း၍ တိုင်ကြားချက် သို့မဟုတ် ရရှိသည့်သတင်းအရ လိုအပ်ပါက ကြိုတင်ထောက်လှမ်းစုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း၊"

(ဂ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော် သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း၊"

(ဃ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း၊"

(င) ပုဒ်မခွဲ (ဈ) ၏ နောက်တွင် ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(စ) မူလပုဒ်မခွဲ (ည)၊ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ပ) တို့ကို ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ)၊ (ပ) နှင့် (ဏ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဆ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန်တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ခြင်း၊ မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း၊"

၁၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင် ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ပ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဆ) ၏ ခြေဆင်း၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၆၅ ၏ခြေဆင်းတို့တွင် ပါရှိသော "စုံစမ်းစစ်ဆေးရေးမှူး" ဆိုသည့်စကားရပ်ကို "စစ်ဆေးရေးမှူး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ တွင်-

(က) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဏ) ၏ နောက်တွင် ပုဒ်မခွဲ (တ) နှင့် (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော် ၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေမှုများအား လိုအပ်ပါက စစ်ဆေးခြင်း၊

(ထ) မည်သည့်ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအတွက် အမိန့်ထုတ်ပြန်ဆောင်ရွက်ခြင်း၊"

(ခ) မူလပုဒ်မခွဲ (ဏ) ကို ပုဒ်မခွဲ (ဒ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ တွင်-

(က) ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းတစ်ရပ်ရပ်ကို ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။"

(ခ) မူလပုဒ်မခွဲ (ဈ) ကို ပုဒ်မခွဲ (ည) အဖြစ် ပြန်လည်အမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူများ၊ သက်သေများ၊ နစ်နာသူ သို့မဟုတ် တိုင်ကြားသူများအား လိုအပ်သော အကာအကွယ်ပေးနိုင်ရန် နည်းလမ်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သတင်းပေးသူကို သတ်မှတ်သော ဆုငွေချီးမြှင့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။"

၁၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်က တင်ပြခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဂ) ၏ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) အဂတိလိုက်စားမှုကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် တစ်ဦးဦးက-"

(ဂ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းဖြစ်ပေါ်နေခြင်း။"

၁၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက် များမပါရှိခြင်း သို့မဟုတ် လိုအပ်၍ ကြိုတင်ထောက်လှမ်းစုံစမ်းရာတွင်လည်း ခိုင်လုံသည့် သက်သေခံချက်မရရှိခြင်း၊"

၁၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ ကော်မရှင် ဥက္ကဋ္ဌထံ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဆောလျင်စွာ တင်ပြရမည်။"

၁၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လုပ်ပိုင်ခွင့်အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန်အကြောင်း ပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့်ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏အစီရင်ခံစာကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ တာဝန်ပေးသည့် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌထံသို့လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြရမည်။ အဆိုပါဆုံးဖြတ်ချက်အား တိုင်ကြားသော နစ်နာသူထံသို့လည်း အကြောင်းကြား အသိပေးရမည်။"

၁၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၆။ (က) နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်ရုံးခွဲ များကို ဖွဲ့စည်းနိုင်သည်။"

၁၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ တစ်ဦးဦးအပေါ် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် အဂတိလိုက်စားမှု ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော် ဥက္ကဋ္ဌသို့ တင်ပြခွင့်ရှိသည်။

(ဂ) (၂) ကော်မရှင်၏တင်ပြချက်အရ မည်သူ့ကိုမဆို အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့် ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ် အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်။"

၁၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၄ ၏ အစုခေါင်းစဉ်နှင့် ပုဒ်မ ၄၄ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း**

၄၄။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။"

၂၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့တွင်ပါရှိသော "ကြေညာချက်" ဆိုသည့်စကားရပ်ကို "ကြေညာလွှာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ၏နောက်တွင် ပုဒ်မ ၅၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃-က။(က) ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) အရ ချမှတ်သည့် အမိန့်နှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်း ခံရသူက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်ကချမှတ်သည့် အမိန့် တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"

၂၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၅။ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၆။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၉။ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်သည်ဟုသော်လည်းကောင်း၊ မမှန်မကန်သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**

**(၂၀၁၈ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။ )**

**၁၃၈၀ ပြည့်နှစ်၊ လ   ရက်**

**(၂၀၁၈ ခုနှစ်၊   လ   ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်**ဆိုသည်မှာ နယ်နိမိတ် တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူက မြေတိုင်းရာနေရာများကိုသော် လည်းကောင်း၊ မြေတိုင်းတာရာ အမှတ်အသားများကို သော်လည်းကောင်း၊ ယင်းမြေနယ်နိမိတ် ပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ၊ မြေကြီးပေါ်၌ဖြစ်စေ သို့မဟုတ် မြေကြီးအတွင်း၌ မြှုပ်နှံ၍ဖြစ်စေ စိုက်ထူတည်ဆောက်ထားသည့် အုတ်တိုင်၊ ကျောက်တိုင်၊ အခြားတိုင်တစ်မျိုးမျိုး၊ ပွိုင့် သို့မဟုတ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန သို့မဟုတ် မြေတိုင်းတာသည့်ဌာနအဖွဲ့အစည်းတစ်ခုခုက ချမှတ်ထားသည့် မြေပြင်အမှတ်အသားတစ်ခုခုကို ဆိုသည်။

(ခ) **စာချုပ်စာတမ်း** ဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို မှတ်သားအသုံးပြုရန်ကြံရွယ်၍ စာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ တစ်နည်းထက်ပိုသောနည်းများဖြင့်ဖြစ်စေ အရာဝတ္ထုတစ်ခုခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် အရာတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ၌ အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သေတမ်းစာ၊ တရားရုံးဒီကရီနှင့် အမိန့်၊ သဘောတူစာချုပ်ဆိုသည့် ကတိစာချုပ်၊ ခံဝန်ချုပ်နှင့် အခြားစာချုပ် စာတမ်းတစ်ခုခုတို့လည်း ပါဝင်သည်။

(ဂ) **နယ်နိမိတ်** ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြား သတ်မှတ်ထားသည့် နယ်မြေအပိုင်းအခြားကိုဆိုသည်။

(ဃ) **နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ** ဆိုသည်မှာ နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရာတွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင် စိုက်ထူနိုင်ရေးအတွက် ဤဥပဒေပါ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(င) **နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်နိမိတ်ကို စိစစ်ပိုင်းခြားသတ်မှတ် ပေးနိုင်ရေးအတွက် ဤဥပဒေအရသတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(စ) **ကြော်ငြာစာ** ဆိုသည်မှာ အများပြည်သူ သို့မဟုတ် သက်ဆိုင်သူများ သိရှိစေရန် ဖြစ်စေ၊ လိုက်နာဆောင်ရွက်စေရန်ဖြစ်စေ နည်းလမ်းတကျ ဆောင်ရွက်ထားသော သတင်းပေးချက် သို့မဟုတ် အကြောင်းကြားချက်ကို ဆိုသည်။

(ဆ) **အဖွဲ့အစည်း** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်၊

(ခ) စိုက်ထူထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက် နိုင်စေရန်၊

(ဂ) တိုင်းတာပိုင်းခြားသတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်တို့အား ရာသီဥတုအခြေအနေအရ လည်းကောင်း၊ သဘာဝဘေး အန္တရာယ်ကြောင့် လည်းကောင်း၊ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်။

**အခန်း(၃)**

**နယ်နိမိတ်များကို တိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း**

၅။ နိုင်ငံတော်၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ နယ်နိမိတ်သည် လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာတို့၏ နယ်နိမိတ်သည် လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၆။ အောက်ပါမြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ရာတွင် ဤဥပဒနှင့်အညီ ဆောင်ရွက်ရမည်-

(က) မြို့၊ ရပ်ကွက်နှင့် ကျေးရွာများ၏ နယ်နိမိတ်များ၊

(ခ) မြို့နယ်၊ ကျေးရွာအုပ်စုများအတွင်းရှိ ကွင်းများ၏ မြေနယ်နိမိတ်များ။

**အခန်း(၄)**

**နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိများခန့်ထားခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ**

၇။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော သူသည် အောက်ပါအကြောင်းကိစ္စများပေါ်ပေါက်ပါက နယ်နိမိတ်တိုင်းတာ ပိုင်းခြားကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခု၏ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရန် အကြောင်းကိစ္စ ပေါ်ပေါက်လာခြင်း၊

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ်များ ပြင်ဆင်ရန်အကြောင်းကိစ္စပေါ်ပေါက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံ တင်ပြလာခြင်း၊

(၃) ပြည်ထောင်စုနယ်မြေအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် အကြောင်း ကိစ္စပေါ်ပေါက်၍ နေပြည်တော်ကောင်စီက ထောက်ခံ တင်ပြလာခြင်း၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပြည်ထောင်စု နယ်မြေအတွင်း၌ ရှိသော ကျေးရွာ၊ ရပ်ကွက်၊ မြို့အတွင်းရှိ မြို့ မြေ၊ ကျေးရွာမြေတိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီက ထောက်ခံ တင်ပြလာခြင်း။

(ခ) ယင်းသို့တာဝန်ပေးအပ်ရာတွင်-

(၁) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိဖြစ်ပါက အရာရှိ မြေတိုင်း သင်တန်း သို့မဟုတ် တန်းမြင့်မြေတိုင်းသင်တန်း တက်ရောက်အောင်မြင် ပြီး သက်ဆိုင်ရာမြို့နယ်၌ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦး စီးဌာနမှူး သို့မဟုတ် နေပြည်တော် သို့မဟုတ် ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနမှ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။

(၂) နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ် ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

**နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ လုပ်ငန်းတာဝန်များ**

၈။ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေနယ်နိမိတ်ကို တိုင်းတာပိုင်းခြားသတ်မှတ်နိုင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ရမည့် မြေအတွင်းသို့ဝင်ရောက်၍ လိုအပ်သောအချက်အလက် များကိုရယူခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ခြင်း၊

(ခ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းမြေနှင့် တစ်ဆက် တစ်စပ် တည်းရှိသည့် မြေကိုလည်းကောင်း စစ်ဆေးရန်လိုအပ်ပါက မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် ဆင့်ခေါ်ခြင်း၊

(ဂ) တာဝန်ယူဆောင်ရွက်ရမည့်မြေကို နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရန် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်း တစ်လျှောက်တွင် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံ များကို ခုတ်လှဲ၊ ရိတ်သိမ်း၊ ဖယ်ရှားရန်ဖြစ်စေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရာတွင် လိုအပ်သည့် အကူအညီရယူရန်ဖြစ်စေ၊ သင့်လျော်သူတစ်ဦးအား တာဝန်ပေးအပ်ရန် ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူး နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်း ရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက် ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး အရာရှိထံ တွက်ချက်တင်ပြခြင်း၊

(င) ပုဒ်မခွဲ(ဃ)ပါကိစ္စရပ်အပေါ် ပိုင်ဆိုင်မှု သို့မဟုတ် လက်ရှိဖြစ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားလျှင် အဆုံးအဖြတ်ပေးနိုင်ရေးအတွက် နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး အရာရှိထံတင်ပြခြင်း၊

(စ) မြေနယ်နိမိတ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများက အထောက်အထား စာချုပ် စာတမ်းများ တင်ပြရန်ရှိပါက တင်ပြစေခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းနှင့် တစ်ဆက်တစ်စပ် တည်းရှိနေသည့် မြေများကိုလည်းကောင်း ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာ အကျိုးစီးပွားကို ခံစားခွင့်ရှိသည့် သက်ဆိုင်သူများ၊ ယင်းမြေကို စီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲ အုပ်ချုပ်သူနှင့် သက်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသိရှိစေရန် ကြော်ငြာစာကို ထုတ်ပြန်၍ သက်ဆိုင်သူ များထံ ဖြန့်ဝေခြင်း သို့မဟုတ် နယ်နိမိတ်သတ်မှတ်မည့် မြေနေရာနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် မြင်သာစွာကပ်ထား ခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အား တာဝန်ပေးအပ်ခြင်း၊

(ဇ) ကြော်ငြာစာပါ နေ့ရက်၊ အချိန်များတွင် တာဝန်ယူဆောင်ရွက်ရသည့် ဒေသ၏ မြေအပိုင်းအခြားကို ညွှန်ပြခြင်း၊ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်များကို စိုက်ထူခြင်း၊ ပြုပြင်ခြင်းနှင့် နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရာ၌ လိုအပ်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ လိုအပ် သည့် အကူအညီများ ရယူနိုင်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ မြေနယ်နိမိတ်ကို တိုင်းတာ ပိုင်းခြားသတ်မှတ်ပြီးနောက် မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိ လုပ်ကိုင်နေသူ တို့ကိုဖြစ်စေ ညှိနှိုင်းပြီး လိုအပ်သည့်မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်များ စိုက်ထူခြင်း၊

(ည) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ ယင်းမြေကို မည်သူက လက်ရှိ ပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ချက်မချနိုင်၍ မြေနယ်နိမိတ်ကို မသတ်မှတ်နိုင်လျှင် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိထံ တင်ပြအစီရင်ခံခြင်း၊

(ဋ) မိမိသုံးသပ်ချက်နှင့် သဘောထားပါဝင်သော ဆောင်ရွက်ပြီးစီးမှု အစီရင် ခံစာကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး အရာရှိမှတစ်ဆင့် မိမိအား ခန့်အပ် တာဝန်ပေးသူထံ တင်ပြခြင်း၊

(ဌ) ပုဒ်မခွဲ(ဋ)အရ တင်ပြသည့်အစီရင်ခံစာတွင် နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရန် လိုအပ်ကြောင်း အထောက်အထားခိုင်မာစွာ တွေ့ရှိပါက ထည့်သွင်းဖော်ပြခြင်း။

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏ လုပ်ငန်းတာဝန်များ**

၉။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိမှ တင်ပြလာသည့် နယ်နိမိတ် မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲ ဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို စိစစ်အတည်ပြု၍ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စရပ်အပေါ် ပိုင်ဆိုင်မှု သို့မဟုတ် လက်ရှိဖြစ်ခြင်းနှင့်စပ်လျဉ်း သည့် အငြင်းပွားမှုများအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့် ဆုံးဖြတ်၍ မရရှိ သည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) တာဝန်ယူဆောင်ရွက်ရမည့် မြေနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းစတင် ပြုလုပ်သည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀အတွင်း တရားသဖြင့် လက်ရှိ လုပ်ကိုင်နေထိုင်သူတို့ကို ဥပဒေနှင့်မညီဘဲ လက်လွှတ်စေ၍ လက်ဝယ်ရယူ ထားကြောင်း စစ်ဆေးတွေ့ရှိရလျှင် ဥပဒေနှင့်အညီ မဟုတ်ဘဲ လက်လွှတ်ဆုံးရှုံး ရသူကို လက်ရှိအဖြစ်ထား၍ နယ်နိမိတ် သတ်မှတ်ခြင်း၊

(ဃ) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိက ပေးပို့သော အစီရင်ခံစာ ကို မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် သဘောမတူ၍ ကန့်ကွက် ငြင်းဆိုလိုလျှင် ကြော်ငြာစာထုတ်ပြန်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ငြင်းဆိုလိုသောအချက်များကို စာဖြင့်ရေးသား ဖော်ပြကန့်ကွက်နိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကြေညာစေခြင်း၊

(င) အဆိုပါ ရက်ပေါင်း ၃၀ ကုန်ဆုံးပြီးနောက်တွင် တင်ပြလာသည့် ကန့်ကွက် လွှာများကို ငြင်းပယ်ရမည်ဖြစ်ပြီး၊ လိုအပ်ပါက ယင်းကန့်ကွက်လွှာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(စ) တာဝန်ယူဆောင်ရွက်ရမည့် မြေများနှင့်စပ်လျဉ်း၍ လိုအပ်သည့်အချက် အလက်များကို စစ်ဆေးမေးမြန်းရန်အတွက် ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေး အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရပါ သက်သေတို့ကို လာရောက်စေရန် ဆင့်ခေါ်ပြီး စာချုပ်စာတမ်းများကို တင်ပြစေခြင်း၊

(ဆ) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ တင်ပြချက်အရလည်း ကောင်း၊ မိမိကိုယ်တိုင် စစ်ဆေးတွေ့ရှိချက်အရလည်းကောင်း နယ်နိမိတ် အငြင်းပွားမှုတွင်မည်သူကလက်ရှိဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရန် ခိုင်လုံ မှုမရှိလျှင် စစ်ဆေးမေးမြန်းချက်များအပေါ် ခြုံငုံသုံးသပ်ပြီး လက်ရှိဖြစ်သူနှင့် ညှိနှိုင်း၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(ဇ) တာဝန်ယူဆောင်ရွက်ရမည့် မြေနယ်နိမိတ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခြင်း။

**အခန်း(၅)**

**နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

၁၀။ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ပြီးပါက နယ်နိမိတ်တစ်လျှောက် လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိလုပ်ကိုင်နေသူတို့ကိုဖြစ်စေ စိုက်ထူစေရမည်။

၁၁။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီး နယ်နိမိတ်တစ်လျှောက် လိုအပ်သည့် မြေတိုင်း မှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူပြီးသည့်အခါ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသည့် လုပ်ငန်းဆောင်ရွက်မှုမှာ အပြီးအပြတ်ဖြစ်စေရမည်။

၁၂။ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တစ်လျှောက် စိုက်ထူ ထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိန်းသိမ်းစောင့်ရှောက် ရန် မြေရှင်များနှင့် မြေလက်ရှိလုပ်ကိုင်နေသူတို့အား သတ်မှတ်ချက်နှင့်အညီ တာဝန်ပေး အပ်ရမည်။

၁၃။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြေရှင် သို့မဟုတ် မြေတွင် လက်ရှိလုပ်ကိုင်လျက်ရှိသူသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်တစ်ခုခုကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန် တားဆီးကာကွယ်ရန် တာဝန်ရှိသည်။

၁၄။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို တစ်စုံတစ်ရာရွှေ့ပြောင်းဖယ်ရှားခံရခြင်း၊ ဖျက်ဆီး ခံရခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ပြောင်းလဲခြင်း၊ မှတ်သားထားသည့်အမှတ်အသားတစ်ခုခု ကို မထင်မရှားဖြစ်စေခြင်းပါ ကိစ္စရပ်တစ်ခုခုဖြစ်ပွားကြောင်း မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်နည်း နည်းဖြင့်ဖြစ်စေ သိရှိလျှင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြရမည်။

၁၅။ ပုဒ်မ ၁၄ အရ တင်ပြလာသည့် ကိစ္စရပ်အပေါ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး သည် ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်နှင့်တကွ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

၁၆။ ရာသီဥတုအခြေအနေအရ လည်းကောင်း၊ သဘာဝဘေးအန္တရာယ်အရလည်းကောင်း မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များ ထိခိုက်ပျက်စီးခြင်း၊ ပြင်ဆင်ရန် လိုအပ် ခြင်းများရှိလျှင် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် ပြင်ဆင်ခြင်း၊ အသစ်စိုက်ထူခြင်း ပြုလုပ်နိုင်ရန် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်နိမိတ်အတွင်း ဤဥပဒေ အရ စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခု ထိခိုက် ပျက်စီးခြင်း သို့မဟုတ် ပြင်ဆင်ရန်လိုအပ်ခြင်းကိုသိရှိလျှင် မှတ်တိုင်အသစ်ကို မူလနေရာ တွင် ပြန်လည်စိုက်ထူရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ ဆုံးဖြတ်ချက်ချမှတ်၍ ကုန်ကျစရိတ် ငွေကျခံရမည့်သူကို သတ်မှတ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဘယ်လ်ဂျီယံရဲ့တိုက်စစ်ကို ထိန်းချုပ်ဖို့ခက်မယ့် တူနီးရှား

**ဝင်းမြတ်**

**၂၃ ဇွန်လ ၂၀၁၈ ညနေ ၆း၃၀ (Otkrytiye Arena)**

ဇွန် ၂၃ ရက်(ယနေ့ည) မှာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(ဆ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘယ်လ်ဂျီယံနဲ့ တူနီးရှားတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ စောင့်ကြည့်ရမယ်။

### ဘယ်လ်ဂျီယံရဲ့ အခြေအနေ

အဖွင့်ပွဲစဉ်မှာ ပနားမားကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့တဲ့ ဘယ်လ်ဂျီယံရဲ့ခြေစွမ်းက ကောင်းမွန်ပါတယ်။ ဟာဇက်၊ ဒီဘရူနီ၊ လူကာကူ၊ မာတန်တို့ ခြေစွမ်းပြနေခဲ့တာကြောင့်လည်း ဘယ်လ်ဂျီယံရဲ့ တိုက်စစ်က ထက်မြက်မှုရှိနေပါတယ်။ ဒါ့အပြင် ဘယ်လ်ဂျီယံအနေနဲ့ ခံစစ်ပိုင်းကစားပုံလည်း ကောင်းမွန်ကာ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့အတွက် ဒီပွဲမှာလည်း အမှားခံမှာ မဟုတ်ပါဘူး။

### တူနီးရှားရဲ့ အခြေအနေ

အင်္ဂလန်ကို အရေးနိမ့်ခဲ့ရတဲ့ တူနီးရှားကလည်း ဒီပွဲစဉ်မှာ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ အင်္ဂလန်နဲ့ပွဲမှာ ကစားခဲ့တဲ့ တူနီးရှားရဲ့ ခြေစွမ်းကလည်း တည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ကာ ခံစစ်ကစားပုံကောင်းမွန်သလို တန်ပြန်တိုက်စစ်ကစားပုံလည်း လျင်မြန်မှုရှိတာကို တွေ့ရပါတယ်။

### သုံးသပ်ချက်

အဖွင့်ပွဲမှာ ရှုံးခဲ့တဲ့ တူနီးရှားအနေနဲ့ ဒီပွဲမှာ ခံစစ်အားပြုဖို့ထက် တိုက်စစ်ကို ပထမပွဲကထက် ပိုမိုအားပြုလာနိုင်ပါတယ်။ ဒါကြောင့်လည်း ထက်မြက်တဲ့ ဘယ်လ်ဂျီယံရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ပိုမိုခက်ခဲနိုင်ပါတယ်။ ဘယ်လ် ဂျီယံကသာ နိုင်ပွဲရယူသွားဖို့ ရှိပါတယ်။

# နောက်တစ်ဆင့်တက်ဖို့ နိုင်ပွဲရယူသွားမယ့် မက္ကဆီကို

**၂၃ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Rostov Arena)**

ဇွန်လ ၂၃ ရက်နေ့(ယနေ့ည) မှာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စု (စ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ တောင်ကိုရီးယားနဲ့မက္ကဆီကိုတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး မက္ကဆီကို နိုင်ပွဲရမလားစောင့်ကြည့်ရမယ်။

### တောင်ကိုရီးယားရဲ့ အခြေအနေ

အဖွင့်ပွဲစဉ်မှာ တောင်ကိုရီးယားအနေနဲ့ ဆွီဒင်ကိုအရေးနိမ့်ခဲ့လို့ ဒီပွဲမှာ အနိုင်ရပါမှ နောက်တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် တောင်ကိုရီးယားရဲ့ တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေဆဲဖြစ်ပြီး ဆွန်ဟောင်မင်အပေါ်မှာသာအမှီပြုလွန်းနေကာ အသင်းလိုက်မာကျောမှုလည်း ပျောက်ဆုံးနေတယ်။

### မက္ကဆီကိုရဲ့အခြေအနေ

အဖွင့်ပွဲစဉ်မှာ ဂျာမနီကိုတောင် အနိုင်ရယူနိုင်ခဲ့တဲ့ မက္ကဆီကိုကတော့ ဒီပွဲမှာ အနိုင်ရယူနိုင်ခဲ့မယ်ဆိုရင်နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မက္ကဆီကိုတို့ အားစိုက်ကစားလာမှာဖြစ်သလို အသင်းလိုက်စွမ်းဆောင်ရည်နဲ့ တန်ပြန်တိုက်စစ် ကစားပုံလည်း ကောင်းမွန်မှု ရှိနေပါတယ်။

### သုံးသပ်ချက်

လျင်မြန်မှုကို ဦးစားပေးကစားကြတဲ့နှစ်သင်းဖြစ်လို့ အကြိတ်အနယ်ရှိနိုင်ပါတယ်။ ဒါပေမယ့် တန်ပြန်တိုက်စစ်ကို ပုံဖော်ရာမှာတော့ မက္ကဆီကိုက ပိုမိုကောင်းမွန်သလို အသင်းလိုက်မာကျောမှုမှာလည်း မက္ကဆီကိုက ပိုမိုကောင်းမွန်လို့ မက္ကဆီကိုပဲ အနိုင်ရမယ်။

# ဆွီဒင်ကိုလည်း ခက်ခဲစွာ ကျော်ဖြတ်ရဦးမယ့် ဂျာမနီ

**၂၄ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Olimpiyskiy Stadion Fisht)**

ဇွန်လ ၂၄ ရက်မှာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(စ) ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျာမနီနဲ့ ဆွီဒင်တို့ရဲ့ ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဂျာမနီတို့ နိုင်ပွဲရမလား စောင့်ကြည့်ရမယ်။

### ဂျာမနီရဲ့ အခြေအနေ

ဂျာမနီအနေနဲ့ အဖွင့်ပွဲမှာ ရှုံးပွဲကြုံခဲ့တာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂျာမနီရဲ့ တိုက်စစ်နဲ့ ကွင်းလယ်ချိတ်ဆက်မှုကတော့ အားနည်းနေဆဲဖြစ်ပြီး အဆုံးသတ်ပိုင်းမှာလည်း အားနည်းနေပါတယ်။ အထူးသဖြင့် ဂျာမနီအနေနဲ့ ဒရက်ဆလာ၊ တီမိုဝါနာတို့ ခြေစွမ်းပြသနိုင်ခြင်းမရှိတာကြောင့်လည်း ဂျာမနီ တိုက်စစ်က အားနည်းနေတာ ဖြစ်ပါတယ်။

### ဆွီဒင်ရဲ့ အခြေအနေ

အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရခဲ့တဲ့ ဆွီဒင်အနေနဲ့ တိုက်စစ်ပိုင်း အားနည်းပေမယ့်လည်း ခံစစ်ပိုင်းကတော့ ကျစ်လျစ်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဒီပွဲမှာ သရေလောက် ကစားနိုင်တာနဲ့နောက် တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်တာကြောင့် ဂျာမနီကို တိုက်စစ်နဲ့ ရင်ဆိုင်ဖို့ထက် ခံစစ်ကိုသာ အားပြုကာ တန်ပြန်တိုက်စစ်ကိုပဲ အသုံးပြုလာနိုင်ပါတယ်။

### သုံးသပ်ချက်

နိုင်ပွဲလိုအပ်နေတဲ့ ဂျာမနီတို့ တိုက်စစ်နဲ့ ပွဲကိုချဉ်းကပ်မှာ ဖြစ်ပေမယ့် ဆွီဒင်ရဲ့ တောင့်တင်းတဲ့ ခံစစ်ကိုတော့ ခက်ခက်ခဲခဲ ကျော်ဖြတ်ရနိုင်ပါတယ်။ အထူးသဖြင့် ဂျာမနီ တိုက်စစ်ကလည်း လိုအပ်ချက်တွေ ရှိနေလို့ ဒီပွဲမှာလည်း ဂျာမနီနိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၉ အသင်း ပြန်လည်လေ့ကျင့်

**ရန်ကုန် ဇွန် ၂၂**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် ဇွန် ၂၂ ရက်မှစ၍ လေ့ကျင့်မှု ပြန်လည်ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူ ခြေစမ်းခရီးစဉ်သွားရောက်ခဲ့သည့် ကစားသမား ၂၃ ဦးနှင့် ကျန်ရစ်ခဲ့သည့် ကစားသမားငါးဦးကို ပြန်ပေါင်းကာ လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်မှ ဇွန် ၂၁ ရက် တွင် ပြန်လည်ရောက်ရှိခဲ့ပြီး နားရက်မယူဘဲ ဆက်လက်လေ့ကျင့်ခြင်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်ပတ်ကျော်ရမည်ဖြစ်ပြီး အပြီးသတ်လူရွေးချယ်ရန်နှင့် စင်ကာပူ ခြေစမ်းခရီးစဉ်မှ လိုအပ်ချက်၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်ရမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၂၆ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ကလပ် မကွေးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး အပြီးသတ် ၂၃ ဦး ခေါ်ဆောင်သွားမည်ဖြစ်သောကြောင့် ငါးဦးလျှော့ချရမည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် မေ ၁၀ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲလေးပွဲ၊ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားထားကာ ပြည်တွင်းခြေစမ်းပွဲများတွင် တစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ နိုင်ငံတကာ ခြေစမ်းပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။



မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်း

မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ**- ဦးတင်မြင့်အောင်၊ **နည်းပြချုပ်** - ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ** - ဦးဘိုဘိုအောင်၊ ဦးလင်းလင်းထွေး၊ **ဂိုးနည်းပြ** - ဦးကိုကိုအောင်၊ ဂိုးသမား- ဇင်ညီညီအောင်၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ ခန့်ကျော်ဦး၊ **နောက်တန်း** - စည်သူမိုးခန့်၊ အောင်ဝဏ္ဏစိုး၊ ဟိန်းထက်စည်သူ၊ ရဲလင်းထက်၊ တေဇော်လင်း၊ ငြိမ်းချမ်းအောင်-၁၊ စိုးမိုးကျော်၊ နိုင်ကိုကို၊ ဟိန်းဇေယျာလင်း၊ **အလယ်တန်း** - ဝဏ္ဏထွန်း၊ နန်းထိုက်ဇော်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်-၁၊ မြတ်ကောင်းခန့်၊ သူရစံ၊ ငြိမ်းချမ်းအောင်-၂၊ ခင်ကျော်ဝင်း၊ **ရှေ့တန်း** - ထက်ဖြိုးဝေ၊ ထက်အာကာလင်း၊ လွှမ်းမိုးဦး၊ ပြည့်စုံနိုင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်း၊ ရန်ပိုင်လင်းထက်တို့ ပါဝင်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ဘရာဇီးနှင့် နိုင်ဂျီးရီးယားတို့ အနိုင်ရရှိ

ကမ္ဘာ့ဖလား ၃၂ သင်းအဆင့် အုပ်စုဒုတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၂၂ ရက် ညနေပိုင်း၌ အုပ်စု(င)မှ ဘရာဇီးနှင့် ကော်စတာရီကာပွဲတွင် **(အောက်ပုံ)** နှစ်ဂိုး-ဂိုးမရှိဖြင့် ဘရာဇီးအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ပထမပိုင်း၌နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဘရာဇီးအသင်းကွင်းလယ်ကစားသမား ကော်တင်ဟို၏ သွင်းဂိုးဖြင့် အဖွင့်ဂိုးရရှိခဲ့ပြီး နာကျင်အချိန်ပိုတွင် နေမာက ဘရာဇီးအတွက် ထပ်မံအနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ဘရာဇီးအသင်းမှာ ရမှတ်လေးမှတ် ရရှိထားပြီး ကော်စတာရီကာအသင်းမှာ အမှတ်မရရှိသေးပေ။



အုပ်စု(ဃ)မှ ပွဲစဉ်တစ်ပွဲဖြစ်သည့် နိုင်ဂျီးရီးယားနှင့် အိုက်စလန်ပွဲကို ဇွန် ၂၂ ရက်ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ နိုင်ဂျီးရီးယားအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နိုင်ဂျီးရီးယားအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး မူဆာက ပွဲချိန် ၄၉မိနစ်နှင့် ၇၅မိနစ်တွင် တစ်ဦးတည်းသွင်းယူခဲ့ကာ ပွဲချိန် ၈၃မိနစ်တွင် အိုက်စလန်အသင်း ပယ်နယ်တီကန်ခွင့်ရပြီး ကွင်းလယ်ကစားသမား ဆီဂတ်စ်ဆန်သွင်းယူခဲ့ရာ ဂိုးဘားတန်းကျော်ခဲ့၍ အိုက်စလန်အသင်း ချေပဂိုးရရန် အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ နိုင်ဂျီးရီးယားအသင်းသည် ရမှတ်သုံးမှတ်ရရှိကာ မျှော်လင့်ချက်ရှိလာခဲ့ပြီး ဇွန် ၂၇ရက် နံနက်ပိုင်းတွင် အုပ်စုနောက်ဆုံးပွဲအဖြစ် အမှတ်လိုနေသည့် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဇွန် ၂၂ရက်နံနက်ပိုင်းတွင် အုပ်စု (ဃ)မှ ပွဲစဉ် တစ်ပွဲဖြစ်သည့် အာဂျင်တီးနားနှင့် ခရိုအေးရှားပွဲတွင် နာမည်ကြီးအာဂျင်တီးနားအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၅၃မိနစ်တွင် အာဂျင်တီးနား ဂိုးသမားဆမ်ပါအိုလီ၏ အမှားမှတစ်ဆင့် ခရိုအေးရှား ကွင်းလယ်ကစားသမား ရီဘစ်က ခရိုအေးရှားအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ မိနစ် ၈၀တွင် မိုဒရစ်က ၁၈ကိုက်အစပ်မှ ခရိုအေးရှားအတွက် ဒုတိယဂိုး သွင်းယူခဲ့ပြီး မိနစ် ၉၀ တွင် ရာကီတစ်က တတိယဂိုးသွင်းယူခဲ့သည်။အုပ်စု(ဃ)၌ ပွဲစဉ် နှစ်ပွဲယှဉ်ပြိုင်အပြီးတွင် ခရိုအေးရှားအသင်းသည် ရမှတ်ခြောက်မှတ်ရရှိထားကာ နောက်တစ်ဆင့် တက်ရောက်ရန် သေချာသွားပြီး နိုင်ဂျီးရီးယား ရမှတ်သုံးမှတ်နှင့် အိုက်စလန်၊ အာဂျင်တီးနားတို့မှာ တစ်မှတ်စီသာ ရရှိထားသည်။

**သီဟ**

# မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ကရာတေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၂**

ပထမအကြိမ်မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် အကြီးတန်းဖိတ်ခေါ် ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်နာယက ဦးအောင်ဒင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ ပထမနေ့ပွဲစဉ်တွင် စီနီယာအမျိုးသား အမျိုးသမီးတစ်ဦးချင်းအသင်းလိုက် ခတပြိုင်ပွဲများ အမျိုးသားကုမိတဲ့ -၅၀၊ -၅၅၊-၆၁၊+၆၁ ကီလိုတန်းလိုက်ပြိုင်ပွဲများ၊ အမျိုးသမီးအသင်းလိုက် ကုမိတဲ့ -၅၅၊ -၆၀၊ -၆၇၊ -၇၅၊ +၇၅ ကီလိုတန်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါ ပြိုင်ပွဲတွင် အသက် ၁၄ နှစ်၊ ၁၂ နှစ်ပြိုင်ပွဲများ ပါဝင်ပြီး အသင်း ၂၇ သင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာန၊ ကလပ်အသင်း ကိုယ်စားပြုအားကစားသမား ၃၇၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အကြီးတန်းဖိတ်ခေါ် ကရာတေးပြိုင်ပွဲကို ဇွန်၂၄ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

● *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် အမှတ်ပေးဇယားကို ပထမဆုံး ဦးဆောင်ခွင့်ရရန် အခွင့်အရေးဖြစ်ပြီး နိုင်ပွဲရပါက ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း အနိုင်ရပါက ချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာနိုင်သလို ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးများသွားမည် ဖြစ်သည်။ ရန်ကုန်အသင်း အနိုင်ရပါက ချန်ပီယံဆုအတွက် ရာခိုင်နှုန်းများသွားမည်ဖြစ်ပြီး သရေကျပါက လက်ကျန်ပွဲများမှာ ပိုမိုအရေးပါလာမည်ဖြစ်သည်။ နှစ်ပွဲဆက် နိုင်ပွဲမရသေးသည့် ရတနာပုံအသင်း၊ ဒုတိယအကျော့တွင် နိုင်ပွဲမရသေးသည့် မကွေးအသင်းတို့ အဝေးကွင်းပွဲကျပ်ကစားရမည်ဖြစ်ရာ နိုင်ပွဲအတွက် ထပ်မံရုန်းကန်ရဖွယ်ရှိနေသည်။ တတိယနေရာသို့ ပထမဆုံးတက်ရောက်နိုင်ခဲ့သည့် Southern အသင်းသည် အိမ်ကွင်း၌ ဆက်လက်ကစားရမည်ဖြစ်သော်လည်း ဟံသာဝတီနှင့် တွေ့ဆုံနေသောကြောင့် နိုင်ပွဲရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

ပွဲစဉ် ၁၆ အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ Southern အသင်းနှင့် မကွေးအသင်းက ၂၅ မှတ်စီ၊ ရတနာပုံအသင်းက ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၂၁ မှတ်၊ ဇွဲကပင်အသင်းက ၂၀ မှတ်၊ ဧရာဝတီအသင်းက ၁၉ မှတ်၊ စစ်ကိုင်းအသင်းက ၁၅ မှတ်၊ GFA အသင်းက ၁၄ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# FDA ဝန်ထမ်းအမျိုးသမီးကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သော အငှားယာဉ်မောင်း တရားခံကို သေဒဏ်ချမှတ်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်မြို့၌ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဖြစ်ပွားခဲ့သော အငှားယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည် မရွှေရည်ဝင်းကို မုဒိမ်းကျင့် သတ်ဖြတ်ခဲ့သော အငှားယာဉ်မောင်း တရားခံ မျိုးဇော်ဦး(ခ) ဆီဒိုးနားကို ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်တရားရုံး၌ ယနေ့ နံနက် ၁၀ နာရီတွင် ခရိုင်တရားသူကြီးက သေဒဏ် အမိန့်ချမှတ်ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်တရားရုံး သတင်းပြန်ကြားရေးအရာရှိ ဦးထွန်းထွန်းဦးက "ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) ဂ မှာပါတဲ့ ရာဇသတ်ကြီးအရ ထောင်ဒဏ် ခုနစ်နှစ်အထိ ကျခံရမယ့် ပြစ်မှုမျိုးကိုကျူးလွန်စဉ်မှာ လူသတ်မှုကိုပါ ကျူးလွန်တဲ့အတွက် ဥပဒေကြောင်းအရ သေဒဏ်ချမှတ်လိုက်တာ ဖြစ်တယ်၊ စီရင်ချက်ကိုလည်း တရားသူကြီးက တရားခွင်မှာ ဖတ်ကြားပြီးဖြစ်ပါတယ်၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာပြီး သေဒဏ်ချမှတ်ခဲ့တာပါ၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အတိုင်းပဲ အမိန့်ချမှတ်တာဖြစ်တယ်၊ သေဒဏ်အမိန့်ချမှတ်လိုက်တဲ့ တရားခံကို ချမှတ်ပြီးတာနဲ့ သူ့အနေနဲ့ သူ့ရဲ့အခွင့်အရေးကို ခံစားမယ်ဆိုရင် အယူခံပိုင်ခွင့်ရှိပါတယ်" ဟု မီဒီယာများကို ပြောကြားသည်။

အမှုဖြစ်စဉ်မှာ ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲအချိန်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ တိုးချဲ့ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းမပေါ် ငမိုးရိပ်ချောင်းလက်တက် ချောင်းကူးတံတားဘေးရှိ သစ်ပင်အောက်၌ အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် လဲကျသေဆုံးနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မျက်နှာ၊ လည်ပင်း တို့တွင် ဖူးရောင်ညိုမည်း ဒဏ်ရာနှင့် လည်ပင်းရှေ့ထိုးသွင်းဒဏ်ရာတို့ဖြင့် သေဆုံးနေသော အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့ရပြီး စိစစ်ဖော်ထုတ်ချက်အရ ဒဂုံမြို့နယ် ဦးဝိစာရ ရပ်ကွက်နေ မရွှေရည်ဝင်း(ခ)ရွှေရည် (၂၅ နှစ်) ဖြစ်ကြောင်း၊ နေပြည်တော်၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)တွင် ဒုတိယကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း သိရှိရပြီး ရဲတပ်ဖွဲ့ဝင်များ၏ ဆက်လက် စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ ပြစ်မှုကျူးလွန်သူ မျိုးဇော်ဦးကို ၎င်း၏ တက္ကစီ မော်တော်ယာဉ် အမှတ် 7E/---- တိုယိုတာဗစ် ငွေမင်ရောင်နှင့်အတူ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ယင်းအမှုကို တရားလိုပြသက်သေ စုစုပေါင်း ၂၀ ဦးတို့ကို စစ်ဆေးကာ ယခုကဲ့သို့ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



အရှေ့ပိုင်းခရိုင်တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဦးထွန်းထွန်းဦး မီဒီယာများကို ရှင်းလင်းပြောကြားစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၃ -၆- ၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ရခိုင်ပြည်နယ်ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၆၄)
၉း၁၅ - "News Watch TV"
၁၁း၁၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ပျားရည်"
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၆ )
၁၃း၄၀ - "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်) (ဒါရိုက်တာ- ဦးခင်ဇော်)

**ညပိုင်း**

၁၅း၄၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဇွဲကပင်ယူနိုက်တက် FC Vs ရတနာပုံ FC)
၁၈း၂၀ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ "ပြုံးပြုံးလေး " (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ သဲစုဇော်)
၁၈း၃၀ - Tasty Trip
၁၉း၁၅ - "ဒီမိုကရေစီစိတ်ထား" (အပိုင်း- ၁)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - "လူငယ်နှင့် မူးယစ်ဆေးဝါး ကဏ္ဍ" (လူငယ်များက ပြောသော လူငယ်စကားများ) (အပိုင်း-၁)
- Big Step (Singer - Nge Nge Lay)
- ဂီတသမား၊ ဂီတစကား၊ "ဖွားဖက်တော်တေးသီချင်း" နှစ်ပုဒ်
- ဟိုတုန်းက ကက်ဆက် ဇာတ်လမ်းများ "မတည့်အတူနေ" (ဘလိတ်၊ စောမြတ်နှီး၊ ထက်နေချမ်း၊ စောယုနန္ဒာ) (ဒါရိုက်တာ- သီတာလင်း)

# ကံမမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးနှင့် ပို့ဆောင်ပေးသူလေးဦး ဖမ်းဆီးရမိ



**ကံမ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မီးပေါက်ကျေးရွာအနီး တောအုပ်ထဲ၌ တရားမဝင် ဝင်ရောက်လာသူများကို တွေ့ရှိကြောင်းသတင်းအရ ဇွန် ၂၀ ရက် ညနေပိုင်းက ကြို့ပင်နယ်မြေစခန်းမှ ရဲအုပ်သက်လင်းဦး ဦးစီးသောတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးနှင့် ပို့ဆောင်ပေးသူလေးဦး စုစုပေါင်း ၁၅ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

အဆိုပါဖြစ်စဉ်တွင် လမ်းပြခေါ်ဆောင်လာကြသူ ဝင်းမောင်၊ ထွန်းထွန်း၊ သန်းသန်းအောင်၊ ကျော်စိုးမိုးတို့နှင့်အတူ စစ်တွေမြို့နယ် သဲချောင်းဒုက္ခသည်စခန်းမှ နူကာလ၊ အေးသွင် (ခ) မိုဂျူရာဟာမွတ်၊ မင်းနိုင် (ခ) စောလီမူလာ၊ သိန်းရွှေ (ခ) နောဂျူ၊ အောင်ထွန်းဦး (ခ) မိုဟာမက်သွာနိမ့်၊ အောင်စိုးနိုင် (ခ) အာမီချောရီ၊ ဖြိုးဖြိုးနိုင် (ခ) ထူဟိုက်၊ မောင်လု (ခ) ချောဘူလာ၊ လုရွှေ (ခ) မိုဟာမက်ဆာဒိန်း၊ မလုလုမေ (ခ) ဟာဂျီဂျော်နော်၊ မချောစုခိုင် (ခ) ဟာဂျီအာ တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျဝင်း (ပြန်/ဆက်)**

# နောင်ချိုနှင့် ဟိုပင်၌ ငွေကျပ်သိန်း ၈၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက်ညနေ ၅ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်းတွင် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် မြင့်သူနှင့် မအေးဆိုင်မွမ်းတို့၏ ကော်ပုံး လေးပုံးနှင့် ခရီးဆောင်အိတ်အတွင်းတို့မှ ဘိန်းဖြူဆပ်ပြာခွက် ၆၆၀ ခွက် ( အလေးချိန် ၇ ဒသမ ၂၆ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၈၀၀၀၊ ရွှေလက်ကောက် ခြောက်ကွင်း၊ MC ဟန်းချိန်းတစ်ခု၊ ရွှေဆွဲကြိုးတစ်ကုံး၊ ဆွဲသီးတစ်ခု၊ ရွှေလက်စွပ်လေးကွင်း၊ ရွှေနားကပ်တစ်ရန်၊ ငွေကျပ် ၁၀ သိန်းနှင့် ဖုန်းသုံးလုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၃၉ ဒသမ ၄ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ည ၈ နာရီတွင် မူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသူ မနှင်းရီကို မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပင်မြို့ မြသီတာ ရပ်ကွက် နယ်မြေ(၃) နန်းချယ်ရီလမ်း နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇွန် ၂၂ ရက် နံနက် ၁၀ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့မြို့မ(ကွက်သစ်) ရပ်ကွက်နေ ကျဆော်နှင့် မနာပါး(ခ) လားဟူမ တို့၏ နေအိမ်ကိုရှာဖွေရာ ကျဆော်ကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၀၊ ငွေကျပ် ခြောက်သိန်းနှင့် ထိုင်းဘတ် ၆၅၀၀၀ တို့ကို လည်းကောင်း၊ အလားတူ တန့်ယန်းမြို့ အမှတ် ၂ ရပ်ကွက် အုပ်စု(၁၃-ခ) မန်မိုင်ဝကျေးရွာနေ စိုင်းထွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မအေးဆိုင်မွမ်း(ခ)မသီရိခိုင်နှင့် မြင့်သူတို့အား ဖမ်းဆီးရမိသည့် မူးယစ် ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာသော လေယာဉ်တစ်စင်း လေဖိအားကြောင့် လေကာမှန်အက်ကွဲ၊ လူထိခိုက်မှုမရှိ

**နေပြည်တော် ဇွန် ၂၂**

နေပြည်တော်မှ ရန်ကုန်သို့ ဇွန် ၂၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က ထွက်ခွာခဲ့သော FMI လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ်အမှတ် ND- (104) လေယာဉ်အမှတ် XY-AMH ၊ ATR -72 လေယာဉ်သည် နေပြည်တော်လေဆိပ်မှထွက်ခွာပြီး မိနစ် ၂၀ ခန့်အကြာ အမြင့်ပေ ၁၆၀၀၀ ခန့်တွင် လေဖိအားကြောင့် လေယာဉ်၏ ယာဘက်လေကာမှန် အက်ကွဲခဲ့သော်လည်း ထိခိုက်မှုတစ်စုံတစ်ရာမရှိဘဲ ရန်ကုန်လေဆိပ်သို့ ကောင်းမွန်စွာဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်တွင် ကပ္ပတိန် ဦးမြင့်ခိုင်နှင့် လေယာဉ်အမှုထမ်း လေးဦး၊ ခရီးသည် ၂၂ ဦး၊ လုံခြုံရေးဝန်ထမ်းနှစ်ဦးတို့ လိုက်ပါခဲ့ပြီး လေယာဉ်မှာ နံနက် ၉ နာရီ ၅ မိနစ်တွင် ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သက်ငယ်မုဒိမ်းမှု ကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**မကွေး ဇွန် ၂၂**

နတ်မောက်မြို့နယ်တွင် ၂၀၁၇ ခုနှစ်က သက်ငယ်မုဒိမ်းမှုကျူးလွန်သူ အမျိုးသားကို မကွေးခရိုင်တရားရုံးက ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက နတ်မောက်မြို့ -------ရပ်ကွက်နေ မ----- (၁၅ နှစ်)သည် ကျောင်းတက်ရန်အတွက် နေအိမ်မှတစ်ဦးတည်း ထွက်လာရာ ရန်အောင်မြင်ရပ်ကွက် အလုပ်သမားရုံးအနီး လွန်ခဲ့သောနှစ်လခန့်က ချစ်ကြိုက်ခဲ့ဖူးသူ အောင်ချိုဦးက အလိုမတူဘဲ သားမယား ပြုကျင့်ခဲ့ပြီးနောက် ထွက်ပြေးသွားခဲ့သဖြင့် အမှုဖွင့်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ချိုဦးကို အရေးယူပေးရန် မ------မှ တရားလိုပြုတိုင်ကြားခဲ့၍ နတ်မောက်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးပြီး မကွေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မကွေးခရိုင်တရားရုံးမှ ဇွန်၂၁ ရက်တွင် တရားခံ အောင်ချိုဦးကို အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် အမိန့် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

**ကျော်ဇေယျ**

# ကျိုက်ထိုမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကျိုက်ထို ဇွန် ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့မရဲစခန်းမှ ရဲအုပ် ဇော်မျိုးလွင်နှင့်အဖွဲ့သည် ဇွန် ၁၉ ရက်က သက်သေများနှင့်အတူ ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအုပ်စု စိန်ကလဲ့ကျေးရွာသို့ သွားရောက်ပြီး ကြိုတင်သတင်းရရှိထားသည့် မင်းသူ (၂၀ နှစ်) စိန်ကလဲ့ကျေးရွာ ကျိုက်ထိုနေသူကို တွေ့ရှိစစ်ဆေးရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ (အလေးချိန် ၁၉ ဒသမ ၀ ဂရမ်)နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အဆိုပါမူးယစ်ဆေးဝါးများနှင့် ပတ်သက်ပြီး မေးမြန်းရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နေသူ ကိုကုလား(၂၇ နှစ်) ထံမှ မှာယူခဲ့ကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကိုရီးယားစစ်ပွဲကာလ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်ကြွင်းများကို မိခင်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းရေး ဆွေးနွေး




**ဝါရှင်တန် ဇွန် ၂၂**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ကိုရီးယားစစ်ပွဲကာလ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကျန်ရှိနေသော ရုပ်ကြွင်းများကို အမေရိကန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရေး ကိစ္စကို ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း ပြောခဲ့သည်။

စစ်ပွဲအတွင်း ပျောက်ဆုံးခဲ့သူများ၊ စစ်အကျဉ်းသားများကို ပြန်လည်ရှာဖွေမှုများ ပြုလုပ်သွားရေးကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်နှင့် မြောက်ကိုရီးယားတို့ လွန်ခဲ့သော ရက်သတ္တပတ်က စင်ကာပူ၌ ကျင်းပပြုလုပ်ခဲ့သော ပူးတွဲကြေညာချက်တွင် သဘောတူခဲ့သည်။

အဆိုပါကြေညာချက်တွင် မည်သူမည်ဝါမှန်းအတည်ပြုပြီးသူများကိုလည်း ချက်ချင်းအမိနိုင်ငံသို့ ပြန်ပို့ရေးကိစ္စများပါ ပါဝင်ကြောင်း သိရသည်။

ကြာသပတေးနေ့ဝန်ကြီးများအစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရုပ်ကြွင်းများကို အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးများကို လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။

သို့သော်လည်း မည်သို့မည်ပုံလုပ်ဆောင်နေသည်ဆိုသည့် အသေးစိတ်အချက်အလက်ကိုမူ မပြောကြားခဲ့ပေ။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားဒုံးကျည်ပစ်လွှတ်မှုများကို ရပ်တန့်မည်ဖြစ်ပြီး အရေးကြီးသောနျူကလီးယားစမ်းသပ်နေရာများကို ဖျက်ဆီးနေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတထရန့်က နျူကလီးယားကင်းစင်ရေးအတွက် အကောင်အထည်ဖော်ဖို့ အလွန်အရေးကြီးကြောင်း ပြောခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ်များကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။ သို့သော်လည်း တချို့လေ့လာစောင့်ကြည့်သူများက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏နျူကလီးယားအစီအစဉ်ကို လုံးဝအပြီးတိုင် စွန့်လွှတ်မည်လားဆိုသည်ကို သံသယဖြစ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂါနာ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်မှုများကြောင့် ၁၀ ဦးထက်မနည်း သေဆုံး



**အက်ခရာ ဇွန် ၂၂**
ဂါနာနိုင်ငံ၌ ယခုရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားရာ လူ ၁၀ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ဂါနာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မကြာသေးမီတွင် ပြောခဲ့သည်။

ဂါနာနိုင်ငံတွင် ဇွန် ၁၈ ရက်မှစကာ မိုးသည်းထန်စွာရွာသွန်းမှု ဆက်တိုက်ဖြစ်ပွားခဲ့သောကြောင့် ဒေသအများအပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မြို့တော် အက်ခရာတွင် ရေဘေးဒဏ်ပိုမိုပြင်းထန်ခဲ့ပြီး အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

အက်ခရာမြို့သည် မြေနိမ့်ပိုင်းဒေသတွင်တည်ရှိပြီး ရေနုတ်မြောင်းများ ပိတ်ဆို့မှုနှင့် တရားမဝင်အဆောက်အအုံတည်ဆောက်မှုများကြောင့် ရေဘေးဒဏ်ပိုမိုပြင်းထန်စွာခံစားရခြင်းဖြစ်ကြောင်း ဂါနာနိုင်ငံ မြို့ပြအင်ဂျင်နီယာတစ်ဦးက ပြောခဲ့သည်။

ဂါနာနိုင်ငံတွင် နှစ်စဉ်ဇွန်လပိုင်းတွင် ကမ်းရိုးတန်းဒေသနှင့် အလယ်ပိုင်းဒေသတွင် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းမှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ရွှေ့ပြောင်းအခြေချသူ ၇၂ ဦး မိမိသဘောဆန္ဒအလျောက် မူရင်းနေရပ်သို့ပြန်

**ထရီပိုလီ ဇွန် ၂၂**
မာလီနှင့် ဆီရာလီယွန်နိုင်ငံတို့မှ တရားမဝင်ရွှေ့ပြောင်းအခြေချနေထိုင်သူ ၇၂ ဦးကို ၎င်းတို့၏ဆန္ဒအလျောက် လစ်ဗျားမှ ထွက်ခွာပြီး မူရင်းတိုင်းပြည်သို့ ပြန်ပို့ပေးခဲ့ကြောင်း အာဏာပိုင်များကပြောသည်။ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချနေထိုင်သူများ အဖွဲ့အစည်း၏ အကူအညီဖြင့် ယင်းသို့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ မာလီနိုင်ငံမှ အမျိုးသမီးနှင့် ကလေးငယ်များပါဝင်သော လူပေါင်း ၆၃ ဦးသည် လစ်ဗျားနိုင်ငံမှတစ်ဆင့် မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ပေးသော အစီအစဉ်အတွင်း နေရပ်သို့ ပြန်သွားခဲ့ခြင်းဖြစ်ကြောင်း တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ တားဆီးရေးအဖွဲ့ကပြောသည်။ ဆီရာလီယွန်နိုင်ငံသားကိုးဦးကိုပါပြန်လည် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထရီပိုလီမြို့ရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှနေ၍ လေယာဉ်နှစ်စင်းခွဲကာ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

လစ်ဗျားနိုင်ငံရှိ ရွှေ့ပြောင်းအခြေချနေထိုင်သူများထားရှိရာ စင်တာတွင်လည်း ပင်လယ်ပြင်အတွင်းမှ ဖမ်းဆီး၊ ကယ်တင်ထားရသော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများနှင့် အဆမတန်ပြည့်နှက်နေသည်။ ယင်းကြောင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချနေထိုင်သူများအဖွဲ့အစည်း၏ အကူအညီဖြင့် နေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်းအစီအစဉ်လုပ်ဆောင်နေရခြင်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း တရားမဝင်နေထိုင်သူပေါင်း နှစ်သောင်းခန့်ကို နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း အဆိုပါအဖွဲ့က ပြောသည်။

**ဆင်ဟွာ**

## ဥရောပအနေဖြင့် နယ်စပ်ကိုလုံခြုံစွာ ကာကွယ်နိုင်စွမ်းရှိရမည်ဟု ပြော

**ဘူဒါပတ် ဇွန် ၂၂**
ပိုလန်၊ ဟန်ဂေရီ၊ ချက်၊ စလိုဗက်ကီးယားနှင့် ဩစတြီးယားနိုင်ငံတို့မှ ဝန်ကြီးချုပ်များက ဥရောပသည် ၎င်း၏နယ်စပ်ကိုလုံခြုံစွာ ကာကွယ်နိုင်စွမ်းရှိရမည်ဟု ကြာသပတေးနေ့က ပြောခဲ့သည်။

ဥရောပအလယ်ပိုင်းနိုင်ငံများဖြစ်သည့် ပိုလန်၊ ဟန်ဂေရီ၊ ချက်၊ စလိုဗက်ကီးယားနိုင်ငံတို့သည် နယ်စပ်လုံခြုံရေးနှင့်နိုင်ငံသားတို့၏ လုံခြုံရေးအတွက် ကာကွယ်နိုင်စွမ်းရှိရန် ဩစတြီးယားနိုင်ငံနှင့် သဘောတူထားပြီးဖြစ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအိုဗန်က သတင်းထောက်များကိုပြောသည်။ V4 ဟုခေါ် သည့် Visegrad နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် ဩစတြီးယားဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲအပြီး ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအချင်းချင်းဆက်ဆံရေးမှာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်ခြင်းမဟုတ်ကြောင်းလည်း ဩစတြီးယားဝန်ကြီးချုပ်က ပြောသည်။ အီးယူနိုင်ငံများ၏နယ်စပ်တွင် ရောက်ရှိနေသော ဒုက္ခသည်စခန်းများနှင့် နယ်စပ်ကို မည်သို့ကာကွယ်မည်ဟူသော မေးခွန်းများပေါ်ထွက်လာကြောင်း ၎င်းက ဆက်ပြောသည်။ ယခုတစ်ကြိမ်ဆွေးနွေးပွဲမှာ အီးယူအဖွဲ့ဝင်နိုင်ငံများကြား ဒုက္ခသည်များကို မည်သို့နေရာချထားရမည်ဟူသောအကြောင်းအရာနှင့် ဆက်ဆံရေးတင်းမာနေချိန် ပြုလုပ်ခဲ့သော အစည်းအဝေးလည်း ဖြစ်သည်။

လာမည့်ကြာသပတေးနေ့တွင် ပြုလုပ်မည့် အီးယူထိပ်သီးအစည်းအဝေးတွင် အဖြေရှာရေးဦးတည်သွားမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများသည် ရွှေ့ပြောင်းသွားလာသူများအရေးနှင့် ပတ်သက်၍ စိုးရိမ်နေရသည်။ လာမည့်ကြာသပတေးနေ့ အစည်းအဝေးတွင် V4 နိုင်ငံများသည် ၎င်းတို့၏ ရပ်တည်ချက်များကို တင်ပြသွားမည်ဖြစ်ကြောင်းလည်း မစ္စတာအိုဗန်က ပြောသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံရှိ ရှင်မိုမီးတောင် ထပ်မံပေါက်ကွဲမှုဖြစ်ပွား



**တိုကျို ဇွန် ၂၂**
ဂျပန်နိုင်ငံ ကာဂိုရှီးမားစီရင်စုနှင့် မီယာဆာကီ စီရင်စုကြားတည်ရှိနေသည့် ရှင်မိုမီးတောင်သည် ဇွန် ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၉ မိနစ်တွင် ပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရှင်မိုမီးတောင်မှ မီးခိုးများမှုတ်ထုတ်နေကြောင်းနှင့် မီးတောင်မှ လွင့်ထွက်သောပြာမှုန့်များသည် လေထဲတွင် ၂၃၀၀ မီတာအထိ ပျံ့နှံ့ရောက်ရှိနေကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက ဆက်လက်ဖော်ပြထားသည်။ ထပ်မံပေါက်ကွဲမှုဖြစ်သည့် ရှင်မိုမီးတောင်သည် အမြင့် ၁၄၂၁ မီတာရှိကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ဒေသခံများမှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်းနှင့် သေဆုံးဒဏ်ရာရသူစာရင်းကို ထုတ်ပြန်ကြေညာခြင်း မရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မြောက်ကိုရီးယားအရာရှိများနှင့် တွေ့ဆုံရန် စီစဉ်

**ဝါရှင်တန် ဇွန် ၂၂**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် အမေရိကန်နှင့် မြောက်ကိုရီးယား သမိုင်းဝင်ဆွေးနွေးပွဲရလဒ်များကိုအကောင်အထည်ဖော်ရန်အတွက် မြောက်ကိုရီးယားအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်လျက်ရှိကြောင်း အစောဆုံးနေ့ကို သတ်မှတ်သွားမည်ဖြစ်ကြောင်း အမေရိကန် ထိပ်တန်းအရာရှိများကပြောသည်။ နှစ်ဖက်စလုံးမှ အရာရှိများသည် ဇွန်၁၂ ရက် ဆွေးနွေးပွဲအပြီး အဆက်အသွယ်များရှိကြောင်း နိုင်ငံ ခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟီသာနော့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၏ နောက်တစ်ကြိမ်ပြုလုပ်မည့် အစည်းအဝေးကျင်းပမည့်ရက်နှင့် နေရာတို့ကိုမူ မဆုံးဖြတ်ရသေးကြောင်း ဟီသာနော့က ပြောသည်။ မစ္စတာပွန်ပီအိုသည် နောက်ဆက်တွဲ တွေ့ဆုံညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ မိုက်ပွန်ပီအိုကိုယ်တိုင်လည်း ၎င်းသည်မြောက်ကိုရီးယားသို့ သွားရောက်ရန်ရှိကြောင်း တနင်္လာနေ့က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ဂရုမစိုက်ဘူးစာတန်းပါ အင်္ကျီကိုဝတ်ဆင်ခဲ့သည့်အတွက် အမေရိကန်သမ္မတကတော် ဝေဖန်ခံနေရ

**ဝါရှင်တန် ဇွန် ၂၂**

အမေရိကန်သမ္မတကတော် မယ်လာနီထရန့်သည် "ငါလုံးဝ ဂရုမစိုက်ဘူး ဟုတ်တယ်မလား" ဆိုသည့် စာတန်းပါ အပေါ်ထပ်အင်္ကျီ ဝတ်ဆင်ခဲ့သည့်အတွက် ပြင်းပြင်းထန်ထန်ဝေဖန်ခံနေရသည်။ တက္ကဆက်ပြည်နယ်ရှိ ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ ကလေးငယ်များ ထားရှိရာ စင်တာသို့သွားရောက်စဉ် ယင်းအင်္ကျီကို ဝတ်ဆင်ခဲ့ခြင်းဖြစ်သည်။ မိဘများနှင့် အခွဲခံထားရသည့် ကလေးငယ်များ ထိန်းသိမ်းထားရှိရာ စင်တာသို့သွားရောက်စဉ် ယင်းသို့ ဝတ်ဆင်ခြင်းမှာ မသင့်လျော်ဟု မီဒီယာများကဖော်ပြသည်။ ယင်းအင်္ကျီဝတ်ဆင်ခြင်း၏ နောက်ကွယ်တွင် မည်သည့်အဓိပ္ပာယ်မှ မပါရှိကြောင်း မယ်လာနီထရန့်၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

သမ္မတထရန့်ကမူ ၎င်း၏ဇနီးသည် မီဒီယာများ၏ မရိုးသားမှု၊ သတင်းအမှားများ၊ သတင်းအတုများအကြောင်း နားလည်ထား၍ ယင်းကိစ္စကို မည်သို့မျှ မခံစားရကြောင်း တွစ်တာပေါ်တွင် ရေးသားထားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ၂၀၁၈ ခုနှစ်ဩဂုတ်လတွင် ဩစတြေးလျနိုင်ငံ၌ လူဦးရေ ၂၅ သန်းကျော် ရှိလာမည်ဟုခန့်မှန်း

**ကင် ဘာရာ ဇွန် ၂၂**

ဩစတြေးလျနိုင်ငံသည် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းလူဦးရေ ၂၅ သန်းကျော်လွန်လာမည်ဟု ဩစတြေးလျ စာရင်းဇယားဗျူရို၏ ခန့်မှန်းမှုအရ သိရသည်။ ၂၀၁၇ ခုနှစ်မှစ၍ ဩစတြေးလျနိုင်ငံ၏လူဦးရေမှာ တိုးတက်လာခဲ့ပြီး ပင်လယ်ရပ်ခြားမှ လာရောက်အခြေချ ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်မှာ လျော့ကျလာကြောင်း ပြည်ထောင်စုအစိုးရ၏ အချက်အလက်များအရ သိရသည်။

ဩစတြေးလျ စာရင်းဇယားဗျူရိုက ကြာသပတေးနေ့တွင် လူဦးရေဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ လူဦးရေမှာ ၂၄ ဒသမ ၈ သန်း ရှိခဲ့သည်။

လူဦးရေတိုးပွားမှုတွင်ဗစ်တိုးရီးယားပြည်နယ်က ဦးဆောင်လျက်ရှိပြီး ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာပြီး ယင်းနောက်မှ ကွင်းစလန်းပြည်နယ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာသည်။

မြောက်ပိုင်း နယ်မြေများတွင်မူ လူဦးရေတိုးပွားမှုနှုန်းမှာ ၀ ဒသမ ၂ ရာခိုင်နှုန်းသာရှိကြောင်း ကြာသပတေးနေ့တွင် ဩစတြေးလျ စာရင်းဇယားဗျူရိုက ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

# လူသိရှင်ကြားမကြေညာနိုင်သေးတဲ့ ဆီးရီးယားက ဓာတုလက်နက်သုံး မသုံး အစီရင်ခံစာ

**ဖြိုးစန္ဒီမွေး**



၂၀၁၈ ခုနှစ်ဇွန် ၂၀ ရက်မှာဆီးရီးယားအစိုးရတပ်ဟာ တစ်နှစ်အတွင်း ဓာတုလက်နက် အသုံးပြုမှု နှစ်ကြိမ်ရှိခဲ့တယ်လို့ သတင်းတွေထွက်ပေါ်လာပါတယ်။ ကလိုရင်းဓာတ်ငွေ့တွေဖြည့်ထားတဲ့အိမ်နီးနိုင်ငံလုပ် အမြောက်နဲ့ ပစ်ခတ်ခဲ့လို့ တဖြည်းဖြည်းစိမ့်ထွက်တဲ့ အဆိပ်ငွေ့တွေကြောင့် လူတွေဟာ ထွက်ပြေးချိန် အနည်းငယ်သာ ရခဲ့ပါတယ်။ နောက်တစ်ကြိမ်တိုက်ခိုက်မှုကတော့ လူနေတိုက်ခန်းတွေရဲ့အပေါ်ဆုံးလသာဆောင်ကနေ ဓာတုဗုံးကြဲချခဲ့တာပါ။ ကလေး ၁၁ ဦး အပါအဝင် လူပေါင်း ၄၉ ဦး သေဆုံးခဲ့ပါတယ်။ သူတို့ရဲ့ အသားအရေတွေဟာလည်း အပြာရောင်ကို ပြောင်းသွားပါတယ်။

**အသေးစိတ်အချက်အလက်တွေ ဖော်ပြခြင်းမရှိသေး**

သူပုန်တပ်တွေသိမ်းပိုက်ထားတဲ့ ဒမတ်စကတ် ဆင်ခြေဖုံးနေရာဖြစ်တဲ့ ဂေါက်တာမြို့ကို သူပုန်တွေလက်ထဲက ပြန်လုဖို့အရေး ဆီးရီးယားတပ်ဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေအတွက်လည်း အပြစ်တင်ခံရပါတယ်။ ဒါပေမယ့် ခုနစ်နှစ်ကြာ ပြည်တွင်းစစ်ပွဲအတွင်း ကုလသမဂ္ဂကော်မရှင်ရဲ့စုံစမ်းစစ်ဆေးမှုတွေနဲ့ အချက်အလက်တွေကိုတော့ အခုချိန်ထိ ဖုံးကွယ်ထားဆဲပါ။ ကော်မရှင်ဟာ ဗုဒ္ဓဟူးနေ့က အစီရင်ခံစာတစ်စောင် ပေါ်ထွက်လာပေမယ့် အသေးစိတ် အချက်အလက်တွေကိုတော့ ဖုံးကွယ်ထားဆဲပါ။

**အကြိမ်ကြိမ်အခါခါ ငြင်းဆို**

အစောပိုင်းကာလ အစီရင်ခံစာအကြမ်းထွက်ရှိတုန်းကတော့စာမျက်နှာ ခုနစ်မျက်နှာပါရှိပြီး နောက်ဆုံးအပြီးသတ်ထွက်ရှိလာတဲ့ အစီရင်ခံစာမှာတော့ နှစ်မျက်နှာသာ ပါရှိပါတော့တယ်။ ကော်မရှင်ရဲ့ အစီရင်ခံစာကတော့ အာဆတ်အစိုးရရဲ့ ဂေါက်တာမြို့ကို ပြန်လည်သိမ်းယူနိုင်ရေး ၂၀၁၈ ခုနှစ် အစောပိုင်းလေးလတာကာလအတွင်း ဆောင်ရွက်ချက်တွေကို စစ်ဆေးထားတာပဲဖြစ်တယ်။ မစ္စတာအာဆတ်အစိုးရဟာ အဲဒီနေရာကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် အမြောက်တွေနဲ့ ပစ်ခတ်ခြင်း၊ ဝက်ပြတ်အောင်ထားခြင်း၊ ဓာတုလက်နက်သုံးစွဲခြင်း အစရှိတာတွေ လုပ်ဆောင်ခဲ့တယ်လို့လည်း ဆိုကြပါတယ်။ အစီရင်ခံစာအကြမ်းတုန်းက ပေါက်ကြားလာမှုတွေအရ ဂေါက်တာမြို့အရှေ့ပိုင်းမှာ ဓာတုလက်နက်အသုံးပြုတိုက်ခိုက်ထားတဲ့ ကြောက်မက်ဖွယ်ရာပုံတွေပါရှိပါတယ်။ ဒီအတွက် ဆီးရီးယားအစိုးရနဲ့ ၎င်းကိုထောက်ခံပေးနေတဲ့မဟာမိတ်တွေမှာ တာဝန်ရှိတယ်လို့ အခိုင်အမာပြောကြပေမယ့် အာဆတ်အစိုးရရယ်၊ ရုရှားနဲ့ အီရန်တို့ကတော့ အကြိမ်ကြိမ်အခါခါ ငြင်းဆိုခဲ့ပါတယ်။

**ဖိအားပေးမှုမရှိ**

ကော်မရှင်ရဲ့အဖွဲ့ဝင်တွေကတော့ အစီရင်ခံစာကို လူထုကိုထုတ်မပြဘဲ ထိမ်ချန်ထားရတာနဲ့ ပတ်သက်ပြီး အစောပိုင်းထွက်ရှိလာတဲ့ အစီရင်ခံစာအကြမ်းမှာ ခိုင်မာတဲ့အချက်အလက်တွေထပ်ပြီးပေါင်းထည့်ဖို့ လိုပါသေးတယ်။ ရှင်းလင်းပြတ်သားတဲ့ အချက်အလက်တွေကို နောက်ထပ်အစီရင်ခံစာမှာ ထပ်ထည့်ဖို့ရှိပါတယ်လို့ ပြောပါတယ်။ အဲဒီအစီရင်ခံစာကတော့ စက်တင်ဘာလမှာ ထွက်ရှိကောင်း ထွက်ရှိနိုင်တယ်လို့လည်း သိရပါတယ်။

အစီရင်ခံစာရဲ့အချက်အလက်တွေကို လူသိရှင်ကြား မထုတ်ဖော်ဘဲ ထားဖို့ ဘယ်သူဘယ်ဝါရဲ့ ဖိအားပေးမှုမှုလည်း မရှိဘူးလို့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အီဂျစ်လူ့အခွင့်အရေးရှေ့နေ Hanny Megally က ပြောပါတယ်။ အခု လုပ်ဆောင်နေတဲ့စုံစမ်းစစ်ဆေးမှုနဲ့ပတ်သက်ပြီး လုပ်ငန်းအချို့လုပ်ဖို့ ကျန်တာလေးတွေလည်း ရှိပါသေးတယ်။ ဒါကြောင့်မို့လည်း ဒီအစီရင်ခံစာကို ခေတ္တထိန်းသိမ်းထားဖို့ ဆုံးဖြတ်ထားတာပါလို့ ၎င်းက ဆက်ပြောပါတယ်။ အခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် တိကျသေချာမှုမရှိတဲ့ အချက်အလက်တွေကြောင့် အစီရင်ခံစာကို လူသိရှင်ကြား ထုတ်ဖော်မပြသေးတာလည်း ဖြစ်နိုင်ပါတယ်။

**ပေါက်ကြားခဲ့တဲ့ အစီရင်ခံစာ**

အစောပိုင်းကာလပေါက်ကြားခဲ့တဲ့ အစီရင်ခံစာအကြမ်းမှာ ဖော်ပြခဲ့တာကတော့ ဂေါက်တာမြို့အရှေ့ပိုင်းမှာအာဆတ်ရဲ့အစိုးရတပ်ဖွဲ့ ဒါမှမဟုတ် စစ်သွေးကြွတွေနဲ့ ဆက်စပ်နေတဲ့အဖွဲ့တွေဟာလူသူထူထပ်တဲ့ နေရာတွေမှာ ဓာတုလက်နက်ကို အသုံးပြုခဲ့တယ်။ ဇန်နဝါရီကနေ ဧပြီလအထိ ဓာတုလက်နက်ခုနစ်ကြိမ် အသုံးပြုတိုက်ခိုက်ခဲ့တယ်။ ဇန်နဝါရီ ၁၃ ရက်၊ ၂၂ ရက်နဲ့ ဖေဖော်ဝါရီ ၁ ရက် တိုက်ခိုက်မှုတွေမှာ အစိုးရတပ်တွေဟာ ကလိုရင်းဓာတ်ငွေ့ကို အသုံးပြုတိုက်ခိုက်ခဲ့တယ်။ နံနက် ၅ နာရီနဲ့ ၆ နာရီကြား အားကစားရုံအနီးမှာ ကြဲချခဲ့တာဖြစ်တယ်လို့ အစီရင်ခံစာအကြမ်းမှာ ဖော်ပြထားပါတယ်။ မျက်မြင်သက်သေတွေရဲ့ ပြောကြားချက်အရတော့ အဲဒီအငွေ့တွေမှာ ကလိုရင်းနံ့ရပြီး လူတွေ ထွက်ပြေးဖို့၊ မျက်နှာဖုံးတွေတပ်ဆင်ဖို့ အချိန် အနည်းငယ်သာရတယ်လို့လည်း အစီရင်ခံစာအကြမ်းမှာတုန်းက ဖော်ပြထားပါတယ်။ ဂေါက်တာမြို့ အရှေ့ပိုင်းတိုက်ပွဲမှာတော့ အစိုးရတပ်တွေက ဓာတုလက်နက်ကို အသုံးပြုထားပြီး အခြားသော လက်နက်ကိုင်တပ်ဖွဲ့တွေကတော့ ပါဝင်ခဲ့ခြင်းမရှိဘူးလို့ ဖော်ပြထားပါတယ်။ ပထမဆုံးကြိမ် တိုက်ခိုက်မှုအတွင်း ကလေး ၁၁ ဦးအပါအဝင် လူပေါင်း ၃၁ ယောက်ဟာ ဖျားနာခဲ့ပေမယ့် တစ်ဦးတစ်ယောက်မှသေဆုံးခြင်း မရှိခဲ့ပါဘူး။ ဖေဖော်ဝါရီ ၂၅ ရက်နဲ့ မတ် ၇ ရက်မှာတော့ ပိုမိုပြင်းထန်တဲ့ အပျက်အစီးတွေဖြစ်ပေါ်ခဲ့ပြီး မွေးကင်းစကလေးငယ်အပါအဝင် ကလေးနှစ်ဦး သေဆုံးခဲ့ပါတယ်။ အရပ်သား ၁၈ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

> "ကော်မရှင်ရဲ့အဖွဲ့ဝင်တွေကတော့ အစီရင်ခံစာကို လူထုကိုထုတ်မပြဘဲ ထိမ်ချန်ထားရတာနဲ့ပတ်သက်ပြီး အစောပိုင်းထွက်ရှိလာတဲ့ အစီရင်ခံစာအကြမ်းမှာ ခိုင်မာတဲ့အချက်အလက်တွေထပ်ပြီး ပေါင်းထည့်ဖို့ လိုပါသေးတယ်၊ ရှင်းလင်းပြတ်သားတဲ့ အချက်အလက်တွေကို နောက်ထပ်အစီရင်ခံစာမှာ ထပ်ထည့်ဖို့ ရှိပါတယ်လို့ ပြောပါတယ်၊ အဲဒီအစီရင်ခံစာကတော့ စက်တင်ဘာလမှာ ထွက်ရှိကောင်းထွက်ရှိနိုင်တယ်လို့လည်း သိရ"

**ဘယ်လိုလက်နက်တွေကြောင့် လူတွေသေခဲ့ရသလဲ**

ဒီအချက်တွေကလည်း ပေါက်ကြားပြီး အစီရင်ခံစာအကြမ်းထဲမှာ ပါတဲ့ အချက်အလက် အချို့ပါ။ အဲဒီမှာ ဓာတုလက်နက်နဲ့ တိုက်ခိုက်တယ်ဆိုတာကို ဖော်ပြထားတဲ့ အခြားသောအချက်တွေလည်း ပါရှိပါသေးတယ်။ မစ္စတာ Megally တို့ အုပ်စုဟာ အစီရင်ခံစာမှာ ပါတဲ့ အဲဒီအသေးစိတ်အချက်အလက်တွေကို ဖော်ပြဖို့ ပျက်ကွက်ခဲ့ပါတယ်။ ဧပြီ ၇ ရက်တိုက်ခိုက်မှုမှာ အခုထက်ပိုပြီးတိကျတဲ့အချက်အလက်တွေ လိုနေပါသေးတယ်။ ဘယ်အရာက လူပေါင်း ၄၉ ယောက်ကို သေစေခဲ့သလဲဆိုတာကို တိတိကျကျသိဖို့ လိုအပ်ပါသေးတယ်။ ဒီလူတွေဘာကြောင့် သေဆုံးသွားရတာလဲဆိုတာ တိတိကျကျမသိရရင် ဒါဟာ နေရာမှားပြီးစုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်မိလို့ဖြစ်မယ်လို့ ၎င်းကဆက်ပြောပါတယ်။ တရားဝင်အစီရင်ခံစာမှာ ဓာတုလက်နက် အသုံးပြုတာနဲ့ပတ်သက်ပြီး သတိပြုရမယ့် အချက်တွေ အများကြီးရှိနေပါသေးတယ်။

**ကော်မရှင်အတွင်း သဘောထားကွဲလွဲမှုများ**

ဧပြီလ ၇ ရက်က ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုမှာတော့ ကလိုရင်းဓာတ်ငွေ့ အသုံးပြုတယ်လို့ ပြောနေကြသလိုဖြစ်ပေါ်လာတဲ့ ရောဂါလက္ခဏာကိုကြည့်ရင် နာ့ဗ်ကြောတွေကို ထိခိုက်စေတဲ့အခြား ဓာတုဓာတ်ငွေ့လည်း ဖြစ်နိုင်ပါတယ်။ သူပုန်တွေကရော ဘာကြောင့် အရပ်သားတွေနေတဲ့ နေရာကို အကာအကွယ် သဘောထားတာလဲ။ အရပ်သားတွေကို ဒိုင်းတွေသဖွယ် သဘောထားတာနဲ့ ပတ်သက်ပြီးလည်း တရားဝင်အစီရင်ခံစာမှာသူပုန်တွေကို ရှုတ်ချထားပါတယ်။ ဂေါက်တာမြို့အရှေ့ပိုင်း အစီရင်ခံစာထဲက အကြောင်းအရာတွေကတော့ ကော်မရှင်နဲ့ရင်းနှီးတဲ့ပုဂ္ဂိုလ်ဆီကနေ ပေါက်ကြားခဲ့တာပဲဖြစ်တယ်။ အဲဒီလူဟာအစီရင်ခံစာနဲ့ ပတ်သက်ပြီး အကြံပေးတစ်ယောက်လည်း ဖြစ်တယ်။ ဂေါက်တာမြို့အရှေ့ပိုင်း တိုက်ပွဲမှာ ဓာတုလက်နက်အသုံးပြုမပြုနဲ့ ဆက်စပ်ပြီးကော်မရှင်အတွင်းမှာလည်း သဘောထားကွဲလွဲမှုတွေ ရှိနေတယ်လို့သိရပါတယ်။ ဓာတုလက်နက် အသုံးပြုခြင်းကို အပြည်ပြည်ဆိုင်ရာ စာချုပ်အရ တားဆီးထားပြီး သမ္မတအာဆတ်ဟာလည်း ၂၀၁၃ ခုနှစ်မှာဓာတုလက်နက်မသုံးပါဘူးလို့ သဘောတူလက်မှတ်ရေးထိုးထားပါတယ်။ အဲဒီအချိန်တုန်းက အာဆတ်အစိုးရမှာ ဖိအားတွေအများကြီးနဲ့ ရင်ဆိုင်နေရပါတယ်။

**အချိန်အကြာဆုံးမြို့ကို ပိတ်ဆို့ထားမှု**

ဂေါက်တာမြို့မှာဓာတုလက်နက် အသုံးပြုခဲ့တယ်ဆိုပြီး ဆီးရီးယားအစိုးရဟာ ပထမဦးဆုံးအကြိမ်စွပ်စွဲခံရပါတယ်။ ဧပြီ ၇ ရက်ဒူမားမှာဖြစ်ပွားခဲ့တဲ့တိုက်ပွဲမှာတော့ အပြည်ပြည်ဆိုင်ရာရဲ့ ဒေါသထွက်မှုကို ရင်ဆိုင်ရပါတော့တယ်။ ဘာလို့လဲဆိုတော့ ကလေးငယ်များအပါအဝင် ထိခိုက်ခံစားရသူတွေဟာ အသက်ရှူတာဆို့နင့်ခြင်းအစရှိတဲ့ ဝေဒနာခံစားနေရတဲ့ ဗီဒီယိုဖိုင် ထွက်ပေါ်ခဲ့လို့ပါပဲ။ ဆီးရီးယားအစိုးရနဲ့ သူ့ရဲ့မဟာမိတ်တွေဟာ ဂေါက်တာမြို့ကို နှစ်လကျော်ကြာ ဝိုင်းထားခဲ့ပါတယ်။ ဒါဟာ ခေတ်သစ်မှာ အချိန်အကြာမြင့်ဆုံးမြို့ကို ပိတ်ဆို့ထားမှုလို့လည်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဆေးရုံတွေ၊ ကျောင်းတွေ၊ ဈေးတွေ ပျက်စီးခဲ့ရပြီး လူပေါင်းတစ်သိန်းလေးသောင်းခန့် နေရပ်စွန့်ခွာခဲ့ရပါတယ်။

ပြည်သူ အများစုကတော့ မြေအောက်ခန်းတွေ၊ ဗုံးခိုကျင်းတွေမှာ နေရပါတယ်။ ဗုဒ္ဓဟူးနေ့က တင်သွင်းခဲ့တဲ့ အစီရင်ခံစာကတော့ လူသိရှင်ကြားထွက်ပေါ်လာခြင်း မရှိပါဘူး။ သို့လောသို့လောမေးခွန်းတွေကလည်း ပိုပြီးဆူညံလာပါတယ်။ ဆီးရီးယားမှာ တကယ်ပဲ ဓာတုလက်နက်သုံးခဲ့သလား၊ မသုံးခဲ့ဘူးလားဆိုတာကို တိတိကျကျသိရဖို့ ခိုင်လုံတဲ့အထောက်အထားတွေ ထပ်စောင့်ရဦးမယ့် သဘောရှိပါတယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

# ဒဏ္ဍာရီမိုး ရုပ်ရှင်ဇာတ်ကားတွင် တွေ့ဆုံကြမည့် အနုပညာရှင်များ

7 Sense ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်း၊ ဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာ ဝင်းလွင်ထက်၊ Art ဒါရိုက်တာ သြရသတို့ ရိုက်ကူးမည့် “ဒဏ္ဍာရီမိုး” ရုပ်ရှင်ဇာတ်ကားကြီးတွင် စွယ်စုံရအနုပညာရှင်များ အားဖြည့်ဖန်တီးထားပြီး ပရိသတ်များ ကြည့်ရှုရကျိုးနပ်စေရန်အတွက် ရည်ရွယ်ထားကြောင်း သိရသည်။

ဇွန် ၂၅ ရက်၌ ရန်ကုန်မြို့ရှိ ကော်ဖီဆိုင်တစ်ခုအတွင်း ရိုက်ကူးရေးများစတင်မည်ဖြစ်ပြီး မကြာမီ နယ်ရိုက်ကူးရေးများကိုလည်း စတင်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါဇာတ်ကားတွင် ရဲတိုက်၊ ဒေါင်း၊ ရွှေထူးနှင့် အကယ်ဒမီ ဝတ်မှုန်ရွှေရည်တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်းသိရပြီး ရိုက်ကူးမှုအပိုင်းကို သက်ဆိုင်သူများထံ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ဝေမင်းမောင် Media 7 ထုတ်လုပ်ရေး**

ကျွန်တော်တို့စိတ်ကူးက ရဲတိုက်၊ ဒေါင်းနဲ့ ရွှေထူးတို့က ခပ်ကြမ်းကြမ်းခပ်စွာစွာ ပုံစံတွေဆိုတော့ သူတို့ကို ပေါင်းစပ်ပေးလိုက်ရင် ပရိသတ်လည်း အမြင်တစ်မျိုးထူးစေမယ်လို့ ယူဆပါတယ်။ မင်းသားသုံးလက်နဲ့ မင်းသမီးတစ်လက်ဆိုတာကတော့ နည်းနည်းဆန်းသွားအောင် ကြိုးစားပေါင်းစပ်ပေးတာ။ ဇာတ်လမ်းကတော့ ပရိသတ်ကြိုက်မယ်လို့ ယူဆရပါတယ်။

**ဒါရိုက်တာ ဝင်းလွင်ထက်**

ဝတ္ထုကို စပြီးရိုက်မယ်ရည်စူးတော့ အားလုံးသေသေချာချာ တိုင်ပင်ပြီးမှ ဇာတ်ကားထဲမှာပါဝင်သရုပ်ဆောင်မယ့် ဇာတ်ကောင်တွေကို ဘယ်သူက ဘယ်နေရာမှာ လိုက်ဖက်မလဲဆိုတာ ရွေးချယ်ပါတယ်။ ဇာတ်လမ်းက ရိုမန့်တစ်ဆန်ပြီး ဒရာမာဘက်ကိုလည်း သက်ရောက်နေတယ်။

**ဒေါင်း**

ကျွန်တော်က ဒီကားထဲမှာ သူဌေးသားတစ်ယောက်အဖြစ် သရုပ်ဆောင်ရမယ်။ သိပ်ချမ်းသာတဲ့သူ၊ လိုချင်တာရှိရင် မရရအောင်ယူတတ်တဲ့ ခပ်ဆိုးဆိုးလူငယ်တစ်ယောက်နေရာက သရုပ်ဆောင်ထားပါတယ်၊ ဇာတ်လမ်းဆိုတာကလည်း အပြိုင်သရုပ်ဆောင်ကြမှ ဆွဲဆောင်မှုရှိမှာဆိုတော့ ကျွန်တော်ကတော့ ဒီကားမှာ ဇာတ်ကောင်ပိုင်းကို အပျော့၊ အမာဆိုပြီး နှစ်မျိုးသရုပ်ဆောင်ရမှာဆိုတော့ သဘောကျပါတယ်။

**ရွှေထူး**

ရင်ခုန်တာတော့အမှန်ပဲ။ ကျွန်တော်နဲ့ တွဲရိုက်မယ့်သူတွေက ကိုရဲတိုက်၊ ကိုဒေါင်း၊ မဝတ်မှုန်ရွှေရည်တို့ဆိုတော့ ကိုယ့်ထက်အများကြီး သရုပ်ဆောင်ကျွမ်းကျင်သူတွေပေါ့။ အခုဇာတ်လမ်းက ကျွန်တော်ရဲ့ တတိယမြောက်ဇာတ်ကားဖြစ်ပါတယ်။ အရှေ့မှာရိုက်ထားတဲ့ ဇာတ်ကောင်စရိုက်က ပုံစံတစ်မျိုးပါ။ အခုက ဇာတ်ကောင်စရိုက် အသစ်တစ်မျိုးဆိုတော့ ကျွန်တော်အတွက် စိန်ခေါ်မှုတစ်ခုဆိုလည်းမမှားပါဘူး။ ရှိန်နေတာတော့အမှန်ပဲ။ မဝတ်မှုန်ရွှေရည်နဲ့က အရင်ကကြော်ငြာတွေရိုက်ဖူးတော့ အတွေ့အကြုံရှိထားပေမယ့် ကိုဒေါင်းနဲ့ ကိုရဲတိုက်တို့ကိုတော့ ရှိန်နေသေးတယ်။

**အကယ်ဒမီဝတ်မှုန်ရွှေရည်**

ဒါရိုက်တာက ဒီကားနဲ့ပတ်သက်ပြီး ဇာတ်ကို မပြောပြဖို့ပြောထားတော့ ပရိသတ်ကြီးအတွက် အံ့သြသွားမှာပါ။ ဒါပေမယ့် တကယ်ကိုကောင်းတဲ့ ဇာတ်အိမ်လေးပါ။ ဒီလိုဇာတ်လမ်းမျိုးလေးတွေက ရှားလာပြီလို့ ကျွန်မကတော့ ထင်တယ်လေ။ ပရိသတ်အကြိုက်တွေ့စေမယ့်ကားဖြစ်လာမယ်လို့ထင်ပါတယ်။ ဒေါင်းနဲ့ကလည်း ရှေ့မှာ သရဲကားလောက်ပဲရိုက်ခဲ့ဖူးတာပါ။ ရွှေထူးနဲ့ဆို ကစ်အတွက် ဇာတ်ကားရိုက်ရာမှာ ပထမဆုံးတွေ့ရတာ။ ကိုရဲတိုက်ကတော့ အရင်ကကျွန်မနဲ့ အများကြီးရိုက်ထားတာတွေရှိပါတယ်။ ဇာတ်ညွှန်းကိုဖတ်ကြည့်တော့ ဇာတ်ရဲ့အသွားအလာက အင်မတန်ကောင်းပါတယ်။

**ကိုလင်း**

# ငါ့ရဲ့အရာရာအတွက် အားသွန်ပြင်ဆင်နေသည့် ဖြိုးကြီး

တေးရေးဆရာ ဟံသာတမြင့်ငွေသား၊ အဆိုတော်ယုဇန၏ အစ်ကိုဖြစ်သူ အဆိုတော်ဖြိုးကြီးမှာ “အထည်ကြီးပျက်”ဟု အမည်ရသည့် သီချင်းကြောင့် ပရိသတ်များ သတိထားမိလာခဲ့ရာမှ ယနေ့ထိတိုင် ၎င်း၏ သီချင်းများကို ပရိသတ်များက အားပေးနားဆင်နေဆဲဖြစ်သည်ကို မြင်တွေ့ရသည်။

“ကျွန်တော် ဇွန် ၂၃ ရက်မှာ သီချင်းတစ်ပုဒ်ကို အွန်လိုင်းမှာ တင်ပါမယ်၊ လာမယ့် တစ်လ၊ နှစ်လဝန်းကျင်အတွင်းမှာ တစ်ကိုယ်တော်စီးရီးသစ်ထွက်မယ်၊ သီချင်းစုစုပေါင်း ၁၃ ပုဒ် ထည့်ထားပါတယ်၊ အမှန်က သီချင်းအသစ် ၁၁ ပုဒ်သာပါဝင်တာမှာ ဗားရှင်းပြောင်းပြီး သီဆိုထားတာက တစ်ပုဒ်ပါဝင်မှာဖြစ်ပါတယ်၊ Instrument အနေနဲ့က တစ်ပုဒ်ပါတယ်၊ ကိုမောင်မော်ဇော်လတ်ရေးထားပေးတဲ့ ရက်စက်လိုက်တာ သီချင်းကိုတော့ Myanmar Music Store နဲ့ Myanmar Music



Network ကနေတင်မယ်၊ Download လုပ်လို့ရမယ့် Link တွေ လွယ်အောင်လို့ပါ၊ Music Video MTV လေးလည်းပါပါမယ်၊ ၁၃ ပုဒ်ပါမယ့် အယ်လ်ဘမ်ကတော့ “ငါ့ရဲ့အရာရာ”လို့ ပေးထားပါတယ်၊ “ငါ့ရဲ့ အရာရာ” သီချင်းက အောင်လ ရေးပေးထားတာပါ၊ သီချင်းကတော့ အချစ်သီချင်းလေးပါ၊ တစ်ခွေလုံးအတွက် စဉ်းစားတော့ ကျွန်တော်လုပ်နေတဲ့ အနုပညာနဲ့ ကျွန်တော့်ဘဝမှာ ခံစားလို့ရသမျှ အနုပညာအားလုံးပေါ့၊ အခုချိန်အထိ ခံစားရသမျှကို ပရိသတ်အတွက် ပေးချင်တယ်၊ ကျွန်တော့်အတွက် အရာရာဆိုပြီးတော့ပေါ့၊ ဒါကြောင့် အခွေနာမည်ကို အဲဒီလိုပေးဖြစ်တာ”ဟု ဖြိုးကြီးက ပြောကြားသည်။

သီချင်းအများစုမှာ အချစ်သီချင်းများဖြစ်ပြီး ပရိသတ်နှင့် ဝေးချိန်များတွင် အခွေထုတ်ဖြစ်ရန်အတွက် ကြိုးစားခြင်းဖြစ်ကြောင်း၊ နားထောင်ဝေဖန်ပေးကြရန်နှင့် အခွေအတွင်း ဂီတမျိုးစုံပါဝင်ကြောင်း၊ အများစုမှာ ဖြိုးကြီးသီဆိုနေကျပုံစံများပင်ဖြစ်ကြောင်း သိရသည်။ အွန်လိုင်းတွင် စုစုပေါင်း နှစ်ပုဒ်ခန့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါအယ်လ်ဘမ်တွင် တေးရေးဆရာရှစ်ဦး၏ သီချင်းများပါဝင်ပြီး ဖြိုးကြီးကိုယ်တိုင်လည်း တေးသီချင်းများရေးသားထားကြောင်း သိရသည်။ “ကိုယ့်အယူအဆနဲ့ ကိုယ်ပေါ့လေ၊ ကျွန်တော်က ကိုယ်မလုပ်တတ်တဲ့ အနုပညာဆိုရင် လုံးဝမလုပ်ပါဘူး၊ အွန်လိုင်းမှာတင်ပေးရတာကလည်း အပြောင်းအလဲတစ်ခုဖြစ်အောင်ပါ”ဟု ဖြိုးကြီးက ပြောကြားသည်။

**ကိုလင်း**

# ဇာတ်လမ်းတွဲများတွင် လုပ်ကွက်နှင့်သရုပ်ဆောင်ရမည့်အနေအထားကောင်းပါက ဆက်လက်ရိုက်ကူးမည်

“နေရယ်၊ လရယ် အမှန်တရားရယ်” ဟု အမည်ရသည့် ရုပ်သံဇာတ်လမ်းတွဲတွင် ရှေ့နေမလေးတစ်ဦးအဖြစ် မြင်တွေ့ခဲ့ရသည့် သရုပ်ဆောင် ဆုပန်ထွာက အနုပညာ လုပ်ငန်းများကို ပုံမှန်လုပ်ကိုင်ဖြစ်နေကြောင်း သိရသည်။ လတ်တလောဖြစ်ပေါ်ခံစားနေရသော အနုပညာအပေါ်ထားရှိသည့် ခံစားမှုများကို မြန်မာ့အလင်းသို့ ယခုလို ပြောကြားသည်။

“ဇာတ်လမ်းတွဲတွေ ပေါ်လာတော့ ပိုကောင်းတာလို့ ပြောရမယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သရုပ်ဆောင်တွေကလည်း ကိုယ်ဝါသနာပါတာလေးကို အချိန်စောင့်စရာမလိုဘဲ ရိုက်ရတာပေါ့၊ ဗီဒီယိုဈေးကွက်က နည်းနည်းလျော့ကျလာတယ်ဆိုတော့ ဒီလိုလေးတွေရှိတော့ အဆင်ပြေပါတယ်၊ ဗီဒီယိုဈေးကွက်က ပျက်တယ်လို့သာဆိုပေမယ့် ကျွန်မတို့ ကွက်တိကွက်ကျားတော့ မရိုက်ရတော့ဘူးပေါ့၊ ဇာတ်လမ်းတွဲလေးတွေရိုက်ဖို့တော့ ခဏခဏ လာငှားကြပါတယ်၊ အဲဒီလိုလာတဲ့အခါ ကျွန်မကတော့ ဇာတ်လမ်းကိုကြည့်တယ်၊ ကိုယ့်အတွက် လုပ်ကွက် ဘယ်လောက်ကျန်မလဲ၊ ပရိသတ်အတွက်ရော ဘယ်လိုအကျိုးဖြစ်စေမလဲ ဆိုတာကိုလည်း သတိထားတယ်၊ ‘မနေ့ကဖြစ်သည်’(၂) တို့ ‘နေရယ် လရယ် အမှန်တရားရယ်’ စတဲ့ ဇာတ်လမ်းတွဲတွေမှာ ကိုယ်က အဓိကနေရာကနေလုပ်ရတာလေ၊ နောက်ပိုင်းလာငှားတာတွေက ကိုယ့်အတွက် လုပ်ကွက်လည်းနည်းတာကြောင့် မရိုက်ဖြစ်တာပါ”ဟု ဆိုသည်။



ဇာတ်လမ်းရိုက်ကူးမှုပိုင်းတွင် သရုပ်ဆောင် တက်သစ်စ လူငယ်များထံကလည်း ပညာသစ်များကြုံတွေ့ခဲ့ရကြောင်း၊ လူငယ်သရုပ်ဆောင်များသည်လည်း လေးစားလောက်စရာ အနုပညာအရည်အချင်းများရှိနေကြောင်း၊ မိမိအနေဖြင့်တော့ ဇာတ်အိမ်ကောင်း၍ လုပ်ကွက်ရသည့် ဇာတ်ကားများဆိုပါက ရိုက်ကူးလိုကြောင်း ဆုပန်ထွာက ပြောကြားသည်။

**ကိုလင်း**

# အရှေ့တောင်အာရှနိုင်ငံများသို့ ခြေဆန့်မည့် ကျော်ကျော်ဗိုလ်



အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ ခရီးသွားအစီအစဉ် ရိုက်ကူးရန်အတွက် ကျော်ကျော်ဗိုလ်က မိသားစုနှင့်အတူ သွားရောက်ရန်ရှိကြောင်းသိရသည်။

“အရင်က ကျွန်တော့်ရဲ့ခရီးသွားအစီအစဉ်တွေက မြန်မာပြည်တွင်းသွားဖြစ်တာတွေဖြစ်ပါတယ်၊ အခုတစ်ကြိမ်မှာတော့ Passionate Travelled နဲ့ တိုင်ပင်ပြီး အရှေ့တောင်အာရှနိုင်ငံတွေကိုသွားဖို့စီစဉ်ဖြစ်တာပါ၊ မြန်မာပြည်ကတော်တော်များများ သွားဖူးနေတဲ့ ထိုင်း၊ မလေးရှားနဲ့စင်ကာပူနိုင်ငံ ဖြစ်ပါတယ်၊ ကျွန်တော့်ခရီးစဉ်တွေမှာဆိုရင် ပြည်တွင်းမှာ အများစိတ်ဝင်စားအောင် သဘာဝတောတောင် ရှုခင်းတွေကို အဓိကထားပြီး သွားရောက်သလို ပြည်ပခရီးစဉ်ကိုတော့ ဖွံ့ဖြိုးပြီးသားနိုင်ငံတွေရဲ့ လူနေမှုစနစ်နဲ့၊ အကျင့်စရိုက်တွေ၊ စည်းကမ်းတွေပြီးတော့ အများပြည်သူနဲ့ ပတ်သက်တာတွေကို အတုယူမှတ်သားနိုင်ဖို့အတွက်ကိုပဲ အဓိကထားပြီးပြသမယ်၊ နောက်တစ်ခုက ကျွန်တော့်ခရီးစဉ်တွေမှာ မိသားစုလိုက် တစ်ခါမှခရီးမသွားဖူးသေးဘူး၊ ဒါကြောင့် ပရိသတ်တွေပျော်ဖို့အတွက်လည်း စဉ်းစားပြီးမှ ကျွန်တော့်ရဲ့program မှာ မိသားစုကိုထည့်ဖြစ်သွားတာပါ၊ မှတ်မှတ်ရရ ဖြစ်သွားတာပေါ့၊ သမီးကိုလည်း မရောက်ဖူးတဲ့နေရာတွေ ရောက်ဖူးအောင်ပါ”ဟုပြောသည်။

ကျော်ကျော်ဗိုလ်က လက်ရှိအနုပညာလှုပ်ရှားမှုအဖြစ် ဇာတ်လမ်း ဦးချမ်းသာ (ရွှေမန်းသဘင်)၊ ဇာတ်ညွှန်းအကယ်ဒမီ ငြိမ်းမင်း၊ ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)ဖန်တီးရိုက်ကူးထားပြီး သရုပ်ဆောင် ဦးကျော်သူ၊ ရန်အောင်၊ နေမျိုးအောင်၊ မင်းမော်ကွန်း၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ စိုးမြတ်သူဇာတို့နှင့်တွဲဖက်၍ Myanmar Media 7 မှ ထုတ်လုပ်ရိုက်ကူးသည့် “ဝိညာဉ်စိမ်း” ရုပ်ရှင်ဇာတ်ကားကြီးမှာ ဇွန် ၂၉ ရက်တွင် ရုံတင်ပြသသွားမည်ဟု သိရသည်။

“သရဲကားဆိုပေမယ့် ခြောက်လှန့်နေတဲ့ သရဲကားပုံစံမျိုးမဟုတ်ပါဘူး၊ လွမ်းဆွတ်ဖွယ်ရသလေးကို ပေးထားတာဆိုတော့ တစ်မျိုးတော့ ထူးခြားတာပေါ့နော်၊ တစ်ခါတလေ ကျွန်တော်တို့တွေမှာ ပစ်ပယ်လိုက်လို့မရတဲ့ မိရိုးဖလာအစွဲတွေ ကိစ္စရပ်တွေရှိတယ်၊ တချို့က လွဲမှားလို့မရတဲ့ အယူအဆလေးတွေ ရှိတယ်လေ၊ အများစုလက်ခံနိုင်တဲ့ အပေါ်မှာ အဲဒီအယူအဆတွေ မှားသွားနိုင်တယ်ဆိုတဲ့ အသိကို ပေးထားတာပါ၊ သရဲကားတိုင်းက ကြောက်စရာကောင်းတာ မဟုတ်ဘူး၊ တစ်ခါတစ်ရံ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ အကြောင်းလေးတွေလည်း ရှိတတ်တယ်ဆိုတာကို ပြထားတယ်၊ သရဲကားလေးကို လွမ်းလွမ်းဆွတ်ဆွတ်ကြည့်ရမယ်ပေါ့ဗျာ”ဟု သရုပ်ဆောင် ကျော်ကျော်ဗိုလ်က ပြောကြားသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# ရက်ပ်အဆိုတော်အသတ်ခံရမှုအတွက် သံသယရှိသူကိုဖမ်းဆီး

အမေရိကန်ရက်ပ်အဆိုတော် XXX Tentacion အသတ်ခံရမှုတွင်ပါဝင်သော သံသယရှိသူကိုရဲများက ဖမ်းဆီးလိုက်ပြီဖြစ်သည်။ ဖမ်းဆီးခံထားရသူ၏အမည်မှာ ဒတ်ရိခ်ဒက်ဗွန်ရှေးဆိုသူဖြစ်ပြီး အသက်မှာ ၂၂ နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် အခုအခါ လူသတ်မှုဖြင့် တရားရင်ဆိုင်ရတော့မည်ဖြစ်သည်။ အသတ်ခံရသူ ရက်ပ်အဆိုတော်၏ အမည်အရင်းမှာ ဂျာဆက်အွန်ဖရိုင်းဖြစ်ပြီး အသက် ၂၀ အရွယ်သာရှိသေးသည်။ ဖလော်ရီဒါတောင်ပိုင်းတွင် သေနတ်ဖြင့် အပစ်ခံရခြင်းဖြစ်ပြီး ဆေးရုံရောက်ရှိချိန်တွင် သေဆုံးသွားခဲ့သည်။ ၎င်းသည် ရက်ပ်ပါလောကတွင် အလျင်အမြန် အောင်မြင်လာသော အဆိုတော်တစ်ဦးဖြစ်ပြီး အယ်လ်ဘမ်နှစ်ချပ်တည်းဖြင့် အောင်မြင်လာသူလည်း ဖြစ်သည်။ သို့သော်၎င်းမှာ အိမ်တွင်းအကြမ်းဖက်မှုများကြောင့် တရားရင်ဆိုင်ခဲ့ရသူလည်းဖြစ်သည်။

လူသတ်မှုတွင်နောက်ထပ်သံသယရှိသူများကို ရဲများကရှာဖွေနေခြင်း ရှိ မရှိ တရားဝင်မကြေညာသော်လည်း နောက်ထပ်လူနှစ်ဦးကို ဖမ်းဝရမ်းထုတ်ထားကြောင်း သိရသည်။ ဖမ်းဆီးထားသူနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ နောက်ပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြည်သူ့သတင်းအချက်အလက်ဌာနမှ ပြောသည်။ ရက်ပ်အဆိုတော် အွန်ဖရိုင်းသည် ဒေသစံတော်ချိန် ၁၆ နာရီက မော်တော်ဆိုင်ကယ်ကုမ္ပဏီမှ ထွက်ခွာလာစဉ် လူနှစ်ဦးက ၎င်း၏အနား ချဉ်းကပ်လာခဲ့ကြောင်း၊ ထိုလူနှစ်ဦးထဲမှတစ်ဦးသည် ရက်ပ်အဆိုတော်ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် နှစ်ဦးလုံးထွက်ပြေးသွားကြောင်း သိရသည်။

လူသတ်မှုနှင့်ပတ်သက်၍ သတင်းပေးနိုင်သူကို ဆုငွေ ဒေါ်လာ ၃၀၀၀ ပေးမည်ဟုလည်း ကြေညာထားသည်။

ဘီဘီစီ




# မိခင်ဘဝမှာပျော်ရွှင်နေတဲ့ ဂျဲနက်ဂျက်ဆင်

ဂျက်ဆင်မိသားစုမှာ အငယ်ဆုံးသမီးဖြစ်တဲ့ ဂျဲနက်ဂျက်ဆင်က သူပျော်ရွှင်မှုကို ခက်ခက်ခဲခဲရှာဖွေခဲ့ရပြီး မိခင်ဖြစ်မှပဲ ပျော်ရွှင်မှုအစစ်အမှန်ကို သိရတော့တယ်လို့ ပြောခဲ့ပါတယ်။ ပေါ့ကြယ်ပွင့်ဖြစ်တဲ့ ဂျဲနက်ဂျက်ဆင်ဟာ ဘဝမှာ အချိန်အတော်ကြာ ဝမ်းနည်းတာ စိတ်ဓာတ်ကျတာ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့တာတွေကို ခံစားခဲ့ရပါတယ်လို့ အက်ဆန့်မဂ္ဂဇင်းကို ပေးပို့တဲ့စာမှာ ပွင့်ပွင့်လင်းလင်းပဲ ဖော်ပြထားခဲ့ပါတယ်။

စိတ်ဓာတ်ကျတာဟာ အတော်လေးကြောက်စရာကောင်းပြီး နောက်ဆုံးမှာ လမ်းမှန် ပြန်ရောက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ဂျဲနက်က ပြောပါတယ်။ ဂျဲနက်ဟာအခုအခါ အသက် ၅၂ နှစ်အရွယ်ရှိပြီဖြစ်ပြီး သူ့ရဲ့သားလေးကြောင့် ငြိမ်းချမ်းမှုကို ရှာတွေ့တာပါလို့လည်း ဆိုပါတယ်။ ဘဝမှာအပျော်ရွှင်ရဆုံးကတော့ သားငယ်လေးကို လက်ထဲမှာ ချီထားရတဲ့အချိန်ပဲလို့ ပြောပါတယ်။ ဂျက်ဆင်ဟာ အမေရိကန်မှာ အအောင်မြင်ဆုံးအဆိုတော်တစ်ယောက်ဖြစ်ပြီး ၁၉၉၇ ခုနှစ်မှာ သူစိတ်ကျဝေဒနာခံစားနေရတယ်လို့ ပထမဦးဆုံးဝန်ခံခဲ့ပါတယ်။

အိမ်ထောင်သုံးဆက်ရှိသူဖြစ်ပြီး သူ့ရဲ့ပထမဆုံးသားဦးလေးကိုတော့ ၂၀၁၇ ဇန်နဝါရီ ၃ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရောင်းအားအကောင်းဆုံး အဆိုတော်တစ်ဦးလည်းဖြစ်တဲ့ ဂျဲနက်ဟာ ဒေါ်လာ ၁၇၅ သန်းကြွယ်ဝပါတယ်။ ဘဝမှာ အမြဲစိတ်ဓာတ်ကျမှုတွေနဲ့ပဲ ရင်ဆိုင်နေရတဲ့ ဂျဲနက်ဟာ အခုအခါမှာတော့ မိခင်ဘဝမှာ ပျော်မွေ့နေတယ်လို့ သိရပါတယ်။ သူ့သားလေးရဲ့အမည်ကတော့ အီဆာအယ်မနာလို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

ဘီဘီစီ

ခြူး





# အပြောစကားမှာ မသုံးတော့တဲ့ ‘အား’

မောင်ခင်မင်(ဓနုဖြူ)

“ ‘မှ’အသုံးမှားတွေအကြောင်း ဘဘရှင်းပြလို့ သမီးသမိုင်းကြောင်းနဲ့ချီပြီး သိရပါပြီ ဘဘ၊ သမီးတို့မမွေးခင်တုန်းက အကြောင်းတွေကို ခုလိုသေသေချာချာ သိရတာ သိပ်ဝမ်းသာပါတယ် ဘဘ”

“အေးပါကွယ်၊ သမီးတို့လူငယ်တွေ အရင်းခံကျကျသိထားရင် သုံးတဲ့အခါမှာ မမှားအောင်သတိထားပြီး သုံးနိုင်တာပေါ့”

“ဟုတ်ကဲ့ပါ၊ ‘မှ’ အကြောင်းနဲ့တစ်ဆက်တည်း ‘အား’ အသုံးမှားနေတဲ့ အကြောင်းကိုလည်း သိချင်ပါတယ် ဘဘ၊ ဘယ်တုန်းက စပြီး ‘ကို’နေရာမှာ ‘အား’ တွေ သုံးလာတာပါလဲ ”

“ ‘အား ’အသုံးမှားတွေအကြောင်းလည်း ဘဘတို့မကြာခဏ ရေးဖြစ်ပါတယ် သမီးရယ်၊ ဒါပေမယ့် အခုအထိ မဟုတ်တဲ့နေရာမှာ ‘အား’တွေထည့်ပြီး ပြောနေရေးနေကြတုန်းပါပဲ ”

“ ဟုတ်တယ်နော် ဘဘ၊ သမီးကိုရီးယားကားကြည့်ရင်း အောက်နားကထိုးတဲ့စာတန်းကလေးတွေကို သတိထားမိပါတယ်၊ ဆရာတော်ကြီးတစ်ပါးရဲ့တရားပွဲကို ကြွရောက်တရားနာကြဖို့ဖိတ်တဲ့စာလေ၊ ‘ဆရာတော်မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်အား ဟောကြားတော်မူမည်ဖြစ်ပါ၍…တဲ့ ဘဘရယ် ”

“ကဲ…‘မှ’ အသုံးမှားတဲ့အကြောင်းတော့ ထပ်မပြောတော့ပါဘူး၊ ‘နိဗ္ဗာန်ရောက်ကြောင်းတရားအား ဟောကြားတော်မူမည်ဖြစ်ပါ၍’ ဆိုတဲ့ ‘အား’အသုံးကတော့ လွဲနေတာပေါ့ကွယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားတော်မူမည်ဖြစ်၍လို့ ‘ကို ’ နဲ့သုံးမှ အသုံးမှန်တယ်ဆိုတာ ဘဘတို့ရေးပေါင်းများပါပြီကွယ်၊ သိပ်စိတ်မောစရာကောင်းတာပဲ ”

“ဟုတ်ကဲ့ပါ ”

“ဘဘ သတိထားမိသလောက် ဆရာဦးသိန်းဖေမြင့်က အဲဒီ ‘အား’ အသုံးမှားကို ထောက်ပြခဲ့ဖူးတယ်၊ စားပွဲအားလက်နှင့်ပုတ်သည်ဆိုတဲ့ အသုံးမျိုးပေါ့၊ ‘စားပွဲကို လက်နှင့်ပုတ်သည် ’လို့ ရေးရမှာကို ဘာဖြစ်လို့ ‘စားပွဲအား’ လို့ ရေးရတာလဲဆိုတဲ့ သဘောမျိုးရေးဖူးတယ်လေ”

“ ‘ကို ’ နေရာမှာ ‘ အား ’ကိုမှားသုံးတာမှန်တယ်ထင်လို့ သုံးတာဖြစ်မှာပေါ့နော် ဘဘ ”

“ မှန်တယ်ထင်လို့ သုံးတာ နေမှာပေါ့ သမီးရယ်၊ အသုံးမှားမှန်းသိရက်သားနဲ့ သုံးတာတော့ ဟုတ်မယ် မထင်ပါဘူး၊ ကဲ… ဒီတော့ ‘ကို’ နဲ့ ‘အား’ အသုံးချင်းမတူပုံကို ဆက်ပြောကြတာပေါ့၊ ကဲ… သမီးကပဲ စပြောပါ”

“ဘဘ၊ သမီးနားလည်သလောက်ကတော့ ‘ကို’ ဆိုတာ ပြုလုပ်ခံရသူကို ဖော်ပြတဲ့ စကားလုံးပါ၊ သဒ္ဒါစကားနဲ့ ပြောရင် ကံပုဒ်ကို ပြတဲ့ပစ္စည်းပါ ဘဘ”

“ဟုတ်ပါပြီ၊ ကဲ ‘အား’ကရော ဘာကိုပြပါလိမ့်”

“ ‘အား’ က ‘လက်ခံသူ’ ကို ပြတဲ့ စကားလုံးပါ၊ ‘လက်ခံပုဒ်ကို ပြတဲ့ပစ္စည်းပါ ဘဘ”

“ဟုတ်ပါပြီ၊ သာဓကကလေး တစ်ခု နှစ်ခု သုံးပြပါဦး”

“ဟုတ်ကဲ့၊ ‘ခွေးသည် ကြောင်ကို ကိုက်၏’ လို့ သုံးရင် ခွေးကကိုက်တဲ့သူ၊ ကြောင်က အကိုက်ခံရတဲ့သူဆိုတာ သက်ဆိုင်ရာ ပစ္စည်းတွေကြောင့် သိရပါတယ် ဘဘ၊ ‘သည်’က ပြုလုပ်သူကိုပြတဲ့ ပစ္စည်းမို့ ခွေးဟာ ကိုက်တဲ့သူဆိုတာ ထင်ရှားပါတယ်၊ ‘ကို’က ပြုလုပ်ခံရသူကို ပြတဲ့ပစ္စည်းမို့ ကြောင်ဟာ အကိုက်ခံရတဲ့ သူဆိုတာ ထင်ရှားပါတယ်၊ ကံပုဒ်ကို ပြတဲ့ပစ္စည်းပါ”

“ဟုတ်ပါပြီ၊ သမီးက သဘောပေါက်ပြီးသားပါ၊ မမက ညီညီကို စာအုပ်ပေးတဲ့ အကြောင်းရေးမယ်ဆိုရင် ဘယ်လိုရေးမလဲကွယ်”

“ ‘မမသည် စာအုပ်ကို ညီညီအား ပေး၏’ လို့ ရေးနိုင်ပါတယ် ဘဘ”

“ဒီလိုဆိုရင် အပေးခံရတာက စာအုပ်ပေါ့”

“ဟုတ်ပါတယ် ဘဘ၊ စာအုပ်က အပေးခံရတဲ့ ဟာမို့ ကံပုဒ်ပါ၊ ‘ကို’ က ကံပုဒ်ကိုပြတဲ့ပစ္စည်းပါ”

“စာအုပ်ကို ဘယ်သူက လက်ခံရတာလဲ”

“ညီညီက လက်ခံရတာပါ၊ ညီညီက လက်ခံပုဒ်ပါ၊ ‘အား’က လက်ခံပုဒ်ကိုပြတဲ့ ပစ္စည်းပါ”

“အရေးကြီးတာတစ်ခုက ‘ကို’ နဲ့ ‘အား’ ဆိုတဲ့ ပစ္စည်းနှစ်ခုမှာ ‘အား’ ကို မသုံးဘဲ ဖြုတ်ထားလို့ ရတယ်ဆိုတဲ့ အချက်ပဲကွဲ့”

“ဘယ်လိုပါလဲ ဘဘ”

“ ‘မမသည် စာအုပ်ကို ညီညီအားပေး၏’ လို့ မသုံးဘဲ ‘မမသည် ညီညီကို စာအုပ်ပေး၏’ လို့ သုံးနိုင်ပါတယ်၊ အဲဒီလိုဆိုရင် ‘အား’ မလိုတော့ဘူး၊ ညီညီက စာအုပ်အပေးခံရတဲ့ ကံပုဒ်ဖြစ်သွားတာပေါ့”

“ဟုတ်ကဲ့ပါ”

“ ‘ကို’ က ခံရသူကို ပြတဲ့ပစ္စည်းဆိုတော့ တိုက်ရိုက်ကျတယ်၊ ‘အား’ က လက်ခံသူကို ပြတဲ့ပစ္စည်းမို့ ‘ကို’ လို တိုက်ရိုက်မကျဘူး၊ ကံပုဒ်နဲ့ ဖြစ်တဲ့အရာကို တစ်ဆင့်လက်ခံရတဲ့ အဓိပ္ပာယ်ဖြစ်တယ်၊ ဒါကြောင့် ပြုလုပ်ခံရတာကို တိုက်ရိုက်ပြောရင် ‘ကို’ သုံးမှ မှန်တယ်၊ လက်ခံပုဒ်မဟုတ်ဘဲ ကံပုဒ်ကို ‘အား’နဲ့ တွဲသုံးလေ့မရှိဘူးလို့ နားလည်ရမှာပေါ့”

“ဟုတ်ကဲ့၊ ဒီလိုဆိုရင် ‘တယ်လီဖုန်းအား ဆက်သည်’ တို့၊ ‘ဧည့်ခံပွဲအား ကျင်းပသည်’ တို့၊ ‘စာအုပ်အား လေ့လာသည်’ တို့ ဆိုတာတွေဟာ အသုံးမှားတွေပေါ့နော် ဘဘ”

“ဟုတ်ပါတယ်၊ ‘တယ်လီဖုန်းကိုဆက်သည်၊ ဧည့်ခံပွဲကို ကျင်းပသည်၊ စာအုပ်ကို လေ့လာသည်’ လို့ သုံးမှ တိုက်ရိုက်ကျမှာပေါ့၊ ကံပုဒ်တွေလေ၊ လက်ခံပုဒ်မှမဟုတ်တာ”

“တော်တော် ရှင်းသွားပါပြီ ဘဘ”

“နောက် အရေးကြီးတာတစ်ခုက ‘အား’ ကို လက်ခံပုဒ်အဖြစ်ပဲ သုံးရင်တောင်မှ စာသုံးစကားအဖြစ်ပဲ သုံးလို့ရတယ်၊ စကားပြောတဲ့အခါမှာ ‘အား’ကို လုံးဝမသုံးဘူးကွဲ့”

“ဟုတ်ကဲ့ပါ”

“သမီးတို့နေ့တိုင်း စကားပြောနေကြတာ ‘ကျွန်မကို မုန့်တစ်ခုပေးပါ၊ သူ့ကို ချစ်ပါတယ်’ လို့ပဲ ပြောတယ်၊ ‘ကျွန်မအား မုန့်တစ်ခုပေးပါ’၊ ‘သူ့အား ချစ်ပါတယ်’ လို့ ဘယ်သူပြောမှာလဲ”

“ဟုတ်ပါတယ် ဘဘ၊ ဒါပေမယ့် ရုပ်မြင်သံကြားမှာ သတင်းကြေညာတဲ့သူတွေက စကားပြောနေတဲ့ ပုံစံနဲ့ ကြေညာတာ ဖြစ်ရက်သားနဲ့ စကားပြောရာမှာ မသုံးတဲ့ ‘အား’တွေကို ခဏခဏထည့်သုံးနေကြတာ ကြားနေရပါတယ်”

“ဟုတ်ပ့ါ၊ ‘နောက်ဆုံးရရှိတဲ့ သတင်းများကို တင်ပြပါ့မယ်’ လို့ အစချီပြီးတာနဲ့ နိုင်ငံတော်သမ္မတကစပြီး ဘယ်ဝန်ကြီးတွေက ဘယ်ပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံတဲ့ အကြောင်း၊ ဘယ်အခမ်းအနားအား တက်ရောက်ဖွင့်လှစ်တဲ့အကြောင်း၊ ဘယ်စီမံကိန်းအား အကောင်အထည်ဖော်တဲ့အကြောင်းဆိုပြီး ‘အား’တွေ တစ်လုံးပြီးတစ်လုံး ပါးစပ်ထဲက ထွက်လာတော့တာပဲကွယ်၊ ပုံမှန်စကားပြောရင် အဲဒီနေရာတွေမှာ ‘ကို’ လို့ပဲ ပြောတာကို သတင်းကြေညာတော့မှ အပြောစကားမှာ မသုံးတော့တဲ့ ‘အား’တွေကို ဘာကြောင့် တစ်ပုံတစ်ပင်ကြီး သုံးနေကြလေသလဲ မသိပါဘူး”

“ဘဘ၊ သမီးတစ်ခု သတိထားမိတာက သတင်းကြေညာတဲ့ သူတွေက ပြောတဲ့အခါ ရေးထားတဲ့စာကို ကြည့်ပြီးပြောတာထင်တယ်၊ ရှေ့တည့်တည့် တစ်နေရာကို ကြည့်ကြည့်ပြီး ပြောနေကြတာ၊ စာရွက်ကြည့်တဲ့အခါ ကြည့်တယ်”

“အဲ… အဲဒီတော့”

“အဲဒီတော့ အဲဒီ ‘အား’တွေကို သတင်းရေးပေးတဲ့သူက သုံးထားလို့ ဖတ်တဲ့ သူတွေက ကြည့်ဖတ်တာဖြစ်မယ်ထင်တယ်”

> **“ဒီအတိုင်းပဲ၊ ‘အား’ က စာသုံးသက်သက်ဖြစ်တယ်၊ လက်ခံသူကိုပြတယ်၊ ပြုလုပ်ခံရသူကို ပြတဲ့ပစ္စည်းမဟုတ်ဘူး၊ ‘ကို’ က စာသုံးရော အပြောသုံးရော သုံးတယ်၊ ကံပုဒ်ရော လက်ခံပုဒ်ရော ဖြစ်တယ်၊ ဒီတော့ ‘အား’ကို လုံးဝမသုံးဘဲ ‘အား’နေရာမှာ ‘ကို’ကို အမြဲသုံးလို့ ရတယ်၊ နောက်ဆုံးပြောချင်တာကတော့ အပြောစကားမှာ လုံးဝမသုံးတော့တဲ့ ‘အား’ ကို သတင်းကြေညာတဲ့ စကားမျိုးမှာ လုံးဝထည့်မသုံးသင့်ဘူးဆိုတဲ့ အချက်ပါပဲကွယ်”**

“အင်း… သမီးတွေးမိသလိုပဲ၊ ကြေညာတဲ့သူတွေက အလွတ်တော့ ပြောမှာမဟုတ်ဘူး၊ ရေးထားတာကိုကြည့်ပြီး ပြောတာဆိုတော့ သတင်းကြေညာဖို့ ရေးထားတဲ့ စာတွေမှာကိုက ‘အား’ တွေ သုံးထားတာဖြစ်နိုင်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ဘဘ ခဏခဏ ပြောသလို အဲဒီသတင်းကြေညာတဲ့စကားကို စံအဖြစ်နဲ့ မှတ်ယူတတ်ကြတာမို့ အဲဒီလိုစကားတွေကစပြီး အလွဲအမှားတွေဖြစ်နေရင် စံပြုဖို့ ခက်တာပေါ့ကွယ်၊ အနည်းဆုံးတော့ စကားနဲ့ စာကွဲဖို့လိုတာပေါ့၊ စာဖတ်တာဆိုရင် စာသုံးစကားနဲ့ရေး၊ စကားပြောတာဆိုရင် အပြောသုံးစကားနဲ့ ရေးသင့်တာပေါ့”

“ဟုတ်ကဲ့”

“ပြန်ချုပ်ရရင်… ‘မှ’ နဲ့ ‘က’ မှာ ‘မှ’ က စာသုံးဖြစ်တယ်၊ ထွက်ခွာရာကိုပဲ ပြတယ်၊ အပြောမှာ ‘မှ’ ကို မသုံးဘူး၊ ပြုလုပ်သူပြတဲ့ ပစ္စည်းလည်း မဟုတ်ဘူး၊ ‘က’ကတော့ စာသုံးရော အပြောသုံးရော သုံးတယ်၊ ကတ္တားရော ထွက်ခွာရာရောပြတယ်၊ ဒီတော့ ‘မှ’ကို လုံးဝမသုံးဘဲ နေရင်တောင် ဖြစ်ပါတယ်၊ ‘မှ’ နေရာမှာ ‘က’ ကို အမြဲသုံးလို့ ရတာချည်းပဲလို့ မှတ်ပေါ့ကွယ်”

“ဟုတ်ကဲ့ပါ၊ ‘အား’ နဲ့ ‘ကို’ ကရော ဘဘ”

“ဒီအတိုင်းပဲ၊ ‘အား’ က စာသုံးသက်သက်ဖြစ်တယ်၊ လက်ခံသူကိုပြတယ်၊ ပြုလုပ်ခံရသူကို ပြတဲ့ပစ္စည်းမဟုတ်ဘူး၊ ‘ကို’ က စာသုံးရော အပြောသုံးရော သုံးတယ်။ ကံပုဒ်ရော လက်ခံပုဒ်ရော ဖြစ်တယ်။ ဒီတော့ ‘အား’ကို လုံးဝမသုံးဘဲ ‘အား’နေရာမှာ ‘ကို’ကို အမြဲသုံးလို့ ရတယ်၊ နောက်ဆုံးပြောချင်တာကတော့ အပြောစကားမှာ လုံးဝမသုံးတော့တဲ့ ‘အား’ ကို သတင်းကြေညာတဲ့ စကားမျိုးမှာ လုံးဝထည့်မသုံးသင့်ဘူးဆိုတဲ့ အချက်ပါပဲကွယ်”

# မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကျောက်ထုတ်လုပ်ငန်းရှင်များက ကျပ်သိန်း ၁၀၀ လှူဒါန်း

**မော်လမြိုင် ဇွန် ၂၂**

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သော ရေဘေးသင့်ပြည်သူများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်၏ ရုံးခန်း၌ ဇွန်၂၀ ရက်မွန်းလွဲ ၂ နာရီအချိန်က ပြည်နယ်အတွင်းရှိ ကျောက်ထုတ်လုပ်ငန်းရှင်များစုပေါင်း၍ လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ကို ပေးအပ် လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းကျော်လွင်၊ အစိုးရအဖွဲ့၏ အတွင်းရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်း (MQPSA, CEC)အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကျော်၊ ဦးမောင်မောင်စိုး (မဟာအောင်ပွင့်ကောင်းကုမ္ပဏီ)၊ ဥက္ကဋ္ဌ ဦးစိုးမိုး (မင်္ဂလာရတနာတိုးကုမ္ပဏီ)၊ ဦးငွေသိန်း (ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီ)၊ LongLife Co.ltd မှ ဒါရိုက်တာ ဦးအောင်သက်ဌေး၊ အထွေထွေမန်နေဂျာ ဦးစိန်ဝင်း၊ ရာမည ယူနိုက်တက်ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးအောင်ဇော်လင်း၊ Product မန်နေဂျာဦးကျော်မင်းထွန်းနှင့် ရေး၊ ကျိုက်မရောမြို့နယ်များမှ အလှူရှင်လုပ်ငန်းရှင်များ တက်ရောက်ကြပါသည်။ အလှူငွေများကို မွန်ပြည်နယ်အတွင်း၌ ခွဲကျောက်ထုတ်လုပ်နေကြသည့် လုပ်ငန်းရှင်များမှ စုပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး အလှူငွေစုစုပေါင်း ကျပ်သိန်းတစ်ရာတိတိကို အလှူရှင်များ၏ကိုယ်စား (MQPSA) CEC အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကျော်က ပေးအပ်လှူဒါန်းခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက လက်ခံရယူသည်။



မွန်ပြည်နယ်အတွင်း၌ ရေဘေးသင့်သူများအတွက် လိုအပ်နေသော နေရာများတွင် အသုံးပြုရန်အတွက် မွန်ပြည်နယ်အတွင်းရှိ ကျောက်ထုတ်လုပ်သူလုပ်ငန်းရှင်များမှစုပေါင်းကာ လှူဒါန်းပေးရခြင်းဖြစ်ကြောင်း၊ ရေဘေးကြုံတွေ့နေရာများတွင် လိုအပ်ချက်များကိုဖြည့်ဆည်းရန် အစိုးရအဖွဲ့က ဦးဆောင် ဆောင်ရွက်နေသည့်အတွက် အစိုးရအဖွဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ဦးခင်မောင်ကျော်က ပြောသည်။

**ခွန်(ဝင်းပ)**

# မြန်မာ့လူမှုဘဝများကို အကာအကွယ်ပေးနိုင်ရန် အာမခံကိုယ်စားလှယ်သင်တန်းများဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၂**

အကြောင်းအကျိုးမညီညွတ်၍ မြန်မာတို့၏လူမှုဘဝများအတွင်း နစ်နာဆုံးရှုံးမှုများကို အကာအကွယ်ပေးနိုင်ရန် လုပ်ဆောင်ရာ၌ အာမခံအသိပညာပေးရေးမှ စတင်ရမြဲဖြစ်ပြီး အာမခံကိုယ်စားလှယ်များ မွေးထုတ်ပေးရေးသည်လည်း အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် အာမခံကိုယ်စားလှယ်သင်တန်းများ ဖွင့်လှစ်ပေးနေကြောင်း သိရသည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း အာမခံကိုယ်စားလှယ်သင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး လေးကြိမ်မြောက်အဖြစ် ရန်ကုန်မြို့ (၃၆) လမ်း၊ ရန်ကုန်တိုင်းငွေရေးကြေးရေးစိစစ်ရေးဦးစီးဌာန၌ ဇွန် ၆ ရက်မှ ၂၄ ရက်အထိ ဆက်လက်ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၅၀ စီ တက်ရောက်ခွင့်ပြုခဲ့ပြီး မြန်မာ့အာမခံနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ အာမခံပညာရှင်များက အာမခံဘာသာရပ်များကို ပို့ချသင်ကြားပေးနေကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"အာမခံစီးပွားရေးလုပ်ငန်းကို ကြော်ငြာခြင်းထက် ပညာပေးခြင်းလုပ်ငန်းကိုပဲ ပိုလုပ်ပေးချင်ပါတယ်၊ အာမခံတဲ့စကားလုံးတွေကို လူတိုင်းနားယဉ်ပြီးဖြစ်ပါလိမ့်မယ်၊ ဥပမာပြောရရင် 'ဆေးဝယ်ရင် ဒီစူဇာမှစိတ်ချရသည်၊ ဤနာရီသည် တစ်နှစ်တိတိ စက်ချွတ်ယွင်းမှုမရှိပါ၊ ဤကားသည် မိုင်တစ်ထောင်ထိ စိတ်ချလက်ချမောင်းနိုင်သည်' ဆိုတာမျိုးတွေ ကြားဖူးကြမှာပါ၊ ကုန်ပစ္စည်းထုတ်လုပ်သူတွေဟာ ဒီလိုအာမခံချက် Guaranty တွေပေးကြပါတယ်၊ အသက်အာမခံအပါအဝင် အထွေထွေအာမခံလုပ်ငန်းတွေကိုတော့ Insurance လို့ ခွဲခြားခေါ်ဝေါ်ခဲ့ကြပါတယ်၊ အာမခံလုပ်ငန်းအပေါ် စိတ်ဝင်စားတဲ့ ကိုယ်စားလှယ်တွေကို မြန်မာ့လူ့ဘောင်အဖွဲ့အစည်းရဲ့အကျိုးစီးပွားကိုကာကွယ်နိုင်ဖို့ သင်တန်းတွေပေးနေရခြင်းဖြစ်ပါတယ်"ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက "အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးနောက်ပိုင်း ၂၀၁၂ ခုနှစ်တွင် နိုင်ငံပိုင်သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ရာ လျှောက်လွှာ ၂၀၀ ကျော် ဝယ်ယူမှုရှိခဲ့ပြီး သတ်မှတ်ချက်စည်းကမ်းများနှင့် ကိုက်ညီသော ကုမ္ပဏီ ၁၂ ခုကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ လုပ်ကိုင်ခွင့်ရကုမ္ပဏီများအနေဖြင့် မတည်ရင်းနှီးငွေ Paid up capital အဖြစ် အသက်အာမခံတစ်မျိုးတည်းသာ လုပ်ကိုင်လျှင် ခြောက်ဘီလီယံကျပ်နှင့် အထွေထွေအာမခံလုပ်ငန်းများပါ လုပ်ကိုင်လျှင် ၄၆ ဘီလီယံထိ ဘဏ်စာရင်းဖွင့် ထားရှိရကြောင်း အာမခံအသိုင်းအဝိုင်းမှ သိရသည်။

အထွေထွေအာမခံတွင် အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးအာမခံ၊ သမာဓိအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ စသည့်အာမခံခြောက်မျိုးပါဝင်ပြီး ဂလိုဘယ်ဝေါလ်ကုမ္ပဏီက ၂၀၁၈ ခုနှစ်အတွင်း သီးနှံအာမခံစနစ်တစ်ခုကို စမ်းသပ်သုတေသနပြုလျက်ရှိကြောင်း၊ မြန်မာ့အာမခံအပါအဝင် ပုဂ္ဂလိကကုမ္ပဏီ ၁၂ ခု၌ အာမခံကိုယ်စားလှယ် ၁၃၀၀ ကျော်ခန့်သာရှိသေးကြောင်း ဒါရိုက်တာဦးစိုးဝင်းသန့်ထံမှ သိရသည်။

**ဧယျတု(မကွေး)**

# မင်းဘူး၌ မိုးစပါးစိုက်တောင်သူများအား မျိုးကောင်း၊ မျိုးသန့်စပါး တင်း ၃၄၇၀ ဖြန့်ဖြူးပေး

**မင်းဘူး ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ၂၀၁၈ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်စပါး တင်း ၃၄၇၀ အား ဖြန့်ဖြူးပေးခဲ့ပြီး တစ်မြို့နယ်လုံးအနေဖြင့် မိုးစပါးစိုက်ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်းသုခ(RS)တင်း ၂၀၀၊ ဆင်းသုခ (CS) ၅၇၅ တင်း၊ မနောသုခ(RS) ၃၆၉ တင်း၊ မနောသုခ(CS ) ၂၄၂၇ တင်း၊ ရောမင်း(RS) ၉၇ ဒသမ ၅ တင်း၊ ရောမင်း(CS) တင်း ၂၅၀၊ ထိုင်းနံ့ကောက် တင်း ၂၀၀၊ ရောမင်း ( FS) ၂၉ ဒသမ ၅ တင်း၊ ဆင်းသုခ(CS ) သုံးတင်း၊ စုစုပေါင်းမျိုးကောင်းမျိုးသန့်စပါး ၄၁၅၁ တင်းအား ဝယ်ယူစုဆောင်းခဲ့ပြီး မိုးစပါးစိုက်ပျိုးရန်အတွက် တင်း ၃၄၇၀ ကို ဖြန့်ဖြူးပေးခဲ့သည်။

"၂၀၁၈ခုနှစ်မိုးရာသီမှာ မိုးစပါးစိုက်ပျိုးနိုင်အောင် တောင်သူတွေကို မိုးစပါးတွေ ဖြန့်ဖြူးပေးနေပါတယ်၊ စပါးစိုက်မယ့်တောင်သူတွေကိုမနောသုခ၊ ဆင်းသုခ၊ ရောမင်း၊ ထိုင်းနံ့ကောက်မျိုးစပါး စုစုပေါင်း တင်း ၃၄၇၀ကို ဖြန့်ဖြူးပေးခဲ့ပြီးပါပြီ၊ ဆက်လက်ပြီး မျိုးကောင်းမျိုးသန့်စပါးတွေရဖို့ မျိုးကောင်းမျိုးသန့် ထုတ်ကုမ္ပဏီကြီးတွေနဲ့ ချိတ်ဆက်ပြီးမြို့နယ်အတွင်း ဖြန့်ဖြူးပေးသွားမှာပါ၊ ယခုနှစ်မှာမြို့နယ်အတွင်းမိုးစပါး ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ၊ စိုက်ပျိုးမဲ့ဧရိယာဧကအားလုံးရဲ့ ၃၅ ရာခိုင်နှုန်းလောက်ကို စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်နဲ့ ဖြန့်ဖြူးပေးပြီး ကျန်စိုက်ပျိုးဧကများကို အကျိုးဆောင်တောင်သူ တာဝန်မှူးတွေနဲ့ပူးပေါင်းပြီး ဖြန့်ဖြူးပေးနေတာပါ" ဟု မင်းဘူး (စကု)မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အချို့တောင်သူများမှာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်စပါးများကိုစိုက်ပျိုးခဲ့ပြီး ထွက်ရှိလာသော အကျိုးတူစပါးများကို စုဆောင်းထားရှိ၍ ယခုနှစ်စပါးစိုက်ပျိုးချိန်တွင် မိုးစပါးလိုအပ်သော တောင်သူများအား ပြန်လည်ရောင်းချပေးခဲ့ကြောင်း မင်းဘူး(စကု)မြို့နယ်ကျောက်စံကျေးရွာရှိ မိုးစပါးစိုက်အကျိုးဆောင်တောင်သူတစ်ဦးထံမှ သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**



# လေပြင်းတိုက်ခတ်မှုကြောင့် နတ်တလင်း၌ နေအိမ်များ အမိုးများလန်၍ ပျက်စီး

**နတ်တလင်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ဇွန် ၂၀ ရက် ညနေ ၆ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နတ်တလင်းမြို့နယ်၏ အရှေ့ဘက် ၁၂ မိုင်အကွာရှိ ဒမငယ်ကျေးရွာအုပ်စု ဒမငယ်ကျေးရွာအတွင်းရှိ နေအိမ် ၁၄ လုံးမှ သွပ်အမိုးများလန်၍ ပျက်စီးမှုများဖြစ်ပွားခဲ့သည်။ နေအိမ် ၁၄ လုံးမှ သွပ်အချပ်ရေ ၁၀၈ ချပ်ပျက်စီးခဲ့ပြီး တန်ဖိုးငွေ ကျပ် ၆၄၈၀၀၀ ခန့်ရှိ၍ အမိုးလန်၍ပျက်စီးသွားသောနေအိမ်များ ပြန်လည်ပြုပြင်ရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်ဆွေမျိုးများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်(နတ်တလင်း)**

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**သန်လျင်**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကိုဇွန် ၂၂ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့ Star City ဝင်းအတွင်းရှိ RMEC ကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိဒေါ်ရီရီလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကြည်စိုးသန့်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအင်ကြင်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဦးတို့က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုမှုများကို ဖြေကြားပေးကြသည်။

အခမ်းအနားအပြီးတွင် ပြခန်းအတွင်းခင်းကျင်းပြသထားသော မူးယစ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

**သန်းဝင်း**

**မြောက်ဥက္ကလာပ**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်တွင် ဇွန် ၂၀ ရက်က" လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ACA ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အဆိုပါကျောင်းမှ အကြံပေးအဖွဲ့ဝင် ဆရာကြီးဦးကြည်သန်း (မောင်ဒီပ-ပညာရေး)က အမှာစကားပြောကြားပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်၊ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဇဟို ဥက္ကဋ္ဌ ဦးစံရှိန်၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်ချစ်ချောနှင့်လူငယ်စာရေးဆရာ အလင်းဆက် (IR)တို့က ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါးတို့၏ ကြောက်မက်ဖွယ်ရာအကြောင်း၊ မူးယစ်ဆေးဝါးတို့၏ ပြစ်မှုပြစ်ဒဏ်များနှင့် ဥပဒေရေးရာသိမှတ်ဖွယ်အကြောင်းတို့ကို ပညာပေးဆွေးနွေးကြသည်။ ထို့နောက် ကျောင်းသူကျောင်းသားများက **(အောက်ပုံ)** ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များပြန်လည် မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်အတွင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ACA ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဟန်စိန်**



# ပေါက်ခေါင်းမြို့တွင် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ပေါက်ခေါင်း ဇွန် ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏(၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး ပွဲတော်ကို တောင်နဝင်းဆည်မြောင်းရိပ်သာအနီး၌ ယမန်နေ့ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဇော်နှင့်ဝန်ထမ်းများ၊ NGOများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၂၃ ဦးတို့က ကျွန်း၊ ယူကလစ်အပင် ၁၂၀၀ အား စိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စာသင်ကျောင်းဝင်းနှင့် လူနေအိမ် ၁၃ လုံး မြေအက်ကြောင်းဖြစ်ပေါ်

**ခန္တီး ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ဇွန်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ခန္တီးမြို့နယ် ပါဆောင်ကျေးရွာ စာသင်ကျောင်းဝင်းနှင့် လူနေအိမ် ၁၃ လုံး မြေအက်ကြောင်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မြေအက်ကြောင်းဖြစ်ပေါ်နေသော နေရာအတွင်းရှိ လူနေအိမ်ထောင်စု ၁၃ လုံး အနက် အိမ်ထောင်စုခုနစ်စုက ကိုယ့်အားကိုယ်ကိုး၍ မြေအက်ကြောင်းနှင့် လွတ်ကင်းသောနေရာများတွင် ပြောင်းရွှေ့ပြီးသော်လည်း ကျန်ရှိအိမ်ထောင်စု ခြောက်စုက ပြောင်းရွှေ့နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ အဆိုပါ ပါဆောင်ကျေးရွာအနီးနှင့် ဆင်သေ-ထန်ပါခွေ ကားလမ်းပေါ်တွင် မြေပြိုကျမှုများ သစ်ပင်များ လဲကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေမှုများကြောင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲလျက်ရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတဝှမ်းက အဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။



ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

facebook

Learn more at: https://www.facebook.com/safety/resources/myanmar

Ma Thel Nu Soe

Ph : 09 799145081, 09788343331


Ovaltine
ဒိုရေမွန်နဲ့ အတူတူ
ဂျပန်
သွားမယ်ဟေ့
အပတ်စဉ် အခမဲ့ခရီးစဉ်
ချစ်စရာ ဒိုရေမွန် အရုပ်လေးတွေကိုပါ ကံထူးနိုင်မည့် အခွင့်အရေး
၁ ဒိုရေမွန်ပုံပါ အိုဗာတင်းအထုပ်ကို ရှာဝယ်ပါ။
၂ အိတ်ခွံ နှင့်အတူ အချက်အလက်ပြည့်စုံစွာဖြည့်ပြီး စာတိုက်သေတ္တာအမှတ်၁၃၃၃ သို့ပေးပို့ပါ။
၃ ပေါက်မဲများကိုသတင်းစာ (သို့) အိုဗာတင်းမြန်မာ ဖေ့ဘွတ်တွင် ကြည့်ရှုနိုင်ပါသည်။
/OvaltineMyanmar
Doraemon
© 1970-2018 Fujiko Pro
Licensed by Animation Int'l / TAGGER
Explore Japan with Doraemon

ရန်ကုန်မြို့တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့်(BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ်(၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ(၃၀)ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှုရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ ခေတ်မီ သောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်းဆောက်လုပ်ထားသည့်(၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်းတည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ဝ၃/၂၀၁၈ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသားအရွယ်စုံ (တတိယတန်းနှင့်အထက်)(၄၁၄·၃၀၆၈)တန်နှင့် ကျွန်းလျှာထိုး (၈·၉၉၁၁)တန်တို့အား အမေရိကန်ဒေါ်လာ (US $)ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၉-၇-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ
(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

(က) ဝင်ခွင့်လျှောက်ထားသူများသည် ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၅၀)နှင့်အထက်ရရှိအောင်မြင်ခဲ့သူများလျှောက်ထားနိုင်သည်။ စုစုပေါင်းကျောင်းသား/ကျောင်းသူဦးရေ (၂၅၀) လက်ခံမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများမှ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များ ပါဝင်သည့် ဘာသာတွဲတစ်ခုခုဖြင့် ဖြေဆိုအောင်မြင်သူများလျှောက်ထားနိုင်သည်။
(ဂ) ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ဃ) လျှောက်ထားလိုသူများသည် မန္တလေးကွန်ပျူတာတက္ကသိုလ်သို့ သတ်မှတ်လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားနိုင်သည်။ ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။
   (၁) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့) အောင်မြင်ကြောင်းထောက်ခံစာ၊
   (၂) အမှတ်စာရင်း(မူရင်း)
   (၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)(သို့)နိုင်ငံသားလက်မှတ်(မိတ္တူ) (သို့) နိုင်ငံသားဖြစ်ရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၏ ထောက်ခံစာမူရင်း
(င) သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး အထူးပြုဘာသာရပ်အလိုက် အောင်မြင်ပြီးမြောက်သူများကို အောက်ပါကွန်ပျူတာဆိုင်ရာ ဘွဲ့များပေးအပ်ချီးမြှင့်သွားမည်။
   (၁) B.C.Sc.(Software Engineering)
   (၂) B.C.Sc.(Knowledge Engineering)
   (၃) B.C.Sc.(Business Information Systems)
   (၄) B.C.Sc.(High Performance Computing)
   (၅) B.C.Tech.(Computer Communication and Networks)
   (၆) B.C.Tech.(Embedded Systems)
(စ) အဆင့်မီပါက မဟာဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများသို့ အဆင့်ဆင့်ဆက်လက်တက်ရောက်ခွင့်ရှိသည်။
(ဆ) တက္ကသိုလ်ဝင်ခွင့်စိစစ်လက်ခံခြင်းကို အောက်ပါအတိုင်းဆောင်ရွက်မည်။
   **လျှောက်လွှာလက်ခံမည့်ကာလ** - ၁၅-၆-၂၀၁၈ ရက်မှ ၁၅-၇-၂၀၁၈ ရက်ထိ
   **ဝင်ခွင့်ရရှိသူများစာရင်းကြေညာခြင်း** - ၁၅-၈-၂၀၁၈ ရက်
   **ကျောင်းအပ်လက်ခံခြင်း** - ၁၆-၈-၂၀၁၈ ရက်မှ ၁၂-၉-၂၀၁၈ ရက်ထိ
(ဇ) သင်တန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မန္တလေး ကွန်ပျူတာတက္ကသိုလ် website www.ucsm.edu.mm တွင် ကြည့်ရှုနိုင်ပြီး ဖုန်း-၀၉-၈၉၆၅၀၂၂၁၅ နှင့် ၀၉-၇၈၆၅၀၅၀၁၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အဆင့်မြင့်မြေတိုင်းသင်တန်းအပတ်စဉ်(၁၅) သင်တန်းဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် အဆင့်မြင့်မြေတိုင်းသင်တန်းအပတ်စဉ် (၁၅)ကို Amigos International Co.,Ltd နှင့် ပူးပေါင်းကာ လာမည့် ၂၀၁၈ ခုနှစ် ဇူလိုင် ၇ ရက်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသော သင်တန်းသားများသည် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး (အခန်းအမှတ် ၃၀၃၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၅၁၃၁၀ သို့ လာရောက်စုံစမ်းအပ်နှံနိုင်ပါသည်။ (ပညာအရည်အချင်း- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ) သင်တန်းသား ၄၀ ဦးသာ လက်ခံပါမည်။

**ဖခင် အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မပန်းအိမွန်၏ ဖခင်အမည်မှန်မှာ ဦးကိုမြင့် ၈/တတက(နိုင်) ၀၃၉၆၈၆ ဖြစ်ကြောင်း။ **ဦးကိုမြင့်**

**အမည်မှန်**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက-၃ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဝွမ်ထွယ်အောင်၏အမည်မှန်မှာ မောင်ဝွန်ထွယ်အောင် ဖြစ်ပါကြောင်း။ **မောင်ဝွန်ထွယ်အောင်**

**အမည်မှန်**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက -၂၊ သတ္တမတန်း (A) မှ မခင်သန့်ဇင် (ကျောင်းဝင်အမှတ် - ၁၅၃၅၄)၏ အမည်မှန်မှာ မခင်သန့်စင် ဖြစ်ပါကြောင်း။ **မခင်သန့်စင်**

## ညောင်ရွှေမြို့၊ မင်္ဂလာဈေး အဆင့်မြင့်ဈေးတည်ဆောက်မည့် လုပ်ငန်းနှင့် ပုံစံများ အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူခြင်း

ညောင်ရွှေမြို့၊ ကန်သာရပ်ကွက်၊ ရွှေညောင်-ညောင်ရွှေသွားလမ်းအရှေ့ဘက်၊ ဦးပိုင်အမှတ် (၂-က)၊ ဧရိယာ ဧက ၀ ဒသမ ၂၃၉ဧကရှိ ဗိုလ်ချုပ်ပန်းခြံနှင့် ဦးပိုင် (၂/ခ၊ ၂/ဃ၊ ၂/င၊ ၈)၊ ဧရိယာ ၃ ဒသမ ၅၈၅ ဧကရှိသည့် မင်္ဂလာဈေးကို အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ရန်အတွက် တည်ဆောက်မည့်လုပ်ငန်းနှင့် ပုံစံများကို အဆိုပြုတင်ပြရန် တင်ဒါပေးသွင်းနိုင်ရေး ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ မင်္ဂလာဈေးအား အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ပြီးစီးလျှင် စည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်လိုသည့် ကုမ္ပဏီသည် ဈေးတစ်ခုတွင် ပါဝင်ရမည့် လိုအပ်ချက်များအားလုံးကို ထည့်သွင်းပုံစံထုတ် ရေးဆွဲအဆိုပြုရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များကို အခြေခံပြီး ကုမ္ပဏီအမြင်အရ ပိုမိုကောင်းမွန်သည့်အချက်များ ထည့်သွင်းရေးဆွဲနိုင်ပါသည်-

(က) မင်္ဂလာဈေးအဆင့်မြှင့်ခြင်းကို PPP (Public Private Patnership) စနစ်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ MIC မှ ခွင့်ပြုချက်ရယူဆောင်ရွက်မည့်အစီအမံများ၊
(ခ) ကုမ္ပဏီပိုင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ သင်းဖွဲ့စည်းမျဉ်းနှင့် ငွေကြေးပိုင်ဆိုင်မှုအထောက်အထားများ အပြည့်အစုံတင်ပြရန်။
(ဂ) ကုမ္ပဏီ၏ လုပ်ငန်းဆိုင်ရာအတွေ့အကြုံများ။
(ဃ) တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သော ယာဉ်စက်ယန္တရား၊ လူအင်အား၊ ပညာရှင်ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မှုအစီအမံ။
(င) ဈေးသစ်ကို သံကူကွန်ကရစ်အမျိုးအစားဖြင့် ဆောင်ရွက်ရန်၊ ခေတ်နှင့်လျော်ညီသော အဆင့်မီပုံစံရေးဆွဲရန်။
(စ) ဗိုလ်ချုပ်ပန်းခြံဟောင်းနေရာ၊ GEC ၊ စစ်မှုထမ်းဟောင်းနှင့် သားငါးတန်းနေရာများကို (၃)ထပ်ပုံစံနှင့် မူလဈေးနေရာတွင် (၂)ထပ်ပုံစံရေးဆွဲရန်။
(ဆ) အဆောက်အအုံပြင်ဆင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့် ကြိုတင်စီစဉ်ဆောင်ရွက်ပေးနိုင်မည့်အစီအမံ။
(ဇ) ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာသူများ၏ ကားနှင့်မော်တော်ဆိုင်ကယ်ရပ်နားရန်နေရာများအတွက် အစီအမံများ။
(ဈ) အစည်းအဝေးခန်း၊ ဈေးအရာရှိရုံးခန်း၊ စားသောက်ဆိုင်၊ Shopping Mall၊ Show Room၊ အလှပြင်ဆိုင်ခန်း၊ ကုမ္ပဏီရုံးခန်း၊ Mini Theatre၊ Mini Bank များစသည်ဖြင့် Multi use ဖြစ်စေမည့် အစီအမံများ။
(ည) အဆင့်မြင့်ဈေးအတွင်း မီးသတ်ကားဝင်ထွက်နိုင်သည့် အဆင့်ရှိ ဝင်/ထွက်လမ်းများနှင့် ဈေးအတွင်း/အပြင် ရေနုတ်မြောင်းများ ဆောင်ရွက်မည့်အစီအမံများ၊
(ဋ) ရောင်းကုန်အမျိုးအစားအလိုက် ဆိုင်ခန်းနေရာသတ်မှတ်မှုများ၊
(ဌ) မူလညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနတွင် မှတ်ပုံတင်ထားသော ဆိုင်ခန်းများ၏ အမည်ပေါက်ဆိုင်ခန်းရှင်များအား မူလအတိုင်းအတာထက် မလျော့ဘဲ ထိုက်သင့်သည့်ပေးသွင်းငွေဖြင့် ပြန်လည်နေရာချထားပေးမည့်အစီအမံများ၊
(ဍ) မူလဈေးနေရာရှိ နေ့စဉ်ပျံကျဈေးသည်နှင့် ညောင်ရွှေဈေးနေ့ပျံကျဈေးသည် စုစုပေါင်း (၁၂၅၀)တို့အနက် ကုန်စိုပျံကျကို မြေညီထပ်၊ ကုန်ခြောက်ပျံကျကို ပထမထပ်တို့တွင် လျာထားပေးရန်
(ဎ) မူလဈေးဟောင်းဖျက်သိမ်းရှင်းလင်းမှုနှင့် ယာယီဈေးသစ်ဆောက်လုပ်ရန်အတွက် ဆောက်ရွက်ပေးမည့်အစီအမံများ၊
(ဏ) အများသုံးသန့်စင်ခန်းများအား လုံလောက်သည့် အခန်းအရေအတွက်ဖြင့် အနည်းဆုံး(၂)နေရာ ထည့်သွင်းတည်ဆောက်မည့်အစီအမံများ၊
(တ) အမှိုက်သိမ်းဆည်းမှုစနစ်နှင့် ရေဆိုးထုတ်မည့်အစီအမံများ၊
(ထ) လုံခြုံရေးစနစ်၊ မီးဘေးလုံခြုံရေးစနစ်၊ အရေးပေါ်ထွက်ပေါက်များနှင့် လေဝင်လေထွက် ကောင်းမွန်ရေးစီမံထားရှိမှု၊
(ဒ) ရေရရှိရေး၊ ရေပေးဝေရေးဆောင်ရွက်မည့်အစီအမံများ၊
(ဓ) ဆိုင်ခန်းမီးများ၊ လုံခြုံရေးမီးများအတွက် လျှပ်စစ်သွယ်တန်းတပ်ဆင်မှု အစီအမံများ၊
(န) မူလဈေးနေရာ မြေညီထပ်မြောက်ဘက်ခြမ်းတွင် သား/ငါးတန်း၊ ဒေသရိုးရာအင်းမုန့်တီသည်များကို မီးဘေးလုံခြုံရေးအမြင်ဖြင့် လျာထားရန်၊
(ပ) တည်ဆောက်ရေးကာလအတွက် Schedules ရေးဆွဲ၍ ဆောင်ရွက်မည့်အစီအမံများ၊
(ဖ) လုပ်ငန်းခွင်နှင့်အများပြည်သူ အန္တရာယ်ကင်းရှင်းရေး သဘာဝဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့်အစီအမံများ၊
(ဗ) အခြားဝန်ဆောင်မှုပေးမည့်အခြေအနေများ၊

၃။ အဆိုပြုတင်ဒါတင်သွင်းသည့်ကုမ္ပဏီသည် မိမိတင်သွင်းသည့်ပုံစံအရ ခန့်မှန်းခြေကုန်ကျစရိတ်များ၊ ရရှိလာသည့်ဆိုင်ခန်းအသစ်များ၊ နေရာအသစ်များကို ပြန်လည်ရောင်းချမည့်ဈေးနှုန်းများဆောင်ရွက်လိုသည့် အငှားစနစ်များကိုပါ ထည့်သွင်းအဆိုပြုရမည်။
၄။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီသည် အဆင့်မြင့်ဈေးသစ် တည်ဆောက်ပြီးစီးပါက ဖြစ်ပေါ်လာမည့် အကျိုးရလဒ်အပေါ် ကုမ္ပဏီနှင့် ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးဌာနတို့အတွက် အကျိုးအမြတ်ခွဲဝေမှုအစီအမံများပါ ထည့်သွင်းတင်ပြရမည်။
၅။ အဆိုပါတင်ဒါသွင်းမည့် ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းပါဖိုင်၊ မိမိဆောက်လုပ်မည့်ပုံစံများခန့်မှန်းခြေစာရင်းနှင့်အတူ ဆောင်ရွက်မည့်လုပ်ငန်းကုန်ကျစရိတ်၏ ၅ ရာခိုင်နှုန်းကို အာမခံငွေသွင်းချလန်မူရင်းနှင့်အတူ တင်သွင်းရမည်။
၆။ ကြီးကြပ်မှုကော်မတီအား မိမိပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရာတွင် ရှင်းပြရမည်ဖြစ်ပြီး ပုံစံရွေးချယ်မခံရလျှင် တင်သွင်းထားသည့် အာမခံငွေအားတင်ဒါအတည်ပြုရွေးချယ်ပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ရွေးချယ်ခံရသည့် ကုမ္ပဏီသည် တင်ပြသည့် စံချိန်၊ စံညွှန်းများနှင့်အညီဆောက်လုပ်ရမည်ဖြစ်ပြီး မြို့မ-မင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ရေးကြီးကြပ်မှုကော်မတီနှင့် အသေးစိတ်စည်းကမ်းချက်များဆွေးနွေးပြီးစာချုပ်ချုပ်ဆို လုပ်ကိုင်သွားရမည်ဖြစ်ပါသည်။
၈။ အဆိုပြုတင်ဒါကို ၁၀-၈-၂၀၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ တင်သွင်းရမည်။ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အိတ်ဖွင့်ပေးပို့နိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးဌာနရုံး၊ ညောင်ရွှေမြို့၊ ဖုန်း-၀၈၁-၂၀၉၀၀၆/၂၀၉၉၃၉**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/6514 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သရက်)**

**မိခင်အမည်မှန်**

အထက(၁) ကျိုက်ထို အဋ္ဌမတန်း (D) မှ မောင်ကျော်ဇေယျာစိုးနှင့် တက္ကသိုလ်ဝင်တန်း (1-C)မှ မောင်မျိုးမင်းစိုး၏ မိခင်အမည်မှန်မှာ ဒေါ်နန္ဒာဝင်း ၁၀/သထန(နိုင်)၁၄၉၁၁၄ ဖြစ်ပါကြောင်း။ **ဒေါ်နန္ဒာဝင်း**

## Tug Boats နှင့် Barge များ ရောင်းမည်

Tug Boat(2) Nos 25M Triple Screw
(အလျား 82'၊ အနံ 26'3"၊ ဇောက် 9')
Barge No(1) အလျား-230'- အနံ- 64'၊ အမြင့်-14'
(GRT 1454/NRT 1233)
Barge No(2) အလျား- 200'- အနံ- 50'၊ အမြင့်-12'
(GRT 835/NRT 251)
Barge No(3) အလျား-180'- အနံ- 50'၊ အမြင့်-10'
(GRT 631/NRT 190)
Barge No(4) အလျား-180'- အနံ- 50'၊ အမြင့်-10'
(GRT 631/NRT 190)

**ဆက်သွယ်ရန်(လိပ်စာ) အမှတ် ၂/၆၊ (၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊**
**(လိုင်းဖုန်း) 01-658202~204, 658206**
**(ဟန်းဖုန်း) 09-30959558**

## အောင်လံဆရာတော် အသျှင်စန္ဒိမာ၏ ယောဂီအဟောင်းများအတွက် အချောသပ်အထူးတရားစခန်း ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနိသောမနသိကာရ၏ နက်နဲသောပဟေဠိများကို ဖွင့်ဆိုခြင်းကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် တစ်ကြိမ်ဝင်ဖူးသော ယောဂီအဟောင်းများအတွက် ၁၀ရက် အဓိဋ္ဌာန်အချောသပ် အထူးတရားစခန်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၂၆-၆-၂၀၁၈ ရက် နံနက် ၈း၀၀ နာရီတွင် ရဟန်းနှင့်အမျိုးသားယောဂီများအတွက် ဖုန်း-၀၉-၄၄၄၄၃၆၀၇၀ နှင့် ၀၉-၄၄၄၄၃၆၀၉၉ တို့သို့လည်းကောင်း၊ သီလရှင်နှင့်အမျိုးသမီးယောဂီများအတွက် ဖုန်း-၀၉-၇၈၂၂၁၁၆၆၇၊ ၀၉-၂၅၂၂၅၅၈၄၅ နှင့် ၀၉-၇၉၈၇၂၁၉၂၀ တို့သို့လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။

**စခန်းဝင်ရမည့်ရက်/အချိန်** - ၇-၇-၂၀၁၈ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ
**စခန်းထွက်ရမည့်ရက်/အချိန်** - ၁၈-၇-၂၀၁၈ ရက် နံနက် ၇း၀၀ နာရီ
**မှတ်ချက်** ။ ။ စုစုပေါင်း ယောဂီဦးရေ ၅၅၀ သာ လက်ခံပါမည်။ စာရင်းပေးသွင်းပြီး မဝင်ဖြစ်ပါက တရားစခန်းမတိုင်မီ ဖုန်း-၀၉-၅၁၇၇၈၂၅ နှင့် ၀၉-၄၅၀၀၁၁၉၄၇ သို့ ဖုန်းဆက်၍ အကြောင်းကြားပေးရန်နှင့် အကြောင်းကြားရန် ပျက်ကွက်ခဲ့ပါက နောင်တွင် လုံးဝ ဝင်ခွင့်ပြုမည်မဟုတ်ပါ။
**အထူးတောင်းပန်ချက်** ။ ။ ရန်ကုန်ရိပ်သာကြီးတွင် ဇွန်လအတွင်းကျင်းပခဲ့သည့် ယောဂီအဟောင်းများအတွက် ဖုန်းလက်ခံသည့်နေ့၌ နံနက် ၇း၀၀ နာရီမှ နံနက် ၈း၀၀ နာရီသို့ အချိန်ပြောင်းလဲပေးမှုကြောင့် အခက်အခဲဖြစ်သွားသော ယောဂီအဟောင်းများအား အထူးတောင်းပန်အပ်ပါသည်။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## OTS(38)၊ စည်သူတပ်ခွဲ သင်တန်းဆင်း နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားဖိတ်ကြားခြင်း

၂၉-၆-၂၀၁၈ ရက်တွင် ကျရောက်သော သင်တန်းဆင်း နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် ဇနီး၊ မိသားစုများ၊ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများ၏ဇနီးမိသားစုများ စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

* **နေ့ရက်** - ၃၀-၆-၂၀၁၈ ရက် (စနေနေ့)
* **အချိန်** - ၀၉း၃၀နာရီ ကျဆုံး/ကွယ်လွန်သူငယ်ချင်းများကို ရည်စူးပြီး ပင့်သံဃာငါးပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တရားနာ ရေစက်ချအမျှပေးဝေခြင်း။
  - ၁၀း၀၀ နာရီ ဆေးရုံတက်ရောက်နေကြသော သံဃာတော်များ၊ သီလရှင်များအား နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း။
  - ၁၀း၃၀ နာရီ မင်္ဂလာခန်းမတွင် နှစ်ပတ်လည်တွေ့ဆုံပွဲပြုလုပ်ခြင်း။
* **နေရာ** - ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အမှတ် (၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဆက်သွယ်ရန်**။ ။ ထိန်ဝင်း ဖုန်း-၀၉-၄၄၂၁၆၀၆၃၃
အုန်းမြင့် ဖုန်း-၀၉-၅၀၂၈၄၂၈

**OTS(38) စည်သူတပ်ခွဲ**

**ဖခင်အမည်မှန်**

အထက (၂) ကျိုက်ထို တက္ကသိုလ်ဝင်တန်း(B) မှ ကျောင်းဝင်အမှတ် (၀၁၆၂) ဖြစ်သူ မစုသန္တာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဟန်ဇော်ဦး ၁၀/ကထန(နိုင်)၀၇၈၀၅၆ ဖြစ်ပါကြောင်း။ **ဦးဟန်ဇော်ဦး**

**ဖခင်အမည်မှန်**

နောင်ချိုမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မမေမီမီမွန်၏ဖခင်အမည်မှန် ဦးရှိဆန်း ဖြစ်ပါကြောင်း။ **ဦးရှိဆန်း**

**ဖခင်အမည်မှန်**

နောင်ချိုမြို့ တောင်ရပ်ကွက်နယ်မြေ (၁၀)နေထိုင်သူ မအိအိဇော် အဋ္ဌမတန်း အထကမှ ဖခင်အမည်မှန်မှာ ဦးစိုးထွန်းနှင့် ဦးမြင့်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးစိုးထွန်း (ခ) ဦးမြင့်ထွန်း**

## INVITATION FOR PRICE QUOTATIONS

1. The Government of Republic of the Union of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the Agriculture Development Support Project, and intends to apply part of the proceeds toward payments under the contracts for goods described in Paragraph 2.
2. The Department of Irrigation, Ministry of Agriculture, Livestock and Irrigation, Office No. 43, NayPyiTaw, Myanmar now invites sealed bids from eligible bidders for the supply of:

| Ref No | Description of Goods |
|---|---|
| W1,2 and 4 | Cement (Sinthe, Marlenattaung and Swar) |
| W1,2,3 and 4 | Diesel (Sinthe, N Yamar, Marlenattaung and Swar) |
| W1,2 and 3 | Deformed Steel Round Bar for Concrete Reinforcement(Sinthe, N Yamar and Marlenattaung) |

Bids must be submitted in a written form to the address below (in person) and clearly indicate one or more of the Reference number above. Sealed Quotations will be submitted to the address below at the latest the dead line, after which no Quotations will be accepted.
Late bids will be rejected. Bids will be opened in public immediately thereafter at the address given below in the presence of the Bidders' representatives and the project's beneficiaries from the concerned local community who choose to attend shall be allowed to be present in person.
Suppliers will be selected following the Shopping Method as per the "Guidelines for Procurement of Goods, Works and non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers" revised *July 2014*.
Interested eligible bidders may obtain further information from the address below and inspect the bidding documents during office hours e i.e. 0900 to 1600 hours Myanmar time at the address given below.
The Quotations must be delivered to the address below on or before: **July 18, 2018, 14 hrs, Myanmar time**

Attn **U Tint Lwin, Director of Procurement**
**Ministry of Agriculture, Livestock and Irrigation, Irrigation Department**
**Building No. 43,** Floor/ Room number:1st **floor, Office of Director of Procurement,** City: Nay Pyi Taw Country: **Republic of the Union of Myanmar**
Telephone: +95-67-410316, Facsimile number: + 95-67-410509
Electronic mail address: tlwin4.irr@gmail.com
Additional information and Request for Quotation documents can be obtained from **by email** tlwin4.irr@gmail.com

နိုင်ငံတကာတွင် နှစ်ပေါင်း ၈၀ ကျော် ပညာရေးသက်တမ်းရှိ Kaplan International မှ တိုက်ရိုက်လာရောက်ဖွင့်လှစ်သည့်...



# Kaplan Myanmar University College ၏
# ပညာသင်ဆု အခွင့်အလမ်းများအကြောင်း ဆွေးနွေးပွဲ

နေ့ရက် ဇွန်လ ၃၀ ရက် (စနေနေ့)

အချိန် မနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ

နေရာ Kaplan Myanmar University College ( KMUC Campus)

Hot line
09-777 68 6000
09-777 63 6000

KAPLAN MYANMAR UNIVERSITY COLLEGE

Kaplan Myanmar University College
No. 6A, Waggi Yeikthar Street, Kamayut Township, Yangon.


## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်တော်မြို့နယ်၊ နဂရာကျေးရွာနေ ဦးမောင်ကျော်မြင့်၏သား မောင်ဇာနည်ကျော် ၁၁/ကတန(နိုင်)၁၆၆၄၉၈နှင့် မောင်ဇာနည်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဇာနည်ကျော်(ခ)ဇာနည်ထွန်း**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးအောင်ကြီး ၁/မစန (နိုင်)၀၂၃၇၃၅၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၈၇၀၃၇၀**

## အမည်မှန်နှင့် မွေးသက္ကရာဇ်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ န၀မတန်း (B7)မှ မနုနုလွင်၏အမည်မှန်မှာ မနူးနူးလွင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ(၁၁-၇-၂၀၀၄) ဖြစ်ပါသည်။

## မိဘအမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ အဋ္ဌမတန်း (A) မှ မောင်ကေဆပ်နှင့် သတ္တမတန်း(D) မှ မစီမားတို့၏ မိဘအမည်မှန်မှာ ဦးရုနာရန်းနှင့် ဒေါ်ကွန်သာဒေဘီတို့ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အရာတော်မြို့နယ်၊ ဝါးရောင်းကျေးရွာ အထက(ခွဲ) န၀မတန်းမှ မနီလာအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၅/အရတ(နိုင်)၀၉၀၇၈၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ နတ်လာပို့တောင်အုပ်စု၊ နတ်လာပို့တောင်ရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်၅/ကနန(နိုင်)၀၃၆၅၃၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၂)၊ န၀မတန်း (A)မှ မောင်ချမ်းမြေ့ကျော်၏ ဖခင်အမည်မှန်မှာ ဦး အောင်မြင့်ထွေး ၅/မကန(နိုင်)၀၁၇၂၈၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ နတ်လာပို့တောင်အုပ်စု၊ နတ်လာပို့တောင် အထက(ခွဲ) ပထမတန်းမှ မရွှေယမင်းခိုင်၊ ပဉ္စမတန်းမှ မပပဝိုင်းပြည့်စုံခိုင်၊ န၀မတန်းမှ မထက်ထက်ပြည့်ဖြိုးခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကြည်စိုး ၅/ကနန(နိုင်)၀၅၈၉၁၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၇၇၅၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

## မှတ်တမ်းတင်ဂုဏ်ပြုခြင်း

တာချီလိတ်မြို့၊ ၉/၁၄ စိန်ပန်းလမ်း၊ ပုန်းထွန်ရပ်ကွက်နေ ဦးအောင်မင်း(ခ)အမ်ရိုဒ်အား သွေးလှူရှင်များနေ့အထိမ်းအမှတ်၌ (၇၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည့် သွေးလှူရှင်အဖြစ် ခုတင်၁၀၀ဆံ့ တာချီလိတ်ပြည်သူ့ဆေးရုံမှ မှတ်တမ်းတင်ဂုဏ်ပြုခဲ့ပါသည်။

## အမည်မှန်

ဦးလော်အိုး၏သား ကျိုင်းတုံမြို့ အထက(၆) တက္ကသိုလ်ဝင်တန်း (A)မှ မောင်ရှင်ကောသလ၏ အမည်မှန်မှာ မောင်လီဂျား ဖြစ်ပါကြောင်း။

**မောင်လီဂျား**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၁၂၄

ဒေါ်ခင်သိင်္ဂီ နှင့် ဒေါ်ကြူကြူအေး

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၀ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ တရားပထမအယူခံမှုအမှတ် ၂၅၄/၂၀၁၆ကို အယူခံမှု။

အယူခံတရားပြိုင် ဒေါ်ကြူကြူအေး၊ မာလကာခြံ၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) သိစေရမည်။

ယခုအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေ ဦးမြလှိုင်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၈ခုနှစ် ဇူလိုင် ၂ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပဲခူးခရိုင်တရားရုံး

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၂၀

ဒေါ်စန်းမြင့် နှင့် ဒေါ်ခင်ချို(ခ)ဒေါ်ချိုချို ပါ-၁၂

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့၊ ရန်ကင်းရပ်ကွက်နေ ဦးအောင်ကျော်(ဘ)ဦးဘိုကေ မိုးကြက်ဥ၊ ဘဲဥရောင်းဝယ်ရေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၁ ရက်တွင် ဤရုံးတော်က တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး**

## ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မပိုးအိခိုင်၏ဖခင် ဦးဇော်ထူး၏ အမည်မှန်မှာ ဦးဇော်မျိုးထူး ၅/ထခန(နိုင်)၀၄၆၇၁၅ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးထူး**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက (၁) ဆဋ္ဌမတန်း(D)မှ မောင်သန်းဌေးအောင်နှင့် တမာကုန်းကျေးရွာ (အမက) ကျောင်း (KG)တန်းမှ မောင်ကျော်မျိုးသူတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဆန်း ၉/ပဘန(နိုင်)၁၂၂၆၅၆ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဆန်း**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ လေးရွာ အထက(ခွဲ)၊ သတ္တမတန်း(B)မှ မောင်ဖိုးပြည့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဝင်း ၉/ကပတ(နိုင်)၂၀၈၂၆၃ ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်း**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ထက်မြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်းဦး ၉/ပဘန(နိုင်)၁၃၇၄၀၆ ဖြစ်ပါကြောင်း။

**ဦးဇော်ထွန်းဦး**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ မြို့ရှေ့ အထက တက္ကသိုလ်ဝင်တန်း(C)မှ မသီရိဆွေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မှန်း ၉/ကပတ(နိုင်)၀၅၃၂၄၂ ဖြစ်ပါကြောင်း။

**ဦးအောင်မှန်း**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက(၂) ပန်းစုံကျောင်း သတ္တမတန်း(A) မှ မောင်ကောင်းလျှံဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း (TAK-၀၃၇၁၈၉) ဖြစ်ပါကြောင်း။

**ဦးစိုးဝင်း**

## မိဘအမည်မှန်

ကန့်ဘလူမြို့နယ်၊ မော်တော်ကျေးရွာ(အလက) ဒုတိယတန်းမှ မောင်ခန့်ကျော်ထွန်း၏ မိဘအမည်မှန်မှာ ဦးစိန်ထွန်းနှင့် ဒေါ်ခင်စန်းတို့ဖြစ်ပါကြောင်း။

**ဦးစိန်ထွန်း-ဒေါ်ခင်စန်း**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ဌေး၏သမီး ကျောက်ဆည်မြို့၊ အထက(ခွဲ)အနောက်သာဂရ၊ ဆဋ္ဌမတန်း(A)မှ မယမင်းရွှေစင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁-၂၀၀၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက (၂) ပန်းစုံကျောင်း တက္ကသိုလ်ဝင်တန်း (C) မှ မဖြူသက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်မင်း ၉/ပဘန(နိုင်)၁၅၀၈၅၃ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်မင်း**

## ဖခင်အမည်မှန်

စစ်တွေမြို့၊ မောလိပ် အထက (ခွဲ) အဋ္ဌမတန်းမှ မဌေးစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်သိန်းလှိုင် ၁၁/ပဏတ(နိုင်)၀၄၀၆၈၈ ဖြစ်ပါကြောင်း။

## အများသိစေရန်သတိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာမျိုး(ဘ)ဦးနိုင်ဝင်း ၅/ဝလန(နိုင်) ၁၆၇၃၈၁၊ အမှတ် ၂၀၊ ဇောတိကလမ်း၊ ဆင်မလိုက်(သဘော်ကျင်းမှတ်တိုင်) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း သတိပေးတားမြစ်လိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ၄င်း၏အမည်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ စီးပွားရေးလုပ်ငန်းများနှင့် ၄င်းဓာတ်ပုံပါအသုံးပြုသော Pi A No(Face Book Account) တို့ကို ခွင့်ပြုချက်မရှိဘဲ လူမှုကွန်ရက်စာမျက်နှာနှင့် အခြားအများသိစေသော မီဒီယာတစ်မျိုးမျိုးတွင် ဒေါ်စန္ဒာမျိုးအပေါ် ဂုဏ်သိက္ခာကျဆင်းစေမည့်စာများ၊ အရှက်တကွဲဖြစ်စေမည့် ရေးသားမှုများ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်စေသော လုပ်ရပ်များနှင့် စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာစေသည့် အထင်အမြင် လွဲမှားစေသော ပြုလုပ်မှုများကို မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာမျိုး၏အမည်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ စီးပွားရေးလုပ်ငန်းများနှင့် ၄င်းဓာတ်ပုံပါအသုံးပြုသော Pi A No (Face Book Account) တို့ကို လူမှုကွန်ရက်စာမျက်နှာပေါ်နှင့် အခြားအများသိစေသော မီဒီယာတစ်မျိုးမျိုးတွင် ဖော်ပြရေးသားလာမှုများကို မြင်တွေ့ကြားသိရပါက ပြုလုပ်သူမည်သူကိုမဆို ဒေါ်စန္ဒာမျိုးမှ တည်ဆဲဥပဒေအရ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို သတိပေးကြေညာလိုက်ပါသည်။

**ဒေါ်စန္ဒာမျိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိမွန်ခန့် LL.B, D.B.L** | **ဒေါ်ဟန်နီအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၃၄၁)** | **(စဉ်-၄၄၂၂၇)** |

**အမှတ် ၃/၂၀၆၊ မြို့ပတ်လမ်း၊ တပ်ပိုးရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၄၁၉၉၂**

## နေရာကောင်း မြေကွက်များ ရောင်းရန်ရှိသည်

(၁) နေပြည်တော် - ရွှေကြာပင်မြစ်ငယ်(၃)လမ်း (၆၀'×၆၀')

(၂) နေပြည်တော် - ရွှေကြာပင် ဂန္ဓမာလမ်း (၆၀'×၆၀')

(၃) စစ်တွေမြို့ - မောလိပ်ရပ်ကွက်၊ ထီးတန်းလမ်း လေးထပ်တိုက် တစ်လုံး (မြ၀တီဘဏ်အနောက်)

(၄) စစ်တွေမြို့၊ မင်းဂံ(၂)ရပ်ကွက်၊ မေယုအဝေးပြေးလမ်းမ (အဝေးပြေးဂိတ်အနီး) (၄၀'×၆၀')

(၅)စစ်တွေမြို့၊ မင်းဂံ၊ (၁၇)ရပ်ကွက်၊ (၄၀'×၆၀')မြေကွက် (၈)ကွက်

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၈၉၆၉၂၊ ၀၉-၉၇၂၄၀၅၂၈၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

မကွေးခရိုင်တရားရုံးတော်

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၃၅

ဦးလင်းဆွေဦး နှင့် ၁။ ဦးစိန်ဝင်း
၂။ ဦးစိုးမြင့်
၃။ ဦးကေနော်တောင်

**တရားလို** **တရားပြိုင်များ**

မကွေးမြို့၊ အမှတ်(E-၅)၊ ရန်ကင်းရပ်နေ (၂)တရားပြိုင် ဦးစိုးမြင့်(ယခုနေရပ်လိပ်စာမသိသူ)နှင့် မကွေးမြို့၊ တိုင်းပညာရေးမှူးရုံးဝင်းနေ (၃)တရားပြိုင် ဦးကေနော်တောင်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးလင်းဆွေဦးကပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၈ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်း အပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မကွေးခရိုင်တရားရုံး**

## ဦးအောင်ကိုကိုနှင့် အများသိစေရန်ကြေညာခြင်း

တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ကန်တော်လမ်း၊ အိမ်အမှတ် ၁၁/၂၅၆နေ ဦးသက်တင် ၇/တငန(နိုင်)၁၀၁၈၂၅နှင့် ဒေါ်အေးအေးခိုင် ၇/တငန(နိုင်)၀၃၁၇၂၄၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ကန်တော်လမ်း၊ အရှေ့လားသော်-ဦးမောင်ကို၊ အနောက်လားသော်-ဦးမောင်မောင်သန်း၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးမြ အလား(၄)ရပ်အတွင်းရှိ ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိအမှတ် ၁၁/ ၂၅၆ဟု ခေါ်တွင်သော နှစ်ထပ်အဆောက်အအုံတို့ကို ဖော်ပြပါဦးသက်တင်နှင့်ဒေါ် အေးအေးခိုင်တို့မှ အသိသက်သေများရှေ့တွင် ၁၇-၆-၂၀၁၁ရက်က ဦးကိုကြီး(ဘ) ဦးဟာမြစ်နှင့် သဘောတူသတ်မှတ်သော တန်ဖိုးငွေပေးချေ၍ နှစ်ဦးသဘောတူ အိမ်နှင့်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး ဝယ်ယူလက်ရှိပြုနေထိုင်ပိုင်ဆိုင် စီမံခန့်ခွဲခဲ့ပါသည်။ ထို့နောက် ဦးသက်တင်နှင့် ဒေါ်အေးအေးခိုင်တို့မှ အဆိုပါအိမ်ခြံမြေ၏ ပိုင်ရှင်၊ အိမ်ရှင်အဖြစ်ဖြင့် ၁၀-၁၂-၂၀၁၂ရက်တွင် မောင်ဇော်ဆိုသူအား အဆိုပါခြံမြေရှေ့မျက်နှာစာရှိ ၁၄×၁၄ပေမြေ အစိတ်အပိုင်းကို ကတိစာချုပ်ချုပ်ဆို ငှားရမ်းခဲ့ခြင်း ၁၂-၂-၂၀၁၃ရက်တွင် မောင်သော်မော်ခိုင်ဆိုသူအား ၁၁/၂၅၆ အိမ်အောက်ထပ်ခန်းအား အိမ်ရှင်/အိမ်ငှားနှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆို၍ အငှားချထားခဲ့ခြင်း (၁-၈-၂၀၁၃)ရက်(၇-၁၁-၂၀၁၃)ရက် (၂၁-၇-၂၀၁၅)ရက် (၁-၈-၂၀၁၆)ရက်များတွင် ဦးအောင်ကိုကို ၁၂/မဂတ(နိုင်)၀၈၇၅၃၉အား အိမ်ရှင် /အိမ်ငှားနှစ်ဦးသဘောတူစာချုပ်ချုပ်ဆို၍ ငှားရမ်းခဲ့ခြင်း၊ ၁-၈-၂၀၁၃ရက်စွဲပါ စာချုပ်နှင့် ၂၁-၇-၂၀၁၅ရက်စွဲပါ စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ရာ၌ ဦးကိုကြီးမှ သက်သေပြုပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်း၊ ၂၆-၂-၂၀၁၇ရက် ဒေါ်နုနုရီအား ဦးသက်တင်၊ ဒေါ်အေးအေးခိုင်တို့မှ ခြံမြေ (၄)ပေ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုရောင်းချရာတွင်လည်း ဦးကိုကိုကြီးမှ သက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းများရှိခဲ့ကြောင်း သိရပါသည်။ သို့အတွက် ၇-၆-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာ၌ ဦးကိုကြီးနှင့် အများသိစေရန် ခေါင်းစဉ်ဖြင့် ဦးအောင်ကိုကို၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာချက်ကို ဦးသက်တင်နှင့် ဒေါ်အေးအေးခိုင်တို့မှ ကန့်ကွက်ကြောင်းနှင့် ဦးအောင်ကိုကိုသည် ဦးသက်တင်ထံမှ အိမ်အမှတ် ၁၁/၂၅၆ အိမ်အောက်ထပ်နှင့် အိမ်ရှေ့မျက်နှာစာမြေအလွတ်အား စာချုပ်ချုပ်ဆိုငှားရမ်း နေထိုင်လျက်ရှိသူသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်တင်၊ ဒေါ်အေးအေးခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်လှ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၂/၉၀)**
**အမှတ် ၁၂/၁၉၉၊ ဦးဝင်းစူလမ်း၊ တောင်ငူမြို့၊ ဖုန်း-၀၉-၅၃၅၀၄၇၄၊ ၀၅၄-၂၅၀၆၅**

## ဖြည့်စွက်ခေါ်ပါရန်

ဦးဇနယ်ခါရှိ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ YCW ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်အော်လီဗာအား မောင်ဂျွန်အော်လီဗာဟုဖြည့်စွက်ခေါ်ပါရန်။

**မောင်ဂျွန်အော်လီဗာ**

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း အဋ္ဌမတန်း(B)မှ နော်ဘလက်ဇင်နယူး၏ ဖခင်အမည်မှန်မှာ ဦးစောညှုတန် ၁၄/ဘကလ(နိုင်)၁၂၀၆၆၃ ဖြစ်ပါကြောင်း။ **ဦးစောညှုတန်**

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထကအိုးဘိုကုန်း အဋ္ဌမတန်း(B)မှ နော်အေးခူဖော၏ ဖခင်အမည်မှန်မှာ ဦးစောမောင်ရီမူး ၇/အတန(နိုင်)၀၆၅၀၄၃ ဖြစ်ပါကြောင်း။ **ဦးစောမောင်ရီမူး**

## ဖခင်အမည်မှန်

ပဲခူးမြို့ အထက(၆) တတိယတန်းမှ မတင်ဇာဝင်း၏ ဖခင်အမည်မှန်မှာဦးနိုင်မိုး(ခ)ဦးမိုးမင်းဦး ၇/ပခန(နိုင်)၂၇၃၀၂၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7981 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/4560 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

